ပြည်ထောင်စု မြန်မာ နိုင်ငံတော် သမ္မတကြီး
“အဂ္ဂမဟာသီရိသုဓမ္မ” ဒေါက်တာဦးဘဦး လက်ထက်
ပြည်ထောင်စုမြန်မာနိုင်ငံတော်၌
ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ဆင်နွှဲနေသည့်အချိန်

လက်ပံတန်းမြို့၊
“ သဒ္ဓမ္မဇောတိကဓဇအဘိဓမ္မာညဝါဘဏ္ဍာသိုလ် ”
ဆရာတော်ဘုရား
အထူးရေးသားထည့်သွင်း စီရင်တော်မူအပ်သော

# ပဋ္ဌာနသာရုပ်ဘာသာဋီ

## ပဋ္ဌာန်းဂဏ္ဍိကျမ်းကြီး၊
## တတိယတွဲ၊

---

တဆင့်ကူးယူရေးသားပုံနှိပ်ခွင့်မပြု။

လက်ပံတန်းမြို့၊
နဂရသီရိပိဋကတ်ပုံနှိပ်တိုက်။
၁၃၁၇-ခုနှစ်၊

ပြည်ထောင်စု မြန်မာ နိုင်ငံတော် သမ္ဗုဒ္ဓဘာကြီး
"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တော်ရ ဘဒ္ဒန္တ၊ ဦး လက်ထောက်
ပြည်ထောင်စု မြန်မာနိုင်ငံတော်၌
ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ဆင်နွှဲနေသည့်အချိန်
လက်ပံတန်းမြို့
"သဒ္ဓမ္မဒေသနာဘိဓမ္မာညာဏဂါထာ ဘသိုင်"
ဆရာတော်ဘုရား
အသုံးချေးသားတည်ထွင် စီရင်တော်မူအပ်သော

# ပဋ္ဌာနသာရုပိဘာဂဝဏ္ဍိ

## ပဋ္ဌာန်းဂဏ္ဍိကျမ်းကြီး၊
## တတိယတွဲ၊

တဆင့်ကူးယူရေးသားပုံနှိပ်သူ မပြုံး

လက်ပံတန်းမြို့
နဂရသိရိနိဗ္ဗာနကတော်ပုံနှိပ်တိုက်၊
၁၃၁၇-ခု၊၊




လက်ပံတန်းမြို့၊
ဓာတုကထာဝိဘာဝနီကျမ်းပြု
သဒ္ဓမ္မောဒယအဘိဓမ္မာညဝါတက္ကသိုလ်ဆရာတော်ဘုရားပုံ။

# ဆဋ္ဌသင်္ဂါယနာ မဟာဝိနိဒါန်း။

**ဆဋ္ဌသင်္ဂါယနာ မဟာနိဒါန်း။**

ပဋ္ဌာနသာရ ဝိဘာဝနီ အဘိဓမ္မာညဝါ ပဋ္ဌာန်း ဂဏ္ဌိ(တတိယတွဲ)ကျမ်းကြီး၏ နိဒါန်းကို၊ သာသနာတော်သက္ကရာဇ်(၂၄၉၉)ခု၊ ကောဇာသက္ကရာဇ်(၁၃၁၇)ခု၊ နတ်တော်လဆန်း(၂)ရက် သောကြာနေ့မှစ၍ ရန်ကုန်မြို့ကမ္ဘာအေးသိရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌၊ မြန်မာ, သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, လာအိုစ်, ဗီယက်နန် ဝေဒဝါဒတိုင်းနိုင်ငံများမှ သံဃာတော်(၅၀၀)ကျော်တို့က ဘုရားသျှင်၏ သဗ္ဗညုတဉာဏ်တော်ဘုက်စားရာ ပဋ္ဌာန်းအဘိဓမ္မာပါဠိတော်ကြီးကို ဆဋ္ဌသင်္ဂါယနာတင်တော်မူကြသည့်အချိန်တွင်၊ ၎င်းဆဋ္ဌသင်္ဂါယနာတင်ရာသိရိမင်္ဂလာကုန်းမြေဇမ္ဗူဒီပဘေကျောင်းဆောင် အလယ်ထပ်အခမ်းအမှတ်(၁၁)၌ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဟန်းပသာဒယျှိကြီး၊ ပညာယျှိကြီး အသီးသီးတို့ မြန်မာပြန်ဆိုတော်မူကြသော မဇ္ဈိမနိကာယ်မူလပဏ္ဏာသပါဠိတော် မြန်မာဘာသာပြန်ကျမ်းကြီးကို ထင်မိသုခ်သင် ပြင်ဆင်တည်းဖြတ် ခြင်း ပရိုဗိသောဒေနအမှုပြုနေဆဲအခါ၊ အထူးရေးသားပြုပြင်စီရင်အပ်လေသောကြောင့်“ဆဋ္ဌသင်္ဂါယနာမဟာနိဒါန်း”ဟု အမည်ပေးလိုက်ခြင်းဖြစ်ပေသည်။

**ဆဋ္ဌသင်္ဂါယနာ၏ အစ။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌၊ မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာ တင် ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် ဘုရားသျှင်သာသနာတော်ကြီး၏ အခြေမူလဖြစ်သော ပရိယတ္တိသာသနာ အဓွန့်ရှည်စွာတည်တံ့၍ သာသနာ့ရန်သူတို့ အလွယ်တကူ မဖျက်ဆီးနိုင်ကြစိမ့်သောငှါ၊ ပိဋကတ်သုံးပုံတို့ကို {ကျောက်စာရေး၍} ပဉ္စမသင်္ဂါယနာကျောက်ထက်အက္ခရာ တင်တော်မူခဲ့ပြီးသော်လည်း၊ မြန်မာပြည်ကို အင်္ဂလိပ်တို့ အနှစ်(၁၀၀)တရာတိုင်တိုင် လွှမ်းမိုးအုပ်ချုပ်မင်းလုပ်ကြစဉ်က၊ ဗုဒ္ဓဘာသာဝင် အများအပြားပင် ခရစ်ယာန်,မဟာမေဒင်အစရှိသောဘာသာတပါးသို့ ကူးပြောင်းသွားကြကုန်၍၊ သာသနာပြုမင်းနှင့်ကင်းကွာကာ၊ သံဃာရာဇာသာသနာပိုင်နှင့် စံနစ်တကျအုပ်ချုပ်မှုအားလုံးပျက်ပြား ဆုံးရှုံးသွားသည့်အပြင်၊ ကမ္ဘာ့စစ်မီး တိုက်စီးနှိပ်

စက်၍ စိတ်ဓါတ်ပျက်ပြား အထောက်အပံ့ ပါးရှားလာမှုကြောင့် မြို့ကြီးများ၌ယော်ယျအားဖြင့် ရဟန်းငယ်, ရှင်ငယ်အချို့တို့ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်ငယ်တို့ကို ချိုးဖောက်မှုဖြစ်ပေါ်လာသည်ကို မဟာဒဏ္ဍဝန်စသည်တို့က တားဆီးနိုင်စွမ်းမယှဉ်ဖြစ်ပြန်သဖြင့်၊ သာသနာတော်အလွန်ညှိုးငယ်နေစဉ်၊ ဗိုလ်ချုပ်အောင်ဆန်းအမှူးယှိသော မြန်မာ့အာဇာနည်သူရဲကောင်းမျိုးချစ်ပုဂ္ဂိုလ်တို့က မြန်မာပြည်ကို အင်္ဂလိပ်တို့လက်မှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့၍ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ်သို့ ရောက်ခဲ့ပြားသော်လည်း၊ တိုင်းတပါးမှမိစ္ဆာဝါဒများ ဝင်ရောက်လွှမ်းမိုးလာပြန်သဖြင့်၊ဗုဒ္ဓဘာသာမြန်မာ ရဟန်းရှင်လူ သူတော်ကောင်းတို့ ကောင်းစွာထိမ်းသိမ်း စောင့်ရှောက်လာခဲ့ကြသဖြင့်၊ ကြွင်းကျန်နေသေးသော ဗုဒ္ဓသာသနာတော်ကြီးကို အကြွင်းမဲ့ဖျက်ဆီးတော့မည့် ကြီးမားကြောက်မက်ဖွယ်ရာ သာသနာ့ဘေးအန္တရာယ်ကြီးသည် မြန်မာလူငယ်စသည့်တို့အပေါ်သို့ ကျရောက် ကူးစက် လာပြန်သောကြောင့်၊ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့က သာသနာရေးဌာနသီးသန့်ဖွင့်လှစ်ကာ၊ သာသနာရေးဝန်ကြီး ဦးဝင်း ( ယခုအမေရိကန်သံအမတ်ကြီး)ကို စီမံအုပ်ချုပ်စေ၍၊ သာသနာတော်ကို အားပေးချီးမြှောက်လာကြသည့်အပြင်၊ သာသနာတော်အကျိုးကို အထူးသိလားတောင့်တကြကုန်သော "**သတိုးသီရိသုဓမ္မ**" ဆာဦးသွင်၊ တရားဝန်ကြီးချုပ် "**သတိုးသီရိသုဓမ္မ, အဂ္ဂမဟာသရေစည်သူ**" ဦးသိမ်းမောင် တရားဝန်ကြီး "**သတိုးမဟာသရေစည်သူ**" ဦးချန်ထွန်းအစယှိသောလူပညာယှိပုဂ္ဂိုလ်ကြီးများကလည်း၊ သာသနာတော်ကွယ်ပျောက်တော့မည့် ဘေးအန္တရာယ်ကြီးကိုအမျှိန်မှိ ဟန့်တားကာကွယ်ရန် အကြံဖြစ်ပေါ်လာကြသည့်အတိုင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ သီတင်းသုံးနေထိုင်တော်မူကြကုန်သော၊ သုဓမ္မာ,ရွှေကျင်, ဒွါရဂိုဏ်းပေါင်းစုံ ကျမ်းတတ်အကျော်အမော် ဆရာတော်ဘုရားကြီးအသီးသီးတို့နှင့် တိုင်ပင်ညှိနှိုင်းကာ ဆဋ္ဌသင်္ဂါယနာတင်ရန် စိုင်းပြင်းကြလေသည်၊ထိုအချိန်အခါမှစ၍ဆဋ္ဌသင်္ဂါယနာစတင်ပေါ်ပေါက်လာခဲ့ပေသည်။

**ဗုဒ္ဓသာသနာ့အဖွဲ့ချုပ်ကြီး**

ယင်းသို့ စိုင်းပြင်း တိုင်ပင် ညှိနှိုင်း ကြကုန်၍၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ အားပေးထောက်ခံချက်အရ၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့

ချုပ်ကြီးကို၊ "**သတိုးသီရိသုဓမ္မ**" ဆာဦးသွင်-ပဌမဥက္ကဋ္ဌ၊တရားဝန်ကြီးချုပ် "**သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ**" ဦးသိမ်းမောင်-ဒုတိယဥက္ကဋ္ဌ၊တရားဝန်ကြီး "**သတိုးမဟာ သရေစည်သူ**" ဦးချန်ထွန်း-အကျိုးဆောင်စသည်တို့ စီစဉ်ကြီးမှူးတည်ထောင်လျက်၊ အလွန်ကြီးမားတင့်တယ်၍ မြန်မာ့ရာဇဝင်၌ မကြုံစဖူး အထူးကြီးကျယ်သော သိရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကို ဗဟိုပြုကာ၊ ဆဋ္ဌသင်္ဂါယနာတင်ရန် မဟာပါသာဏလိုဏ်ဂူတော်ကြီး၊သံဃာတော်များ သီတင်းသုံးတော်မူရန်ဓမ္မဒီပ ကျောင်းဆောင်၊ ပုဗ္ဗဝိဒေဟ ကျောင်းဆောင်၊ ဥတ္တရကုရုကျောင်းဆောင်၊ အပရဂေါယာန ကျောင်းဆောင်၊ ဘုံသုံးဆင့်အခန်းကြီးငယ်ပေါင်း မြောက်မြားစွာပါရှိသော အဋ္ဌတိုက်ကျောင်းဆောင်တော်ကြီးစသည့် သာသနာ့ အဆောက်အဦကြီးများကိုငွေသိန်းပေါင်းသုံးရာကျော်အကုန်အကျခံကာ တည်ဆောက်ကြကုန်၍၊သိရိမင်္ဂလာကမင်းတရား၏ ပုံတူကို နှလုံးမူကာ ပစ္စည်းလေးပါးတို့ကို လိုသလောက်ပြည့်စုံအောင်ထောက်ပံ့ကြလေသည်။

**သံဃာဝန်ဆောင် အဖွဲ့ကြီး** ဂိုဏ်းပေါင်းစုံ သံဃာတော်တို့ကလည်း၊ အရှင်မဟာကဿပ အစရှိသော သင်္ဂါယနာ၌ မဟာထေရ်တို့၏ ပုံတူကို နှလုံးမူကာ၊ သံဃာဝန်ဆောင်အဖွဲ့ကြီးကိုမန္တလေးမြို့မိုးယင်းကျောင်းတိုက် "**အဘိဓဇမဟာရဋ္ဌဂုရု**" ညောင်ရမ်းဆရာတော်ဘုရားကြီး ဥက္ကဋ္ဌ၊ရန်ကုန်ဗားကရာတောရဆရာတော် အသျှင်နာဂဝံသ ပဌမအကျိုးဆောင်၊ မန္တလေး ဝိဇ္ဇာလက်ခံ ဆရာတော်အသျှင် ဝိသုဒ္ဓ ဒုတိယအကျိုးဆောင် အစရှိသော ထင်ပေါ်ကျော်ကြားသည့် ဘာသန္တရဆော, ဂန္ထန္တရ ဗဟုဿုတ ဆရာတော်ကြီးများ ဦးစီးကာ တည်ထောင် ဖွဲ့စည်းတော်မူခဲ့ကြလေသည်။

**ဆဋ္ဌသင်္ဂါယနာ တင်ခြင်း** ယင်းသို့ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ချုပ်ကြီးမှ ပဋ္ဌယာနုဂ္ဂဟအမှု လုံလောက်စွာပြုချက်အရ၊ သံဃာ ဝန်ဆောင်အဖွဲ့ကြီးကကြီးမှူးကာ မြန်မာ, သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား, လာအို(စ်)စီယက်နန် အစရှိသော ထေရဝါဒ တိုင်းနိုင်ငံများမှ

သံဃာရာဇာသာသနာပိုင် အမည်ရှိသော ကျမ်းတတ် အကျော်အမော် သံဃာတော်(၂၀၀၀)နှစ်ထောင်ကျော်တို့ကို ပင့်ဆောင်ကာဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို ကမ္ဘာကျော်အောင် ဆင်နွှဲတော်မူခဲ့ကြလေသည်၊

**ပုဂ္ဂိုလ်ကျော်များ ပေါ်ထွက်လာခြင်း** ယင်းသို့ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးဆင်နွှဲနေသည့် အချိန်နှင့် မရေး မနှောင်းကာလ၌ ပိဋကတ်သုံးပုံ အာဂုမ်ဆောင် **"အသျှင်ဇိနဝံသ"** အမည်ရှိသော အာဇာနည်ပုဂ္ဂိုလ်ကျော်များ၊ ဗဟုဿုတ သမုတ်အပ်ကုန်သော **"ဓေဘူးဆရာတော်"** အမည်ရှိသော ပုဂ္ဂိုလ်ထူးများ ထင်ရှားပေါ်ပေါက်လာကြလေသည်၊

**ယိုးဒယား ဒုတိယ သာသနာပိုင်နှင့် ယိုးဒယား နန်းရင်းဝန်ကြီး** ယင်းသို့ ပိဋကတ်သုံးပုံ ပါဠိတော်များကို ဆဋ္ဌသင်္ဂါယနာ တင်တော်မူကြ၍ စတုတ္ထ အကြိမ် မြောက် ရောက်လတ်သောအခါ၊ ယိုးဒယားနိုင်ငံတော်မှ ဒုတိယသာသနာပိုင်၊ ဝပ် ပဋ္ဌမသံဃနာယက ဆရာတော်ဘုရားကြီးနှင့် ယိုးဒယားနန်းရင်းဝန်ကြီး **"ဖီးလ်မာရှယ်ဗီဗိဘူနိစွန်ဂရမ်"** တို့သည် ထုံးခြံသော အဓိပ္ပါယ်ကို ဆောင်သည့် ဘုရားသျှင် ရုပ်ပွားမတ်ရပ်တော်တဆူကို ပင့်ဆောင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ယိုဒယားအစိုးရပိုင် လေယာဉ်ဖြင့်ကြွရောက်လာကြသောအခါနှစ်သိန်းကျော်ယှိမြန်မာလူထုကြီးက ခမ်းနားကြီးကျယ်စွာ သောင်းသောင်းဖျဖျ ကြိုဆိုကြလေသည်၊

**ဆဋ္ဌသင်္ဂါယနာ စတုတ္ထသျှာမ သန္နိပါတ** ထိုဆဋ္ဌသင်္ဂါယနာ စတုတ္ထ မဟာခမ္မ သဘင်ကြီးကို ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီး **"အဂ္ဂသီရိသုဓမ္မ"** ဒေါက်တာ ဦးဘဦးက "သျှာမသန္နိပါတ"ဟု တွင်စေခြင်း အမိန့်တော်ပြန်ပြီးလျှင်၊ ယိုးဒယားနန်းရင်းဝန်ကြီး **"ဖီးလ်မာရှယ်ဗီဗိဘူနိစွန်ဂရမ်"** က အခမ်းအနားဖြင့် ဖွင့်လှစ်လိုက်သောအခါ ခရုသင်းသံ,စည်ကြီးသံ,ကောင်းချီးသာရခေါ်သံတို့သည် နဘံတုန်ဟီး, ကြက်သီးထခမန်း, ရှင်လန်းကြီးကျယ်စွာ ပေါ်ထွက်လာချိန်၊ ယိုးဒယား ဒုတိယသာသနာပိုင် ဝပ် ပဋ္ဌမ သံဃနာယက ဆရာတော်ဘုရားကြီးက ဆဋ္ဌသင်္ဂါယနာ စတုတ္ထသျှာမ သန္နိပါတ၏ **ပဓာနနာယကကြီးအဖြစ်ဖြင့် ဆောင်ရွက်တော်မူလေသည်၊**

**ပဋ္ဌာန်းပါဠိတော်ကို သင်္ဂါယနာတင်ခြင်း**

ထိုဆဋ္ဌသင်္ဂါယနာ၁၀တုဖွာသျှာမသန္နိပါတ၌ ဘုရားသျှင်၏ သဗ္ဗညုတဉာဏ်တော်ဘုက်စားရာ မဟာသမုဒ္ဒရာပမာနှိုင်းဆွယ်၊ နက်ကျယ်လှ၍၊ အတိဂမ္ဘီရတရဖြစ်သည့်ပဋ္ဌာန်း အဘိဓမ္မာပါဠိတော်ကြီးကို ထူးခြား စွာ သင်္ဂါယနာတင်တော်မူကြလေသည်။

**ပဋ္ဌာန်းအရကောက်**

ထိုပဋ္ဌာန်းပါဠိတော်ကြီးကို ‘‘**တိပိဋကာလင်္ကာရ သီရိမဟာဓမ္မဇောတိကဓဇ၊ နန္ဒမေဓာဘိ သီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု**’’ ဘွဲ့တံဆိပ်တော်နှစ်ခုကို ခံယူရယူတော်မူသော ထန်းတပင် ဆရာတော်ဘုရားကြီးသည် မြန်မာဘာသာပြန်နိသျှကိုရေးသားပြုပြင်စီရင်တော်မူခဲ့ရာ ထိုပဋ္ဌာန်းပါဠိတော်နိသျှသည်၊ ယခုအခါ ‘‘**ပဋ္ဌာန်းအရကောက်ကျမ်း**’’ဟူသောအမည်ဖြင့်ထင်ရှား၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်တဝှမ်းလုံး၌ ပဋ္ဌာန်းအဘိဓမ္မာ ညဝါအဖြစ်ဖြင့် သင်ကြားသို့ချရသည့်အပြင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရပါဠိပဋ္ဌမပြန် စာမေးပွဲ ပဋ္ဌမကြီး ကျောင်းတန်းတို့၌ဘာသာတရပ်အနေဖြင့် ပြဋ္ဌာန်းထားရှိလေသည်။

**ပဋ္ဌာန်းအဘိုးကောက်**

ထိုပဋ္ဌာန်း အရကောက်ကျမ်းကြီးသည် အလွန်တရာခက်ခဲ နက်နဲလှလေရကား ပဋ္ဌာန်းညဝါအတွက် အချို့အပို့ အသင်၊အကြား ခက်ခဲနေကြသောသံဃာတော်အသျှင်တို့အား အဘိုးနည်းဖြင့် ပဋ္ဌာန်းအရကောက်အရာ လိမ်မာကျွမ်းကျင်မိန့်သောငှာ၊ (အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးသည်နောက်၊ ထပ်မံ တင်မြှောက်အပ်သော) သံဃဝန်ဆောင်အဖွဲ့ကြီး၏ ဥက္ကဋ္ဌ မန္တလေးမြို့ ‘‘**အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု**’’ မစိုးရိမ်ဆရာတော်ဘုရားကြီး၏ နယူပဒေသကိုအခြေပြုကာ မစိုးရိမ်သညဝါ အဖွဲ့မှ ‘‘ပဋ္ဌာန်းအဘိုးကောက်ဖြတ်လမ်းအရကောက်နည်းပြကျမ်း’’ ကို ကြိုးပမ်း တည်ထွင် စီရင်တော်မူခဲ့ကြလေသည်။

**ပဋ္ဌာန်းဂဏ္ဌိကျမ်း မပေါ်ခြင်း**

ရှေးရှေး သာသနာပြု မြန်မာ ဘုရင် ဧကရာဇ်တို့ ဘုန်းမီး နေလ၊ တောက်ပတော်မူကြစဉ် အခါက၊ သာသနာတော်ကို အထူး အားပေးကာ၊ ကျမ်းပြု ဆရာတော်များအား အထူးမြှောက်စား ချီးပင့်တော်မူချက်အရ၊ ကျမ်းပြု

အကျော်အမော် ဆရာတော်ဘုရားကြီး အသီးသီး ထင်ရှားပေါ်ထွန်းကာ၊ နောင်လာ, နောက်သား ကျမ်းပြုဆရာများ ရေးသားစရာ မရှိလောက်အောင်၊ လောကီ လောကုတ္တရာ အဖြာဖြာသော ကျမ်းဂန်တို့ကို ရေးသားပြုပြင်စီရင်တော်မူခဲ့ကြသော်လည်း၊ ပဋ္ဌာန်းအရကောက်ကျမ်းကြီး၏ အဖွင့်ဂဏ္ဌိကျမ်းကိုမူ မည်သည့်ကျမ်းပြုဆရာတော်ကမျှ ရေးသားစီရင်တော်မူခဲ့ဘူးဟန်မရှိသောကြောင့်၊ မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်း တရားကြီး လက်ထက်တော်က၊ ပိဋကတ်တော်အုပ် ရိုင်းခိုင်မြို့စား မဟာသေနာပတိ အတွင်းဝန်မင်းကြီး "မဟာသိရီဇေယျသူ" ဦးခန့် ရေးသားစီရင်အပ်သော "ပိဋကတ်သုံးပုံစာတမ်း"၌ ပဋ္ဌာန်းဂဏ္ဌိကျမ်း မပါ ကြွင်းကျန်နေခဲ့ဟန် ရှိပေသည်၊

**ဤသို့ဖြစ်ရခြင်း** ထိုသို့ဖြစ်ရခြင်းမှာ၊ ပဋ္ဌာန်းဂဏ္ဌိကျမ်းကို ကြိုးပမ်းတည့်ထွင်စီရင်နိုင်စွမ်းရှိသောဆရာတော်ကြီးများ ထင်ရှားမရှိသောကြောင့်မဟုတ်၊ သဗ္ဗညုတ ဘုရားရှင် ကိုယ်တော်တိုင် သာသနာတော် သက္ကရာဇ် (၂၁၈) ခုနှစ် မြောက် ရောက်လတ်သောအခါ၊ သီရိဓမ္မာသောကမင်းတရားကြီးလက်ထက် တတိယ သင်္ဂါယနာတင်ပွဲကြီး ဆင်နွှဲနေသည့်အခိုက်၌ အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ် စီရင်တော်မူလတ္တံ့သည်ကို မြင်တော်မူ၍ ကထာဝတ္ထုကျမ်းကို မာတိကာလောက်သာထား၍ အပြည့်အစုံ ဟောကြားတော်မမူပဲ ချုပ်ချန် ထားတော်မူခဲ့သည့် ပုံထုံးကို နှလုံး ထားတော်မူကြ၍၊ "ကျမ်းဂန်ပိဋကတ်၊ အစဉ်ဘတ်၊ နဂတ်အတောင်မြင်" ဟူသောကဗိလင်္ကာသင်ပုံကျမ်းလာစကားအရ၊ ရှေးရှေးကမ်းဘတ် အကျော် အမော် ဆရာတော် ဘုရားကြီးများသည်၊ ပဋ္ဌာန်းအဘိဓမ္မာအရာ ပါရဂူရောက် တင်မြောက်တော်မူကြပြီးသော်လည်း၊ နောက်နှောင်းကာလ သာသနာတော် တဝက်လဲရန် တနှစ်မျှသာလိုသောအခါ၊ နိုင်ငံတော် သမတကြီး "အဂ္ဂမဟာသိရိသုဓမ္မ" ဒေါက်တာဦးဘဦးနှင့်ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာကို ကမ္ဘာတဝှမ်းလုံးက ချစ်ကြည်လေးစားလာအောင် ဆောင်ရွက်နိုင်သည့်၊ ပဋိဘာန် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော 'ဝန်ကြီးချုပ်ဦးနု'တို့လက်ထက်၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး

ဆင်နွှဲနေသည့်အချိန် "ပဋ္ဌာနသာရဒီပနီ" အမည်တင့်ဆန်း "အဘိဓမ္မာညဝါပဋ္ဌာန်းဂဏ္ဌိကျမ်း" ပေါ်ပေါက်လာလိမ့်မည်ဟုအတည့်ပြော ဖြင့်ဆင်ခြင်တော်မူခဲ့သည့်အလား၊ ပဋ္ဌာနသာရဒီပနီဆရာကို ငဲ့ညှာ ထောက်ထားလျက် ရေးသားစီရင်မှုပြုတော်မမူခဲ့ကြသောကြောင့်၊ ရှေး ရှေးမြန်မာဘုရင်တို့လက်ထက်တော်က ပဋ္ဌာန်းအရကောက် ကျမ်းကြီး ၏ အဖွင့်အဘိဓမ္မာညဝါပဋ္ဌာန်းဂဏ္ဌိကျမ်း မပေါ်ပေါက်ခဲ့ခြင်း ဖြစ်ဟန် တူလေသည်၊

**တာဝန်မခံခြင်း**

ယင်းသို့ဘသက်လျှင်တခါ လွန်ခွာကြုံတောင်းကြုံခဲ လှသော ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်ကြီးနှင့်ကံ ကောင်းထောက်မ၍ ကြုံကြိုက်ရသောအချိန်၌ ထိုဆဋ္ဌသင်္ဂါယနာမဟာ ဓမ္မသဘင်ကြီးကို ဂုဏ်ပြုသောအားဖြင့်၊ ဆဋ္ဌသင်္ဂါယနာတင်ရဋ္ဌာနဥက္က ဟေဘူမိ သိဒ္ဓိမင်္ဂလာ ကုန်းမြေပေါ်၌ပင်လျှင်၊ ဤနံပါတ်(၁၀၀၀)ကျော် ရှိ "ပဋ္ဌာနသာရဒီပနီ" အမည်တင့်ဆန်းအဘိဓမ္မာညဝါပဋ္ဌာန်းဂဏ္ဌိ ကျမ်းကိုပြီးဆုံးအောင်မြင်သည့်တိုင်အောင်ကြိုးပမ်းတည့်ထွင် စီရင်အပ် ပါသော်လည်း၊ ထိုနံပါတ်(၁၀၀၀)ကျော်ရှိ "ပဋ္ဌာနသာရဒီပနီ" အ မည်တင့်ဆန်းအဘိဓမ္မာညဝါပဋ္ဌာန်းဂဏ္ဌိကျမ်းမှဖြင့်ဘုရားသျှင်သဗ္ဗညု တဉာဏ်တော်၏ကျက်စားရာ မဟာသမုဒ္ဒရာပမာနှိုင်း ဆွဲယ်နက်ကျယ် လှ၍ အတိဂမ္ဘီရတရ ပဋ္ဌာန်းအဘိဓမ္မာ ပါဠိတော်ကြီးကို ပါဠိရှုရောက် တတ်မြောက်ကျွမ်းကျင်လိမ့်မည်ဟု တာဝန်မခံပါ။ သင့်တော်ရုံမျှ လေ့ လာကျက်စား သွားလာနိုင်ဘွယ် အနည်းငယ်အထောက်အပံ့လောက် မျှ ပေးစွမ်းနိုင်စရာရှိပါလိမ့်မည်၊

**အကျိုးမျှသာ ဖြစ်ခြင်း**

ထိုနံပါတ်(၁၀၀၀)ကျော်ရှိ "ပဋ္ဌာနသာရဒီပနီ" အဘိဓမ္မာ ညဝါပဋ္ဌာန်းဂဏ္ဌိကျမ်း၌မှာ အကျယ်တည့် ထွင် စီရင်ရေးသားအပ်သော ကျမ်းမဟုတ်သေးပါ၊ အကျဉ်းမျှသာ၊ ပညာပါရမီဖြည့်ရန်ရည်၍၊ ဉာဏ်ဒိဋ္ဌိသမျှ ရေးသားစီရင် အပ်လေသောကြောင့်၊ ထိုကျမ်းဖြင့်ပဋ္ဌာန်းအဘိဓမ္မာပါဠိတော်လာဂဏ္ဌိ ပဗ္ဗဟူသမျှကိုပြည့်ဝစွာရေးသားပါသည်ဟုမဆိုသာပါ၊

**တာဝန်ခံချက် မပြည့်စုံခြင်း**

ထို ပဋ္ဌာနသာရဒီဘာဝနီ အဘိဓမ္မာ့ညဝါပဋ္ဌာန်းဂဏ္ဍီ(ဘာသီသတွဲ)ကျမ်းကို ရေးသားပုံနှိပ်ချိန်၌၊ ပုံနှိပ်စက္ကူဈေးမှာ (၄-၅)ဆခန့် အဆမတန်ကြီးမားနေသည့်အပြင်၊ နံပါတ်(၃၀၀)ကျော်လောက်သာ ခန့်မှန်းပါလျက်၊ ယခု နံပါတ်(၅၀၀)နီးပါးခန့်ဖြစ်သွားသောကြောင့်၊ တတိယတွဲ၌အကျယ် ရေးသားပါမည်ဟု တာဝန်ခံခဲ့သောအဆုံးအဖြတ် စသည်များကို ထည့်သွင်းရေးသားခွင့်မရပဲ၊ လိုရင်းမျှကိုသာချုံးနိုင်သမျှ အကျဉ်းချုံး၍ သင့်တော်ရုံရေးသားကာ ကျမ်းကိုအပြီးသတ်လိုက်ရပါတော့သည်၊

**ပဋ္ဌာနသာရ အနုဒီဘာဝနီ**

ထိုကြွင်းကျန်နေသောပဋ္ဌာန်းဝိနိစ္ဆယ စသည်များကို၊ နောင်အကြောင်းညီညွတ်၍ စီရင်ရေးသားခွင့်ရပါမူ "ပဋ္ဌာနသာရအနုဒီဘာဝနီ"အမည်ဖြင့် စီရင်ရေးသားလျက်၊ စာချ စာသင် စာပြန်ပွဲဝင်သံဃာတော်အသျှင်တို့၏ ပညာပါရမီကိုကျေညီဖြည့်ပါဦးမည်။

**အထူးတောင်းပန်ချက်**

ယင်းသို့ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌၊ စာချ စာသင် စာပြန်ပွဲဝင် သံဃာတော်အသျှင်တို့၏ ပညာပါရမီကို ကျေညီ ဖြည့်သောအားဖြင့်၊ ထို "ပဋ္ဌာနသာရဒီဘာဝနီ အဘိဓမ္မာ့ညဝါပဋ္ဌာန်းဂဏ္ဍီကျမ်း" ကို ပြီးဆုံးအောင်မြင်သည့်အထိ စီရင်ရေးသားနိုင်ခဲ့ပါသော်လည်း၊ ထိုအချိန်က ဆဋ္ဌသင်္ဂါယနာဌာနမှ ယုံကြည်စွာ တာဝန်ပေးအပ်သော "ပဋ္ဌာန်းအဘိဓမ္မာပါဠိတော်"ကြီးကို၊ နောက်ဆုံးသုတ်သင် ပြင်ဆင်တည်းဖြတ်ခြင်း "ဩသာနသောဓေယျ" အမှုပြုရခြင်း 'ပဋ္ဌာနသာရဒီဘာဝနီကျမ်း' စက်တင်ပုံနှိပ်၍ မပြီးသေးမီပင် "ဆဋ္ဌသင်္ဂါယနာစတုတ္ထသန္နိပါတ"သို့ တက်ရောက်၍ "မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် မြန်မာဘာသာပြန်ကျမ်းကြီး"ကို၊ ထပ်မံသုတ်သင် ပြင်ဆင်တည်းဖြတ်ကာ "ပဋိဝိသောဓန" အမှုပြုနေရခြင်း အစရှိသော သာသနကိစ္စကြီးများကြောင့် ထို"ပဋ္ဌာနသာရဒီဘာဝနီကျမ်း" ကို စက်တင်ပုံနှိပ်ရာ၌ စိတ်ကြေနပ်လောက်အောင် ရေးသားပြုပြင် စီရင်တည်းဖြတ်ခွင့်မရသဖြင့်၊ အပရိသုဒ္ဓ ပမာဒလေခပေါင်း မြောက်မြားစွာ ပါရှိလိမ့်မည်မှာ ယုံမှားဖွယ်မရှိပါ၊ထိုအပရိသုဒ္ဓ ပမာဒလေခပေါင်း မြောက်မြားစွာတို့ကို ပဋ္ဌာနသာရ

ပိဋကဝိနိဆရာအား ငုံ့ညွှာထောက်ထား အစဉ်သနားသဖြင့်၊ ထင်ရှားသောဆရာတော်တို့ထံ၊ နည်းနာခံ၍ အမှန်ဖြစ်အောင် ပြင်ဆင်မှတ်ယူတော်မူကြပါမည့်အကြောင်း တောင်းပန်လျှောက်ထားခြင်းဖြင့်“ ဆဋ္ဌသင်္ဂါယနာမဟာဝိနိဒါန်း”ကို၊ တခဏ်းရေပ်လိုက် ရေပါတော့သတည်း၊

ဒေကျွယုံခေဝိတံခေတ္တ၊
သောဒေတွေတံယာသာဘာသံ။
ဂဇော့ယျုံအပ္ပမာဒေန၊
ကေနပ္ပဏ္ဍိသာသုဘာနို။

| | |
|---|---|
| ဇမ္ဗူဒိပကျောင်းဆောင်။ | သိရိပိဋကဒွာဏမဟာထေရော။ |
| အလယ်ထပ်၊ အခန်းအမှတ်(၁၁) | ဆတ္တိံသဝ သံဃိကော၊ |
| သီရိမင်္ဂလာကုန်းမြေ၊ကမ္ဘာအေး။ | (၁၃၁၇-ခု၊နတ်တော်လ) |

---

# ပဉ္စာနုသာရပိဋကဝိနိ တတိယတွဲ။


| ဦးရေ၊ | မာတိကာ အကျဉ်း၊ | နံပါတ်၊ |
|---|---|---|
| (၁) | ပဋိက္ခဝါရတိကပဉ္စာနန်းပုစ္ဆာဝါရဆိုရိုးအမိပ္ပါယ်၊ | ၁ |
| (၂) | ပဋိက္ခဝါရတိကပဉ္စာနန်းဝိဿဇ္ဇနာဝါရဆိုရိုးအမိပ္ပါယ်၊ | ၁၂ |
| (၃) | သဟာဇာတဝါရဆိုရိုးအမိပ္ပါယ်၊ | ၂၅၅ |
| (၄) | ပစ္စယဝါရဆိုရိုးအမိပ္ပါယ် | ၂၅၇ |
| (၅) | နိဿယဝါရဆိုရိုး၊ | ၂၆၀ |
| (၆) | သံသဋ္ဌဝါရဆိုရိုး၊ | ၂၆၀ |
| (၇) | ပဉ္စာပါရဆိုရိုးအမိပ္ပါယ်၊ | ၂၇၂ |


( **တောင်းပန်ချက်၊** ၊ပဋ္ဌာနသာရဝိဘာဝနီတတိယတွဲမှာ၊ နံပါတ် (၃၀၀) ကျော်ခန့်မှန်းပါလျက်၊ ယခုနံပါတ်(၅၁၀)နီးပါးခန့် ယှဉ်သွားသောကြောင့်၊ မာတိကာ အကျယ်ကိုထည့်သွင်းခွင့်မရပဲ၊ အကျဉ်းမျှသာ ထည့်သွင်းလိုက်ရခြင်းဖြစ်ရာ၊ အကျယ်ကို စာချ,စာသင်,စာပြန်ပွဲးဝင်အသျှင်တို့၊ ကိုယ်တော်ဘိုင် လေ့လာကြည့်ရှု၊ သိမှတ်မှုကိုပြုတော်မူကြရန်၊အထူးတောင်းပန်အပ်ပါကြောင်း။ )



# ပဋ္ဌာနသာရဝိဘာဝနီ

ပဋ္ဌာန်းဂဏ္ဍိကျမ်းကြီး
တဘ်သတွဲး။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

---

## ပဋိစ္စဝါရအင်္ဂပဋ္ဌာန်းပုစ္ဆာဝါရဆိုင်ရာ။

(၁) နိဒ္ဒေသကိုဟောတော်မူသည်၏အခြားမဲ့၌၊ပုစ္ဆာဝါရကိုဟောတော်မူ၏။ထိုပုစ္ဆာဝါရ၌တုံသော်လည်း၊ဓမ္မအနုလုံ,ဓမ္မပစ္စနိက်,ဓမ္မအနုလောမပစ္စနိက်,ဓမ္မပစ္စနီယာနုလောမအားဖြင့်လေးပါးအပြားဟို၏၊ ထိုတွင် ဓမ္မအနုလုံကိုရှေးဦးစွာဟောတော်မူ၏။

---

## ပုစ္ဆာဝါရခေါ်ခြင်းအကြောင်း။

(မေး) အဘယ့်ကြောင့် ပုစ္ဆာဝါရဟုခေါ်ပါသနည်း၊

(ဖြေ) ကုသိုလ်စသောတရားတို့ကိုစွဲ၍၊ဟေတုပစ္စည်းစသည်တို့၏အစွမ်းအားဖြင့်၊ ကုသိုလ်စသောတရားတို့၏ ဖြစ်ပုံကိုမေးအပ်သောဝါရဖြစ်သောကြောင့် ပုစ္ဆာဝါရဟုခေါ်ပါသည်၊

ကုသလာဒယော ပဋိစ္စ ဟေတုပစ္စယာဒိဝသေန ကုသလာဒီနံ ဥပ္ပတ္တိယာ
ပုစ္ဆိတတ္တာ ပုစ္ဆာဝါရော၊
ပဋ္ဌာန်းအဋ္ဌကထာ (၃၃-ဂ-၄)

ကုသလာဒယော၊ကုသိုလ်စသောတရားတို့ကို၊ပဋိစ္စ၊စွဲ၍၊ ဟေတုပစ္စ

ထိုဓမ္မအနုလုံ၌တိုသော်လည်း၊ တိကပဋ္ဌာန်း,ဒုကပဋ္ဌာန်း, ဒုကတိကပဋ္ဌာန်း,တိကဒုကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုကဒုကပဋ္ဌာန်းအားဖြင့် ခြောက်ပါးအပြားယှိ၏၊ထိုခြောက်ပါးတို့တွင်၊ တိကပဋ္ဌာန်းကိုရှေးဦးစွာဟောတော်မူ၏၊

ထိုတိကပဋ္ဌာန်း၌တိုသော်လည်း၊ ကုသလတိက်, ဝေဒနာတိက်အစ ယှိသောအားဖြင့် နှစ်ဆဲ့နှစ်ပါး အပြားယှိ၏။ ထိုနှစ်ဆဲ့နှစ်ပါးတို့တွင် ကုသလတိက်ကိုရှေးဦးစွာဟောတော်မူ၏။

---

ယာဒိသေန၊ဟေတုပစ္စည်းစသည်တို့၏ အစွမ်းအားဖြင့်။ ကုသလာဒိနံ၊ ကုသိုလ်စသောတရားတို့၏၊ ဥပ္ပတ္တိယာ၊ ဖြစ်ပုံကို။ပုစ္ဆိတတ္တာ၊မေးအပ်သည်၏ အဖြစ်ကြောင့်။ပုစ္ဆာဝါရော၊ပုစ္ဆာဝါရမည်၏၊

---

## ပဏ္ဏတ္တိဝါရမည်ခြင်းအကြောင်း။

(မေး) အဘယ်ဝါရကိုပဏ္ဏတ္တိဝါရဟုခေါ်ပါသနည်း။

(ဖြေ) ပုစ္ဆာဝါရကိုပင်လျှင် ပဏ္ဏတ္တိဝါရဟုခေါ်ပါသည်၊

ပဏ္ဏတ္တိဝါရောတိပိ တသောဝ နာမံ၊
ပဋ္ဌာန်းအဋ္ဌကထာ(၃၃၈-၄)

ပဏ္ဏတ္တိဝါရောတိပိ၊ ပဏ္ဏတ္တိဝါရဟူသော အမည်သည်လည်း။ တသောဝ၊ထိုပုစ္ဆာဝါရ၏သာလျှင်။နာမံ၊အမည်တည်း၊

(မေး) အဘယ့်ကြောင့် ပဏ္ဏတ္တိဝါရဟုခေါ်ပါသနည်း။

(ဖြေ) ကုသိုလ်စသောတရားတို့ကိုစွဲ၍ ဟေတုပစ္စည်း စသည်တို့၏ အစွမ်းအားဖြင့်၊ကုသိုလ်စသောတရားတို့၏ဖြစ်ပုံကိုပညတ်အပ်သော ကြောင့် ပဏ္ဏတ္တိဝါရဟုခေါ်ပါသည်။

ကုသလာဒယောပဋိစ္စဟေတုပစ္စယာဒိဝသေနကုသလာဒီနံဥပ္ပတ္တိယာ ပညတ္တတ္တာပဏ္ဏတ္တိဝါရောတိဝုတ္တော၊
ပဋ္ဌာန်းအဋ္ဌကထာ(၃၃၈-၆)

ကုသလာဒယော၊ကုသိုလ်စသောတရားတို့ကို။ ပဋိစ္စ၊စွဲ၍။ ဟေတုပစ္စယာဒိဝသေန၊ဟေတုပစ္စည်းစသည်တို့၏ အစွမ်းအားဖြင့်။ ကုသလာဒီနံ၊ကုသိုလ်စသောတရားတို့ကို၊ပညတ္တတ္တာ၊ပညတ်အပ်သည်၏အဖြစ်

(၂) ထိုကုသလတိက်၌တုံသော်လည်း၊ ပဋိစ္စဝါရ,သဟဇာတဝါရ, ပစ္စယဝါရ, နိဿယဝါရ,သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရ,ပဉှာဝါရအားဖြင့် ခုနစ်ပါးအပြားရှိ၏၊ ထိုခုနစ်ပါးတို့တွင် ပဋိစ္စဝါရကိုရှေးဦးစွာဟောတော်မူ၏။

ထိုပဋိစ္စဝါရ၌တုံသော်လည်း၊ ပစ္စည်းအနုလုံ,ပစ္စည်းပစ္စနိက်,ပစ္စည်းအနုလောမပစ္စနိက်, ပစ္စည်းပစ္စနီယာနုလောမအားဖြင့် လေးပါးအပြားရှိ၏။ထိုလေးပါးတို့တွင် ပစ္စည်းအနုလုံကိုရှေးဦးစွာဟောတော်မူ၏။

ထိုပစ္စည်းအနုလုံ၌တုံသော်လည်း၊သုဒ္ဓ,ဧကမူလာဒိအားဖြင့် နှစ်ပါးအပြားရှိ၏၊ထိုတွင် သုဒ္ဓကိုရှေးဦးစွာဟောတော်မူ၏၊ထိုသုဒ္ဓ၌တုံသော်လည်း၊ဟေတုပစ္စည်း၏သုဒ္ဓ,အာရမ္မဏပစ္စည်း၏သုဒ္ဓ အစရှိသောအားဖြင့်(၂၄)ပါးအပြားရှိ၏၊ ထို(၂၄)ပါးတို့တွင် ဟေတုပစ္စည်း၏သုဒ္ဓကိုရှေးဦးစွာဟောတော်မူ၏။

ထိုဟေတုပစ္စည်း၏ သုဒ္ဓ၌တုံသော်လည်း၊ ကုသလပဒ,အကုသလပဒ,အဗျာကတပဒ, ကုသလာဗျာကတပဒ, အကုသလာဗျာကတပဒ,ကုသလာကုသလာဗျာကတပဒအားဖြင့်ခုနစ်ပါးအပြားရှိ၏၊

---

ကြောင့်။ပဉှာဝါရောတိ၊ ပဉှာဝါရောဟူ၍လည်း၊ဝုစ္စော၊ မိန့်ဆိုတော်မူအပ်၏၊

(ဓမ္မအနုလုံစသည်တို့၏ အဓိပ္ပါယ်၊ပဋ္ဌာန်းခြောက်ကုဏ်း၏ အဓိပ္ပါယ်။ ပစ္စည်းအနုလုံစသည်တို့၏ အဓိပ္ပါယ်တို့ကို ''ပဋ္ဌာနသာရဒီပနီပဌမတွဲ''၌ရှုစားတော်မူကြပါကုန်)

## သုဒ္ဓဧကမူလာဒိအဓိပ္ပါယ်။

(မေး) အဘယ်ဝါရကို သုဒ္ဓဟုခေါ်ပါသနည်း။

(ဖြေ) ပဋ္ဌာန်းနှစ်ဆဲ့လေးပစ္စည်းတို့တွင်၊ ဟေတုပစ္စည်းစသည်တို့ကို၊အခြားပစ္စည်းတို့နှင့်မရောပဲ၊ တပစ္စည်းစီသက်သက်ဟောကြားအပ်သောဝါရကို သုဒ္ဓဟုခေါ်ပါသည်။

(မေး) အဘယ်ဝါရကို ဧကမူလာဒိဟုခေါ်ပါသနည်း။

(ဖြေ) ပဋ္ဌာန်းနှစ်ဆဲ့လေးပစ္စည်းတို့တွင် ဟေတုစသောပစ္စည်းကို

(၃) ထိုရှုနှစ်ပါးတို့တွင် ကုသလပဒကို ရှေးဦးစွာဟောတော်မူ၏၊ ထိုကုသလပဒ၌ထိုသော်လည်း၊ ကုသလပဒါဝသာန, အကုသလပဒါဝသာနအစရှိသောအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင် ကုသလပဒါဝသာနကိုရှေးဦးစွာဟောတော်မူ၏၊ ။ဟောဟန်ကား။

သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာ ဟူသည့်တည်း။

ယောသာဒိသော၊ အကြောင်းသို့သဘောရှိသော။ ကုသလော၊ ကုသိုလ်ဖြစ်သော၊ ဓမ္မော၊ တရားသည်။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ ပဋိဂစ္စ၊ တကွဖြစ်ခြင်းဟုဆိုအပ်သော တူသောအဖြစ်ဖြင့် ရောက်၍၊ သိယာ၊ ဖြစ်ရာ၏။

---

မှုပြု၍ အခြားအာဒေသမှ အစသောပစ္စည်းတို့ကို မှလိသွပ်ကာ ဟောကြားအပ်သော ဝါရကို ဧကမူလာဒိဟုခေါ်ပါသည်။

ဥဒါဟရုဏ်ကား။

သုဒ္ဓ၌ သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာ၊

ဧကမူလာဒိ၌ သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ-အစရှိသည်တည်း။

---

### ပဒ(၇)ပါး ဖြစ်သင့်မဖြစ်သင့်ဝိနိစ္ဆယ။

(မေး) ပဋိစ္စဝါရကိုသဟေတုကာဒိပစ္စည်း၏ အစွမ်းအားဖြင့်ဟောကြားရလေရာ။ ကုသိုလ်တရားကိုစွဲ၍ အကုသိုလ်တရားဖြစ်ခြင်း မရှိသောကြောင့်...... ကုသလပဒ(လ)ကုသလာကုသလာဗျာကတပဒအားဖြင့်(၇)ပါးအပြားရှိ၏...... ဟု အရကောက်ဆရာတော် မိန့်ဆိုတော်မူခြင်းသည် သင့်နိုင်ပါမည်လော။

(ဖြေ) ဤပဋိစ္စဝါရ၌ အဖြေရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ၊ မေးစရာရှိသမျှကို အကုန်မေးအပ်လေသောကြောင့် ကုသလပဒ (လ) အားဖြင့်(၇)ပါးအပြားရှိ၏ .....ဟု အရကောက်ဆရာတော် မိန့်ဆိုတော်မူခြင်းသည် အသင့်ပင်ဖြစ်ပါသည်။

သောတာဒိသော၊ထိုသို့သဘောယှိသော၊ ကုသလော၊ ကုသိုလ်ဖြစ်သော၊ဓမ္မော၊တရားသည်၊ဟေတုပစ္စယာ ဟေတုပစ္စည်းကြောင့်၊ဥပ္ပဇ္ဇေယျကိံ၊ဖြစ်ရာသလော၊

(ကြွင်းအကုသလပဒါဒိ သာနု-စသည်တို့ကိုနည်းမှီ၍ဆိုလေ)

---

ဣမသ္မိံပနပုစ္ဆာဝါရေယမ္ပိဝိသဇ္ဇိယမာနံအတ္ထတောလဗ္ဘတိ၊ယမ္ပိနလဗ္ဘတိ
တံသဗ္ဗံပုစ္ဆာဝသေနဥဒ္ဓဋံ၊
ပဋ္ဌာန်းအဋ္ဌကထာ(၃၃၈-၂၁)

ပန၊ဆက်ပါဦးအံ့၊ဣမသ္မိံပုစ္ဆာဝါရေ၊ဤပုစ္ဆာဝါရ၌၊ ယမ္ပိ၊ အကြင်ပုဒ်ကိုလည်း၊ဝိသဇ္ဇိယမာနံ၊ဖြေဆိုအပ်သည်ယှိသော်၊ အတ္ထတော၊ အနက်အားဖြင့်၊လဗ္ဘတိ၊ရအပ်၏၊ယမ္ပိ၊အကြင်ပုဒ်ကိုလည်း၊ဝိသဇ္ဇိယမာနံ၊ဖြေဆိုအပ်သည်ယှိသော်၊အတ္ထတော၊ အနက်အားဖြင့်၊ နလဗ္ဘတိ၊ မရအပ်၊တံသဗ္ဗံ၊ထိုအလုံးစုံကို၊ပုစ္ဆာဝသေန၊ပုစ္ဆာ၏အစွမ်းအားဖြင့်၊ဥဒ္ဓဋံ၊ထုတ်ဆောင်တော်မူအပ်၏၊

ယင်းသို့ရသင့်,မရသင့်မခွဲခြားပဲ၊ ပုစ္ဆာဝါရ၌ ပုစ္ဆာ၏အစွမ်းအားဖြင့် ထုတ်ဆောင်ဟောကြားအပ်သော်လည်း၊ ဝိသဇ္ဇနာဝါရ၌မူ၊ မရအပ်သောပုဒ်ကိုပယ်၍ ရအပ်သောပုဒ်ကိုသာ ဖြေဆိုဟောကြားတော်မူလေသည်၊

ပရတောပနဝိသဇ္ဇနေယံနလဗ္ဘတိ၊တံပဟာယယံလဗ္ဘတိတဒေဝဝိသဇ္ဇိတံ။
ပဋ္ဌာန်းအဋ္ဌကထာ(၃၃၈-၂၃)

ပရတောပန၊နောက်၌ကား၊ဝိသဇ္ဇနေ၊ ဝိသဇ္ဇနာဝါရ၌၊ ယံ၊အကြင်ပုဒ်ကို၊နလဗ္ဘတိ၊မရအပ်၊တံ၊ထိုပုဒ်ကို၊ပဟာယ၊ပယ်စွန့်၍၊ ယံ၊အကြင်ပုဒ်ကို၊လဗ္ဘတိ၊ရအပ်၏၊ တဒေဝ၊ထိုပုဒ်ကိုသာလျှင်၊ ဝိသဇ္ဇိတံ၊ဖြေဆိုအပ်၏၊

---

ပဋိစ္စပုဒ်ကိုအနက်ယောဇနာရေး၍မှတ်သားဘွယ်၊

(မေး) ပဋိစ္စ-ခွဲး၍......ဟု သာမန်အနက်ယောဇနာသင့်ပါလျက်၊ အဘယ့်ကြောင့် တကွအဖြစ်(လ)ရောက်၍......ဟု အနက် ယောဇနာရပါသနည်း၊

(ဖြေ) သဟုပ္ပတ္တိ သဝ်ါတေန သဒိသာဘာဝေနပတွာ..... ဟူသော ပဋ္ဌာန်းအဋ္ဌကထာ(၃၃၈-၁၄)အဖွင့်ကိုယောက်၍ တကွဖြစ်ခြင်းဟုဆို

(၄) သုတ္တကိုဟောတော်မူသည်၏ အခြားမဲ့၌ ဒုကာဒိကိုဟောတော်မူ၏။ ထိုဒုကာဒိ၌တုံသော်လည်း၊ ဟေတုပစ္စည်း၏ ဒုကာဒိ, အာရမ္မဏပစ္စည်း၏ ဒုကာဒိ-အစရှိသောအားဖြင့် နှစ်ဆဲ့လေးပါးအပြားရှိ၏။ ထိုတွင်၊ ဟေတုပစ္စည်း၏ ဒုကာဒိကိုရှေးဦးစွာဟောတော်မူ၏။

ထိုဟေတုပစ္စည်း၏ ဒုကာဒိ၌တုံသော်လည်း၊ ဒုက,တိက(လ)တေဝိသကအားဖြင့်နှစ်ဆဲ့သုံးပါးအပြားသို့၏၊ထိုတွင် ဒုကကိုရှေးဦးစွာဟောတော်မူ၏။

---

အပ်သော တူသောအဖြစ်ဖြင့်ရောက်၍......ဟု အရကောက်ဆရာတော်အနက်ယောဇနာခြင်းဖြစ်ပါသည်။

---

## ပဋိစ္စပုဒ်၌မှတ်သားဘွယ်။

ပဋိစ္စ......ဟူသောပုဒ်ကို ပဋိ-ဣစ္စ......ဟုပဒစ္ဆေဒပြု၊ဤ၌ပဋိသဒ္ဒါသည်သဒိသအနက်၌ဖြစ်ပေသည်။

(မေး) အဘယ်ဥဒါဟရုဏ်ပုံစံသက်သေတို့ကိုထောက်ထား၍ ပဋိသဒ္ဒါသည် သဒိသအနက်၌ဖြစ်ကြောင်းသိမှတ်ရပါမည်နည်း၊

(ဖြေ) ပဋိပုဂ္ဂလ, ပဋိဘာဂ-အစရှိသော ဥဒါဟရုဏ်ပုံစံသက်သေတို့ကိုထောက်ထား၍ ပဋိသဒ္ဒါသည် သဒိသအနက်၌ဖြစ်ကြောင်းသိမှတ်ရပါသည်။

ဤ၌တူသောပုဂ္ဂိုလ်ကို ပဋိပုဂ္ဂလဟူ၍၎င်း၊ တူသောအဘို့ကို ပဋိဘာဂဟူ၍၎င်း ခေါ်ဆိုရလေသည်။

**တတ္ထပဋိတိသဒိသတ္ထေဝတ္တတိ၊သဒိသပုဂ္ဂလောဟိပဋိပုဂ္ဂလော၊သဒိသဘာဂေါစပဋိဘာဂေါတိဝုစ္စတိ။**

**ပဋ္ဌာန်းအဋ္ဌကထာ(၃၃၀-၁၂)**

တတ္ထ၊ထိုပဋိစ္စဟူသောပုဒ်၌ ပဋိတိဇသောသဒ္ဒေါ၊ပဋိဟူသောဤသဒ္ဒါသည်၊သဒိသတ္ထေ၊တူမျှခြင်းဟူသောအနက်၌၊ဝတ္တတိ၊ဖြစ်၏။ ဟိတပ္ပါကဋိကရောခိ၊ထိုမှုလဝါကျ၊လီနတ္ထကို၊သိရအောင်သာ၊ဥပမာဆောင်၊ ထင်အောင်ပြဦးအံ့၊သဒိသပုဂ္ဂလော၊ တူသောပုဂ္ဂိုလ်ကို၊ ပဋိပုဂ္ဂလောတိစ၊

(၅) ထိုဒုက္ခတို့သည်လည်း၊ အာချမ္မတ္တဒုက အစရှိသောအားဖြင့် နှစ်ဆဲ့သုံးပါးအပြားရှိ၏၊ ထိုတွင် အာချမ္မတ္တဒုကကို ရှေးဦးစွာဟော တော်မူ၏၊

ထိုအာချမ္မတ္တဒုကတို့သော်လည်း၊ ကုသလပဒ,အကုသလပဒ အစ ရှိသောအားဖြင့်(၇)ပါးအပြားရှိ၏၊ ထိုတွင် ကုသလပဒကိုရှေးဦးစွာ ဟောတော်မူ၏၊

---

ပဋိပုစ္ဆသဟူ၍ ၎င်း၊ သဒ္ဒိသဘာဂေါ၊ တူသောအဘိဓ္ဓကို၊ ပတိဘာဂေါ တိစ၊ နိဒ္ဒိဘာဂဟူ၍ ၎င်း၊ ဝုစ္စတိ၊ မိန့်ဆိုအပ်၏၊

ရူပ္ပ ... ဟူသောပုဒ်၌ ရူ ဓာတ်၊ တွာ–ပစ္စည်းတည်း၊ အဆိုပါ တွာ ပစ္စည်းကို၊ စနကြဲ့ ဟိတ္တွဲ .....ဟူသောကစ္စည်းသုတ်၌၊ ရုပ္ပံ.....ဟူသောယော ဂဝိဘာဂဖြင့် ရုပ္ပပြု၊ ချအနုဗန်ကိုချေ၍ ရူပ္ပ–ပုဒ်ပြီးသည်၊

အဆိုပါ ရူပ္ပ .... ဟူသောပုဒ်သည် ဂမနသာမညအနက်ကိုဟောသည်၊

ရူပ္ပာတိ ဂမနသာမညဝစနမေတံ၊
ပဋ္ဌာန်းအဋ္ဌကထာ(၃၃၀-၁၃)

ရူပ္ပာတိဧတံ'ရူပ္ပဟူသောဤပုဒ်သည်၊ ဂမနသာမညဝစနံ'ဂမနသာမည အနက်ကိုဟော၏၊

ဤ၌ ဂမနသာမညဟူသည်၊ဂမနကြိယာ၏တူသောကတ္တားရှိသော အပရကာလကြိယာကို ငဲ့ခြင်းကိုဟောခြင်းပင်ဖြစ်ပေသည်၊

ဂမနသာမညဝစနန္တိ ဂမနသာသမာနကတ္တုကပဗ္ဗိမကာလ
ကြိယာပေက္ခဝစနန္တိအတ္ထော၊
ပဋ္ဌာန်းမူလဋီကာ(၁၅၁-၁၃)

ဂမနသာမညဝစနန္တိ၊ ဂမနသာမညဝစနံဟူသည်ကား၊ဂမနသာ၊ ဂမန ကြိယာ၏၊သမာနကတ္တုကပဗ္ဗိမကာလကြိယာပေက္ခဝစနံ၊ တူသော ကတ္တားရှိသောအပရကာလကြိယာကိုငဲ့ခြင်းကိုဟော၏၊ ဣတိအယံ၊ ဤသည်ကား၊အတ္ထော၊ဂဏ္ဌိတ်ကိုဖော်ပြသောအနက်တည်း၊

ဤ၌ ပုဗ္ဗကာလေက ကတ္တုကာနံတုနတွာနတွာဝါ ဟူသောကစ္စည်း သုတ်ဖြင့်သက်အပ်သော တွာပစ္စည်းသည် ပုဗ္ဗကာလသဒ္ဒ ဖြစ်လေသည်၊ ထိုတွာပစ္စည်းသည် အပရကာလကိုငဲ့၍ဖြစ်၏၊

ထိုကုသလပဒ၌တုံသော်လည်း၊ကုသလပဒါဝသာန, အကုသလပဒါဝသာန-အဧယ္ယိသောအားဖြင့်(၇)ပါးအပြားယှိ၏။ ထိုတွင် ကုသလပဒါဝသာနကိုရှေးဦးစွာဟောတော်မူ၏။ ။ဟောဟန်ကား၊

သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟောတုပစ္စယာအာရမ္မဏပစ္စယာဟူသည်တည်း။

(အကြွင်းနည်းမှီ၍ဆိုဲလ)

---

တွာပဋ္ဌာန်းသက်ရာဂမနကြိယာသည်အပရကာလ၌ဖြစ်သောဥပ္ပဇ္ဇနကြိယာကိုငဲ့၏။ယင်းသို့ငဲ့၍ဖြစ်သည်ကို ဂမနသုဿဟုဆိုလိုပါသည်၊

ဤအရာဝယ် ပဋိစ္စ-ပုဗ္ဗကာလကြိယာနှင့်ဥပ္ပဇ္ဇေယျ......ဟူသောအပရကာလကြိယာတို့၏ ကတ္တားသည်ကား၊ ကုသလောဓမ္မော......ပင်ဖြစ်လေရကား၊ထိုကြိယာနှစ်ပုဒ်တို့သည် ဧကကတ္တုကဖြစ်ကြလေသည်၊

---

**သိယာကုသလံဓမ္မံ ပဋိစ္စကို အဋ္ဌကထာနည်းအရ အနက်ယောဇနာပုံ၊**

(မေး) သိယာကုသလံဓမ္မံပဋိစ္စ (လ) ဟေတုပစ္စယာပုဒ်ကို အဋ္ဌကထာနည်းအရဖြစ်သင့်သလိုအနက်ယောဇနာလှဲပါ။

(ဖြေ) ကုသလော၊ ကုသိုလ်ဖြစ်သော။ယောဓမ္မော၊ အကြင်တရားသည်၊ဟေတုပစ္စယာ၊ဟေတုပစ္စည်းကြောင့်။ဥပ္ပဇ္ဇေယျ၊ဖြစ်ရာ၏။သောဓမ္မော၊ထိုတရားသည်၊ကုသလံ၊ကုသိုလ်ဖြစ်သော။ဓမ္မံ၊တရားကို။ ပဋိစ္စ၊ တကွဖြစ်ခြင်း ဟုဆိုအပ်သောတူသောအဖြစ်ဖြင့်ရောက်၍၊ သိယာကိ၊ ဖြစ်ရာသလော၊

(တနည်း)

ကုသလံ၊ကုသိုလ်ဖြစ်သော။ဓမ္မံ၊တရားကို၊ပဋိစ္စ၊တကွ(လ)ရောက်၍၊ ကုသလော၊ကုသိုလ်ဖြစ်သော။ယောဓမ္မော၊အကြင်တရားသည်၊ ဥပ္ပဇ္ဇေယျ၊ဖြစ်ရာ၏၊သောဓမ္မော၊ထိုတရားသည်၊သိယာကိ၊ဖြစ်ရာသလော။

(မှတ်ချက်။ ။အရှေ့ကောက်၌အနက်ယောဇနာပုံသည်၊ အဋ္ဌကထာအနက်ယောဇနာပုံနှင့် ကြိယာထားပုံအနည်းငယ်ကွာခြားနေသည်ကိုသတိချပ်ရာသည်)

(တနည်းတက်ပုံကား)

နိဒ္ဒေသဝါရကိုဟောတော်မူသည်၏အခြားမဲ့၌ ပုဂ္ဂလဝါရကိုဟောတော်မူ၏။ (လ)ပစ္စည်းအနုလုံကိုရှေးဦးစွာဟောတော်မူ၏။

ထိုပစ္စည်းအနုလုံ၌တုံသော်လည်း၊ ဧကမူလက,ဒုမူလက, တိမူလက စတုမူလက(လ)သဗ္ဗမူလကအားဖြင့် နှစ်ဆဲ့လေးပါးအပြားရှိ၏။ ထိုတွင် ဧကမူလကကိုရှေးဦးစွာဟောတော်မူ၏။

ထိုဧကမူလက၌တုံသော်လည်း၊ ဟေတုပစ္စည်း၏ ဧကမူလက-အစရှိသောအားဖြင့်နှစ်ဆဲ့လေးပါးအပြားရှိ၏။ ထိုတွင် ဟေတုပစ္စည်း၏ ဧကမူလကကိုရှေးဦးစွာဟောတော်မူ၏။

ထိုဟေတုပစ္စည်း၏ ဧကမူလက၌တုံသော်လည်း၊ ကုသလပဒ-အစရှိသောအားဖြင့်(၇)ပါးအပြားရှိ၏။ ထိုတွင် ကုသလပဒကိုရှေးဦးစွာဟောတော်မူ၏။

ထိုကုသလပဒ၌တုံသော်လည်း၊ကုသလပဒါဝသာနအစရှိသောအားဖြင့်(၇)ပါးအပြားရှိ၏။ ထိုတွင် ကုသလပဒါဝသာနကိုရှေးဦးစွာဟောတော်မူ၏။ ။ဟောဟန်ကား။

သိယာကုသလံဓမ္မံပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာ ဟူသည်တည်း။

---

ပရိကပ္ပပုဂ္ဂလဟုခေါ်ဆိုရခြင်းအကြောင်း။

(မေး) သိယာ (လ) ဥပ္ပဇ္ဇေယျဟေတုပစ္စယာ......ဟူသော ပုဂ္ဂလကို ပရိကပ္ပပုဂ္ဂလဟုအဋ္ဌကထာဆရာသျှင်မိန့်ဆိုတော်မူရာ၊ အဘယ်သို့သော ပုဂ္ဂလကို ပရိကပ္ပပုဂ္ဂလဟုခေါ်ဆိုရပါသနည်း။

(ဖြေ) အနုမတိ ပရိကပ္ပတ္ထေသုသတ္တမီ......ဟူသော ကစ္စည်းသုတ်နှင့်အညီ၊ကြံဆခြင်း ပရိကပ္ပအနက်၌ဖြစ်သော ဧယျသတ္တမီဝိဘတ်၏အစွမ်းအားဖြင့်မေးအပ်သောပုဂ္ဂလကို ပရိကပ္ပပုဂ္ဂလဟုခေါ်ဆိုရပါသည်။

ထိုပရိကပ္ပပုဂ္ဂလကိုပင် ဝိဓိပုဂ္ဂလဟူ၍လည်းခေါ်ဆိုရလေသည်၊

ပရိကပ္ပပုဂ္ဂလာတိဝိဓိပုဂ္ဂလာ။

ပဋ္ဌာန်းမူလဋီကာ(၁၅၁-၁၆)

### ပဋိစ္စဝါရတိကပဋ္ဌာန်းဝိဿဇ္ဇနာဝါရဆိုရိုး။

ပုစ္ဆာဝါရကို ဟောတော်မူသည့်၏အခြားမဲ့၌ ဝိဿဇ္ဇနာဝါရကို ဟောတော်မူ၏။ ထိုဝိဿဇ္ဇနာဝါရတို့သော်လည်း။ ဓမ္မာနုလုံ,ဓမ္မပစ္စနိက်,ဓမ္မာနုလောမပစ္စနိက်, ဓမ္မပစ္စနီယာနုလောမအားဖြင့် လေးပါးအပြားရှိ၏၊ထိုတွင် ဓမ္မာနုလုံကိုရှေးဦးစွာဟောတော်မူ၏၊

ထိုဓမ္မာနုလုံ၌တို့သော်လည်း၊ တိကပဋ္ဌာန်း,ဒုကပဋ္ဌာန်း, ဒုကတိကပဋ္ဌာန်း,တိကဒုကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုကဒုကပဋ္ဌာန်းအားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုတွင် တိကပဋ္ဌာန်းကိုရှေးဦးစွာ ဟောတော်မူ၏၊

ထိုတိကပဋ္ဌာန်း၌တို့သော်လည်း၊ ကုသလတိက်, ဝေဒနာတိက်အစရှိသောအားဖြင့် နှစ်ဆဲ့နှစ်ပါးအပြားရှိ၏၊ထိုနှစ်ဆဲ့နှစ်ပါးတို့တွင် ကုသလတိက်ကိုရှေးဦးစွာဟောတော်မူ၏၊

---

(မေး) အဘယ်သို့ကြံဆအပ်ပါသနည်း၊
(ဖြေ) ဖြစ်ရာသလော,မဖြစ်ရာသလောဟုကြံဆအပ်ပါသည်။

ကိံသိယာအထနသိယာတိသမ္ပုစ္ဆနံဝါပရိကပ္ပပုစ္ဆာတိဝဒတိ။
ပဋ္ဌာန်းမူလဋီကာ(၁၅၀-၁၇)

သိယာကိံ၊ဖြစ်ရာသလော၊အထ၊ထိုသို့မဟုတ်၊နသိယာကိံ၊ မဖြစ်ရာသလော။ဣတိ၊ဤသို့၊သမ္ပုစ္ဆနံဝါ၊မေးခြင်းကိုလည်း၊ ပရိကပ္ပပုစ္ဆာတိ၊ ပရိကပ္ပပုစ္ဆာဟူ၍၊ဝဒတိ၊မိန့်ဆို၏၊

---

### ပစ္စည်းအနုလုံစသည်တို့၏အဓိပ္ပါယ်။

(မေး) ပစ္စည်းအနုလုံ, ပစ္စည်းပစ္စနိက်, ပစ္စည်းအနုလောမပစ္စနိက်, ပစ္စည်းပစ္စနီယာနုလောမလေးပါးတို့၏ အဓိပ္ပါယ်ကို ဥဒါဟရုဏ်နှင့်တကွ ဖေါ်ပြပါ၊

(ဖြေ) သုဒ္ဓ,ဧကမူလာဒိစသည်တို့၌ပစ္စည်းကိုမမြစ်မူ၍ ဟောကြားအပ်သောဝါရကိုပစ္စည်းအနုလုံဟုခေါ်ပါသည်၊

ထိုကုသလတိက်၌တုံသော်လည်း၊ပဋိစ္စဝါရ,သဟဇာတဝါရ,ပစ္စယဝါရ,နိဿယဝါရ,သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရ,ပဉ္စာဝါရအားဖြင့် ခုနစ်ပါးအပြားယှိ၏။ထိုတွင် ပဋိစ္စဝါရကိုရှေးဦးစွာဟောတော်မူ၏။

ထိုပဋိစ္စဝါရ၌တုံသော်သည်း၊ ပစ္စည်းအနုလုံ,ပစ္စည်းပစ္စနိက်, ပစ္စည်းအနုလောမပစ္စနိက်,ပစ္စည်းပစ္စနီယာနုလောမအားဖြင့် လေးပါးအပြားယှိ၏။ထိုတွင် ပစ္စည်းအနုလုံကိုရှေးဦးစွာဟောတော်မူ၏။

ထိုပစ္စည်းအနုလုံ၌တုံသော်လည်း၊ ဝိဘင်္ဂဝါရ,သင်္ချာဝါရအားဖြင့်နှစ်ပါးအပြားယှိ၏။ ထိုနှစ်ပါးတို့တွင် ဝိဘင်္ဂဝါရကိုရှေးဦးစွာဟောတော်မူ၏။

---

ဥဒါဟရဏ်ကား။

သုဒ္ဓ၌ သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာ။

ကေမုလာဒိ၌ သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာ,အာရမ္မဏပစ္စယာစသည်တည်း။

သုဒ္ဓ ကေမုလာဒိစသည်တို့၌ ပစ္စည်းကိုနှမြစ်၍ဟောကြားအပ်သောဝါရကိုပစ္စည်းပစ္စနိက်ဟုခေါ်ပါသည်။

ဥဒါဟရဏ်ကား။

သုဒ္ဓ၌ သိယာကုသလံဓမ္မံပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျနဟေတုပစ္စယာ။

ကေမုလာဒိ၌ သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျနဟေတုပစ္စယာနာရမ္မဏပစ္စယာစသည်တည်း။

ကေမုလာဒိ၌မူဖြစ်သောပစ္စည်းကိုနှမြစ်မူ၍ မူလီဖြစ်သောပစ္စည်းကိုသာနှမြစ်၍ ဟောကြားအပ်သောဝါရကိုပစ္စည်းအနုလောမပစ္စနိက်ဟုခေါ်ပါသည်။

ဥဒါဟရဏ်ကား။

သိယာကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇေယျဟေတုပစ္စယာနာရမ္မဏပစ္စယာအစယှိသည်တည်း။

ထိုဝိဘင်္ဂပါဠိ၌တို့သော်လည်း၊ ဟေတုပစ္စည်း၏ ဝိဘင်္ဂပါဠိ၊ အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂပါဠိအစရှိသောအားဖြင့် နှစ်ဆဲ့သုံးပါး အပြားရှိ၏၊ ထိုနှစ်ဆဲ့သုံးပါးတို့တွင် ဟေတုပစ္စည်း၏ ဝိဘင်္ဂပါဠိကို ရှေးဦးစွာဟောတော်မူ၏။

ထိုဟေတုပစ္စည်း၏ ဝိဘင်္ဂပါဠိ၌တို့သော်လည်း၊ ကုသလပဒ၊ အကုသလပဒ၊ အဗျာကတပဒ၊ ကုသလာဗျာကတပဒ၊ အကုသလာဗျာကတပဒအားဖြင့် ငါးပါးအပြားရှိ၏၊ ထိုငါးပါးတို့တွင် ကုသလပဒကိုရှေးဦးစွာဟောတော်မူ၏၊

ထိုကုသလပဒ၌တို့သော်လည်း၊ ကုသလပဒါဝသာန၊ အဗျာကတပဒါဝသာန ကုသလာဗျာကတပဒါဝသာနအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ကုသလပဒါဝသာနကိုရှေးဦးစွာဟောတော်မူ၏။

ထိုကုသလပဒါဝသာန၌တို့သော်လည်း၊ ဝိဓိအနုဝါဒအားဖြင့်နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်ဝိဓိကို ရှေးဦးစွာဟောတော်မူ၏၊ ။ ဟောဟန်ကား၊

ကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိဟေတုပစ္စယာ ဟူသည်တည်း။

---

ဧကမူလာဒိနည်းမှုဖြစ်သောပစ္စည်းကိုသာ နုဖြစ်၍ မူလီဖြစ်သောပစ္စည်းကိုနမဖြစ်ပဲ ဟောကြားအပ်သောပါဠိကို ပစ္စည်းပစ္စနီယာနုလောမဟု ခေါ်ပါသည်၊

ဥဒါဟရုဏ်ကား။

သိယာကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇေယျနဟေတုပစ္စယာ အာရမ္မဏပစ္စယာအစရှိသည်တည်း၊

---

ဝိသဇ္ဇနာပါဠိရမည်ခြင်းအကြောင်း၊

(မေး) အဘယ်ပါဠိကိုဝိသဇ္ဇနာပါဠိဟုခေါ်ပါသနည်း၊

(ဖြေ) ပုစ္ဆာပါဠိ၌ဟောကြားအပ်သော ပုစ္ဆာအပေါင်းတို့တွင်မရသင့်သောပုစ္ဆာတို့ကိုပယ်၍ ရသင့်သောပုစ္ဆာတို့ကိုသာ ဖြေဆိုဟောကြားအပ်သောပါဠိကိုဝိသဇ္ဇနာပါဠိဟုခေါ်ပါသည်၊

ဝိဝိကိုဟောတော်မူသည့်၏အခြားမဲ့၌၊ အနုဝါဒကိုဟောတော်မူ၏၊ ဟောဟန်ကား။ ။ကုသလံဓမ္မံ ပဋိစ္စတယောခန္ဓာ၊ တယောခန္ဓေ ပဋိစ္စဧကောခန္ဓော၊ ဒွေခန္ဓေပဋိစ္စဒွေခန္ဓာ ......ဟူသည်တည်း

ကုသလံ၊ကုသိုလ်ဖြစ်သော၊ဓမ္မံ၊တရားကို၊ပဋိစ္စ၊စွဲ၍ (တနည်းကား) ပဋိစ္စပဋိဂစ္စ၊ တကွဖြစ်ခြင်း ဟုဆိုအပ်သောတူသောအဖြစ်ဖြင့်ရောက်၍၊ ကုသလော၊ကုသိုလ်ဖြစ်သော၊ ဓမ္မော၊တရားသည်၊ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊

---

ယာပနေတ္ထ ဝိသဇ္ဇနံ နလဘန္တိ၊ တာပဟာယ။ ယာလဘန္တိ တာယေဝ ဝိသဇ္ဇိတာကိ ဝေဒိတဗ္ဗာ၊
ပဋ္ဌာန်းအဋ္ဌကထာ (၃၅၃-၁၀)

ပန၊ဆက်ပါဦးအံ့၊ ဧတ္ထ၊ဤဝိသဇ္ဇနာဝါရ၌၊ ယာ၊ အကြင်ပုစ္ဆာတို့သည်။ဝိသဇ္ဇနံ၊အဖြေကို။နလဘန္တိ၊မရကုန်၊တာ၊ထိုပုစ္ဆာတို့ကို၊ ပဟာယ၊ပယ်၍၊ယာ၊အကြင်ပုစ္ဆာတို့သည်။ဝိသဇ္ဇနံ၊အဖြေကို၊ လဘန္တိ၊ ရကုန်၏။တာယေဝ၊ထိုပုစ္ဆာတို့ကိုသာလျှင်၊ဝိသဇ္ဇိတာ၊ ဖြေဆိုအပ်ကုန်၏။ဣတိ၊ဤသို့။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏၊

---

ပဋိစ္စဝါရ၏နိဒ္ဒေသဝါရ။

(မေး) အဘယ်ဝါရကိုပဋိစ္စဝါရ၏ နိဒ္ဒေသဝါရ ဟုမှတ်ယူပါမည်နည်း။

(ဖြေ) ဤဝိသဇ္ဇနာဝါရကိုသာလျှင် ပဋိစ္စဝါရ၏ နိဒ္ဒေသဝါရဟု မှတ်ယူသင့်ပါသည်၊

ကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိဟေတုပစ္စယာတိအာဒိနာနယေန ပဋိစ္စဝါရဿနိဒ္ဒေသဝါရောအာရဒ္ဓေါ၊
ပဋ္ဌာန်းအဋ္ဌကထာ (၃၄၅-၂၄)

ကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိဟေတုပစ္စယာတိ အာဒိနာ နယေန၊ဤသို့အစရှိသောနည်းအားဖြင့်။ပဋိစ္စဝါရဿ ပဋိစ္စဝါရ၏၊နိဒ္ဒေသဝါရော၊နိဒ္ဒေသဝါရကို။အာရဒ္ဓေါ၊အားထုတ်အပ်၏၊

---

ကုသလံ၊ကုသိုလ်ဖြစ်သော၊ ဧကံ၊ တပါးသော၊ ခန္ဓံ၊ ဝေဒနာအစရှိသောခန္ဓာကို၊ပဋိစ္စ၊စွဲ၍၊ (တနည်းကား)ပဋိစ္စပဋိဂန္တွာ၊တကွဖြစ်ခြင်းဟုဆိုအပ်သောတူသောအဖြစ်ဖြင့်ရောက်၍၊တယော၊ သုံးပါးကုန်သော။ ခန္ဓာ၊သညာအစရှိကုန်သောခန္ဓာတို့သည်၊ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏၊ တယော၊ သုံးပါးကုန်သော၊ခန္ဓေ၊ ဝေဒနာ-သညာ-သင်္ခါရ အစရှိကုန်သောခန္ဓာတို့ကို၊ ပဋိစ္စ၊စွဲ၍။(တနည်းကား)ပဋိစ္စပဋိဂန္တွာ၊ တကွဖြစ်ခြင်းဟုဆိုအပ်သောတူသောအဖြစ်ဖြင့်ရောက်၍၊ ဧကော၊တပါးသော၊ ခန္ဓော၊ဝိညာဉ်အစရှိသောခန္ဓာသည်၊ ဥပ္ပဇ္ဇတိ၊ဖြစ်၏၊ ဒွေ၊နှစ်ပါးကုန်သော၊ခန္ဓေ၊ဝေဒနာ-သညာအစရှိသောခန္ဓာတို့ကို၊ပဋိစ္စ၊စွဲ၍၊ (တနည်းကား) ပဋိစ္စပဋိဂန္တွာ၍၊ ဒွေ၊နှစ်ပါးကုန်သော၊ ခန္ဓာ၊ သင်္ခါရ-ဝိညာဉ်အစရှိကုန်သောခန္ဓာတို့သည်။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏၊

---

## ဝိဘင်္ဂဝါရမည်ခြင်းအကြောင်း။

(မေး) အဘယ်ဝါရကိုဝိဘင်္ဂဝါရဟုခေါ်ဆိုရပါသနည်း။

(ဖြေ) ပုစ္ဆာဝါရ၌ထုတ်ဆင့်မေးအပ်သော ပုစ္ဆာအပေါင်းတို့တွင်၊ အဖြေဝိဿဇ္ဇနာရထိုက်သောပုစ္ဆာတို့ကိုဝေဘန်ဖြေဆိုရာဖြစ်သောဝါရကိုဝိဘင်္ဂဝါရဟုခေါ်ဆိုရပါသည်။

---

## သင်္ချာဝါရမည်ခြင်းအကြောင်း။

(မေး) အဘယ်ဝါရကိုသင်္ချာဝါရဟုခေါ်ဆိုရပါသနည်း။

(ဖြေ) ဟေတုပစ္စည်းစသည်တို့တွင်တခုတခုသောပစ္စည်း၌၊ဝိဿဇ္ဇနာဝါရကိုခအပ်၍။ ထိုဝိဿဇ္ဇနာဝါရတို့၏ အရေအတွက်သင်္ချာတို့ကို ထုတ်ဆောင်ပြောကြားရာဖြစ်သောဝါရကို သင်္ချာဝါရဟုခေါ်ပါသည်။

---

## ပဋိစ္စဝါရ၌မဟာဝါရသောပစ္စည်း။

(မေး) ပဋ္ဌာန်းနှစ်ဆဲ့လေးပစ္စည်း ရှိသည်ဖြစ်ပါလျက်၊ အဘယ့်ကြောင့် ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ(လ)နှစ်ဆဲ့သုံးပါးအပြားရှိ၏ ဟု အချက်ကောက်ဆရာတော်မိန့်ဆိုရိုးပြုတော်မူပါသနည်း။

ကုသလံခန္ဓံပဋိစ္စကုသလောခန္ဓောဥပ္ပဇ္ဇတိဟေတုပစ္စယာဟူ၍ဟော တော်မူအပ်သော ဝိဓိပါဠိတော်ပ၌၊ ကုသလောခန္ဓော......ဟူသော ကတ္တားပုဒ်၏အရကား၊ ကုသိုလ်ဇောစိတ်စေတသိက်အဋ္ဌတိံသအစိတ် အစိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ကုသိုလ်ဇောစိတ်စေတသိက်အဋ္ဌတိံ သအစိတ်အစိတ်နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏။

---

(ဖြေ) ပဋ္ဌာန်းနှစ်ဆဲ့လေးပစ္စည်းသို့သည်မှန်ပါသော်လည်း၊ ပစ္ဆာ ဇာတပစ္စည်းကို ဤပဋိစ္စဝါရ၌(ဝါ)ဆဝါရ၌ဘုရားသျှင်ဟောကြားတော် မမူသောကြောင့်၊ ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ(လ)နှစ်ဆဲ့သုံးပါးအ ပြားသို့၏ဟုအရကောက်ဆရာတော်ခန့်ဆိုရှိ ပြုတော်မူရပါသည်၊

(မေး) အဘယ့်ကြောင့် ပစ္ဆာဇာတပစ္စည်းကို ဆဝါရ၌ဘုရားသျှင် ဟောကြားတော်မမူပါသနည်း၊

(ဖြေ) ပစ္ဆာဇာတပစ္စည်းသည် ကုသိုလ်, အကုသိုလ်တရားတို့အား ကျေးဇူးမပြုပေ။ အဗျာကတတရားအားလည်း၊ ဥပတ္ထမ္ဘကမျှသာဖြစ်၏၊ ဇနကမဖြစ်ပေ။ ထို့ကြောင့် ပစ္ဆာဇာတပစ္စည်းကို ဆဝါရ၌ဘုရားသျှင် ဟောကြားတော်မမူခြင်းဖြစ်သည်။

> ပစ္ဆာဇာတော ကုသလာကုသလာနံ ပစ္စယော န ဟောတိ၊ အဗျာကတဿာပိ
> ဥပတ္ထမ္ဘကော ဝ န ဇနကော။ တသ္မာ ဥပ္ပဇ္ဇတိ ပစ္ဆာဇာတပစ္စယာတိ ဧဝံ
> ဝတ္တဗ္ဗော ကောစိ ဓမ္မော ပိ နတ္ထိ ပစ္ဆာဇာတပစ္စယဝသေန ဝိဿဇ္ဇနံ န ဂဟိတံ။
> ပဋ္ဌာန်းအဋ္ဌကထာ ၃၅၆-၂၁)

ပစ္ဆာဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စည်းသည်၊ ကုသလာကုသလာ နံ၊ ကုသိုလ်, အကုသိုလ်တရားတို့အား။ ပစ္စယော၊ ကျေးဇူးပြုသည်။ န ဟော တိ၊ မဖြစ်။ အဗျာကတဿာပိ၊ အဗျာကတတရားအားလည်း၊ ဥပတ္ထမ္ဘကော ဝ၊ ထောက်ပံ့နိုင်စေခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဇနကော၊ ဖြစ် စေခြင်းသည်၊ န ဟောတိ၊ မဖြစ်၊ တသ္မာ၊ ထို့ကြောင့်၊ ဥပ္ပဇ္ဇတိပစ္ဆာဇာတ ပစ္စယာတိ၊ ပစ္စယာဟူ၍။ ဧဝံ၊ ဤသို့၊ ဝတ္တဗ္ဗော၊ မိန့်ဆိုအပ်သော၊ ကော စိ ဓမ္မော ပိ၊ တစုံသောတရားသည်လည်း၊ နတ္ထိ၊ မရှိပေ၊ ဣတိ တသ္မာ၊ ထို့ ကြောင့်၊ ပစ္ဆာဇာတပစ္စယဝသေန၊ ပစ္ဆာဇာတပစ္စည်း၏ အစွမ်းအားဖြင့်၊ ဝိဿဇ္ဇနံ၊ အဖြေကို။ န ဂဟိတံ၊ မယူအပ်။

ဟေတုပစ္စယော .... ဟူသောပါဠိတော်ပါဌ်၏အရကား။ သမ္ပယုတ္တက္ခန္ဓာ အားတပ်သောကုသိုလ်ဇောဝိသစေတသိက်အဋ္ဌဘိ သမ္ပိဏ္ဍက္ခာတထေရတာရ နှိယသောမ္ဘိဟိတ်ဖြစ်အံ့၊ အလောဘ,အဒေါသ၊ တိဟိတ်ဖြစ်အံ့။ အလောဘ, အဒေါသ,အမောဟ၊ ဤဟိတ်နှစ်ပါးသုံးပါးပစ္စည်းတရားတို့၏ ဟေတု သတ္တိရ၏။

---

(တနည်းကား)

ဥပ္ပန္နာဘိ ဟူဟောတော်မူသောကြိယာနှင့်မတန်။ အဘယ့်ကြောင့် နည်းဟူမူကား။ ပစ္ဆာဇာတပစ္စည်းသည် ရုပ်၏ဥပါဒ်ဆဲကာလ၌ကျေးဇူး မပြု၊ ဌီသို့ရောက်မှကျေးဇူးပြုသောကြောင့်မတန်၊ ထို့ကြောင့်ပစ္ဆာဇာတ ပစ္စည်းကို ဆဝါရ၌ဘုရားသျှင်ဟောတော်မမူခြင်းဖြစ်သည်။ (ဤသည် ကားအရကောက်ဆရာတော်ဘုရား၏ဝါဒတည်း)

---

ပဒ ငါးပါးဖြစ်ရခြင်းအကြောင်း။

(မေး) ပုစ္ဆာဝါရ၌ ပဒ (၇) ပါးရှိကြောင်း ပြဆိုအပ်သည်ဖြစ်ပါ လျက်၊ ဤဝိဘင်္ဂဝါရ၌ အဘယ့်ကြောင့် ပဒငါးပါးသာမိန့်ဆိုရပါသ နည်း။

(ဖြေ) ပုစ္ဆာဝါရ၌ ပြဆိုအပ်ခဲ့ပြီးသောအကြောင်းနှင့်အညီ ပဒ(၇) ပါးရှိကြောင်းပြဆိုအပ်ခဲ့ပြီးသော်လည်း၊ ဤဝိဘင်္ဂဝါရ၌မူ၊ ကုသလာ ကုသလပဒနှင့် ကုသလာကုသလာဗျာကတပဒတို့ကို မရအပ်လေသော ကြောင့် ပဒငါးပါးသာဖြစ်ရပါသည်။

(မေး) အဘယ့်ကြောင့် ထိုပဒနှစ်ပါးတို့ကိုမရအပ်ပါသနည်း။

(ဖြေ) ကုသိုလ်နှင့်အကုသိုလ်တို့သည် တကွဖြစ်ခြင်း မရှိကြလေ သောကြောင့်၊ ထိုပဒနှစ်ပါးတို့ကိုမရအပ်ခြင်းဖြစ်ပါသည်။

> တတ္ထ ကုသလာကုသလာဒီနံ သဟုပ္ပတ္တိယာ အဘာဝတော ယာ ပုစ္ဆာ ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာတိ စေဝ ဝိဘင်္ဂေ န လဗ္ဘန္တိ။

ပဋ္ဌာန်းအဋ္ဌကထာ(၃၅၂-၂၁)

တတ္ထ၊ ထိုဝိဘင်္ဂဝါရ၌၊ ကုသလာကုသလာဒီနံ၊ ကုသိုလ် အကုသိုလ်

စသည်တို့၏၊ သဟုပ္ပတ္တိယာ၊ တကွဖြစ်ခြင်း၏၊ အဘာဝတော၊ မရှိသော ကြောင့်၊ ယာ ပုစ္ဆာ၊ အကြင်အမေးပုစ္ဆာ၏၊ ကုသလံဓမ္မံပဋိစ္စ အကုသလောဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာတိ၊ ဟေတုပစ္စယာဟူ၍၊ ဧဝံ၊ ဤသို့။ ဝိဿဇ္ဇနံ၊ အဖြေကို၊ နလဗ္ဘတိ၊ မရအပ်လေကုန်။

---

## ပဒါဝသာနသုံးပါးသာဓိနှံ့ဆိုခြင်း။

(မေး) ပုစ္ဆာဝါရကုသလပဒ၌ ပဒါဝသာန(၇)ပါးရှိကြောင်း မိန့်ဆိုရိုး ပြုအပ်ပြီးသည်ဖြစ်ပါလျက်၊ ဤဝိဿဇ္ဇနာဝါရကုသလပဒ၌ အဘယ့်ကြောင့် ပဒါဝသာနသုံးပါးဟူ၍သာ မိန့်ဆိုရိုးပြုတော်မူရပါသနည်း။

(ဖြေ) ပဋိစ္စကိစ္စကို ပြီးစေသော ကုသိုလ်တရားကို ပစ္စည်းပြု၍ ကုသိုလ်သည်၎င်း၊ အဗျာကတသည်၎င်း၊ ကုသိုလ်အဗျာကတသည်၎င်း၊ ဤသုံးပါးသော ပစ္စယုပ္ပန်တရားတို့သည်သာ ဖြစ်နိုင်သောကြောင့်၊ ဝိဿဇ္ဇနာဝါရကုသလပဒ၌ ပဒါဝသာနသုံးပါးဟူ၍သာ မိန့်ဆိုရိုးပြုတော်မူရပါသည်။

---

## ပဋိစ္စဝါရသဘောကိုညွှန်ပြခြင်း။

ဤသို့ဝိဿဇ္ဇနာဝါရကုသလပဒ၌ ပဒါဝသာနသုံးပါးသာ ဖြစ်ရပုံကို သိသာထင်ရှားစေရန် ပဋိစ္စဝါရ၏သဘောသွားကို ထပ်မံညွှန်ပြချင်လို အပ်ပေသည်။

ရှင်းပါဦးအံ့၊ ဆဝါရတို့တွင် ပဋိစ္စဝါရနှင့်သဟဇာတဝါရတို့မှာ သဒ္ဒါမျှသာထူး၍ အနက်အဓိပ္ပါယ်အားဖြင့် အတူတူပင်ဖြစ်လေသည်။ ထိုပဋိစ္စဝါရ- သဟဇာတဝါရနှစ်ပါးတို့၌ ရုပ်တရား, နာမ်တရားတို့ကို သဟဇာတသဘောအားဖြင့် ပစ္စည်းပစ္စယုပ္ပန်ပြုကာ ယထာရဟဟော ကြားတော်မူလေသည်။

> ဒွိသုပိ စေတေသု ရူပါရူပဓမ္မ ဝသေန ပစ္စယာ စေဝ ပစ္စယုပ္ပန္နဓမ္မာ စ
> ဝေဒိတဗ္ဗာ၊ တေ စ ခေါ သဟဇာတာဝ။

ပဋ္ဌာန်းအဋ္ဌကထာ(၃၁၇-၉)

ဝ၊ ဆက်ပါဦးအံ့၊ ဒွိသုပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော၊ ဧတေသု၊ ထိုပဋိစ္စ

ဝါရ-သဟဇာတဝါရတို့၌၊ ရူပါရူပဓမ္မဝသေန၊ ရုပ်တရားနာမ်တရားတို့၏ အစွမ်းအားဖြင့်၊ ပစ္စယာဝေဝ၊ ပဋိစ္စကိစ္စကို ပြီးစေတတ်ကုန်သော ပစ္စည်းတရားတို့ကိုရင်း၊ ပစ္စယုပ္ပန္နဓမ္မာ၊ပစ္စယုပ္ပန်တရားတို့ကိုရင်း၊ ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။ စ၊ဆက်ပါဦးအံ့၊ ခေါ၊စင်စစ်၊တော၊ထိုပစ္စည်းတရား ပစ္စယုပ္ပန်တရားတို့ကို၊ သဟဇာတဘာဝ၊ သဟဇာတဖြစ်ကုန်သည့်ဘဲကို သဘောသျှင်၊လက္ခဏာ၊ချအပ်ကုန်၏၊

## ပစ္စယာစေဝအဓိပ္ပါယ်။

(မေး၊) ဤပဋ္ဌာန်းအဋ္ဌကထာပါဠိတို့တွင် ပစ္စယာစေဝဟူသောပါဠိအရ အဘယ်ပစ္စည်းတရားတို့ကိုယူရမည်နည်း၊ ဟိတ်ခြောက်ပါး ဟေတုပစ္စည်းတရားတို့ကိုယူရမည်လော၊

(ဖြေ) ဟိတ်ခြောက်ပါးဟေတုပစ္စည်းတရားတို့ကိုမယူရပါ။ ပဋိစ္စကိစ္စကိုပြီးစေတတ်ကုန်သော ကုသိုလ်စသောပစ္စည်းတရားတို့ကိုသာယူရပါသည်၊

ပစ္စယာစေဝါတိယေကုသလာဒိဓမ္မေပဋိစ္စာတိဝုတ္တာ။ တေပဋိစ္စဋ္ဌံ
ဖရန္တာကုသလာဒိပစ္စယာစေဝါတိအတ္ထော၊
ပဋ္ဌာန်းမူလဋီကာ(၁၄၉-၂၂)

ပစ္စယာစေဝါတိ၊ပစ္စယာစေဝဟူသည်ကား၊ ယေ၊အကြင်တရားတို့ကို၊ကုသလာဒိဓမ္မေ၊ကုသိုလ်အစရှိကုန်သောတရားတို့ကို။ ပဋိစ္စ၊စွဲ၍၊ ဣတိ၊ဤသို့၊ဝုတ္တာ၊မိန့်ဆိုအပ်ကုန်၏၊ ပဋိစ္စဋ္ဌံ၊ပဋိစ္စကိစ္စကို၊ဖရန္တာ၊ပြီးစေကုန်သော၊ တေကုသလာဒိပစ္စယာစေဝ၊ ထိုကုသိုလ်အစရှိကုန်သော ပစ္စည်းတရားတို့သည်ရင်း၊ ဣတိအယံ၊ ဤသည်ကား၊ အတ္ထော၊အနက်တည်း၊

## တေစခေါ်သဟဇာတဘာဝအဓိပ္ပါယ်။

(မေး) တေစခေါ်သဟဇာတဘာဝ ..... ဟူသော ပဋ္ဌာန်းအဋ္ဌကထာပါဠိ၏ အဓိပ္ပါယ်ကိုရှင်းလင်းခဲ့ပါ၊

(ဖြေ) ကုသိုလ်အစရှိကုန်သောပစ္စည်းတရားတို့နှင့် ပစ္စယုပ္ပန်တရားတို့သည်တကွဖြစ်ကြပါမှသာ ပဋိစ္စကိစ္စကိုပြီးစေနိုင်လေသည်၊ တကွမ

ဖြစ်ခဲ့သည်ယှိသော်ပဋိစ္စကိစ္စကိုမပြီးစေနိုင်ပေ။ဤကိုရည်၍ "ဘေစခေါ သဟဇာတဘာ၀"ဟု ပဋ္ဌာန်းအဋ္ဌကထာဆရာ မိန့်ဆိုတော်မူခြင်းဖြစ်ပါသည်။

**ယသ္မာ ပစ္စယဓမ္မာနံ ပစ္စယုပ္ပန္နေသု ပဋိစ္စ ဥပ္ပဇ္ဇမာနေသု ဥဘယေသံ တေသံ သဟဘာ ၀ေသတိ၊ နာညထာ။ တေနေဝ ကာရဏေနာဟ တေစခေါ သဟဇာတဘာ ၀ါတိ။**

**ပဋ္ဌာန်းအနုဋီကာ ( ၂၁၁-၂၁ )**

ယသ္မာ၊အကြင့်ကြောင့်၊ပစ္စယဓမ္မာနံ၊ပစ္စည်းတရားတို့၏။ ပစ္စယုပ္ပန္နေသု၊ပစ္စယုပ္ပန်တရားတို့၌။ ပဋိစ္စဥပ္ပဇ္ဇမာနေသု၊ပဋိစ္စကိစ္စကိုပြီးစေခြင်းသည်၊ ဥဘယေသံ၊နှစ်ပါးကုန်သော၊ တေသံ၊ထိုပစ္စည်းပစ္စယုပ္ပန်တရားတို့၏၊သဟဘာ၀ေ၊တကွဖြစ်ခြင်းသည်၊ သတိ၊ယှိလတ်သော်။ ဟောတိ၊ဖြစ်၏။ အညထာ၊တကွဖြစ်ခြင်းမယှိသတ်သော်၊နဟောတိ၊မဖြစ်၊ တေနေဝကာရဏေန၊ ထိုအကြောင်းကြောင့်သာလျှင်၊ တေစခေါသဟဇာတဘာ၀ါတိ၊ ဟူ၍။အာစရိယော၊အဋ္ဌကထာဆရာသည်။အာဟ၊မိန့်ဆိုတော်မူ၏။

---

## ၀ါရတူတို့ကိုထပ်မံဟောကြားရခြင်းအကြောင်း။

(မေး) ပဋိစ္စ၀ါရကို ဟောတော်မူလျှင် ပြီးကောင်းပါလျက်၊ အဘယ့်ကြောင့် ၎င်းနှင့်အနက်အဓိပ္ပါယ်သဘောသွားအားဖြင့် ထူးခြားကွဲလွဲခြင်းမယှိသော သဟဇာတ၀ါရကိုထပ်မံဟောကြားတော်မူရပါသနည်း။

(ဖြေ) ဝေနေယျပုဂ္ဂိုလ်တို့၏ အလိုသို့လိုက်၍ နိရုတ္တိကောသလ္လ ဉာဏ်ရင့်သန်စေလို့သောကြောင့် သဟဇာတ၀ါရကို ထပ်မံဟောကြားတော်မူရပါသည်။

**ဝေဥဒ္ဓိနိရုတ္တိကောသလ္လံ ဇနိတံ ဟောတိ။**

**ပဋ္ဌာန်းမူလဋီကာ(၁၄၉-၂၉)**

ဟိ၊အကျိုးကိုဆိုပါဦးအံ့။ဧဝံ၊ယင်းသို့၀ါရတူတို့ကိုထပ်မံဟောကြားအပ်သည်ယှိသော်။ နိရုတ္တိကောသလ္လံ၊နိရုတ္တိကောသလ္လဉာဏ်ကို၊ ပါ၊ သဒ္ဒါဖြာရာလိမ္မာခြင်းကို၊ဇနိတံ၊ဖြစ်စေအပ်သည်၊ ဟောတိ၊ဖြစ်၏။

ကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိ ဟေတုပစ္စယာဟူ၍ ဟောတော်မူအပ်သော ဝိဓိပါဠိတော်ပါဌ်၌။ ကုသလောဓမ္မောဟူသော ကတ္တားပုဒ်၏အနက်ကား၊ ကုသိုလ်ဇောဝိသစေတသိက်အဖွဲ့တို့ သအမိတ်အမိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ကုသိုလ်ဇောဝိသစေတသိက်အဖွဲ့တို့ သအမိတ်အမိတ်နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏၊

ဟေတုပစ္စယာဟူသောပါဌ်ပုဒ်၏အနက်ကား၊ သမ္ပယုတ္တက္ခန္ဓာအား တင်သောကုသိုလ်ဇောဝိသစေတသိက်အဖွဲ့တို့ သမိဿကျွမ်းထရတချဉ်ယှဉ်သောဒွိဟိတ်ဖြစ်အံ့၊ အလောဘ,အဒေါသ။ တိဟိတ်ဖြစ်အံ့၊ အလောဘ,အဒေါသ,အမောဟ၊ ဤဟိတ်နှစ်ပါး-သုံးပါးပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏၊

---

ပစ္စယဝါရနှင့်အနက်အဓိပ္ပါယ်သဘောသွားအားဖြင့် ထူးခြားကွဲလွဲခြင်းမရှိသောနိဿယဝါရကို ထပ်မံဟောကြားရာ၌ရင်း၊ သံသဋ္ဌဝါရနှင့် အနက်အဓိပ္ပါယ်သဘောသွားအားဖြင့် ထူးခြားကွဲလွဲခြင်းမရှိသော သမ္ပယုတ္တဝါရကိုထပ်မံဟောကြားရာ၌ရင်း ယင်းနည်းအတူပင်မှတ်လေ၊

---

## ဆဝါရအမေး။

(မေး) ပဋိစ္စဝါရ-သဟဇာတဝါရနှစ်ပါးတို့နှင့် ပစ္စယဝါရ-နိဿယဝါရနှစ်ပါး, သံသဋ္ဌဝါရ-သမ္ပယုတ္တဝါရနှစ်ပါးတို့ မည်ကဲ့သို့ထူးကြပါသနည်း။

(ဖြေ) ပဋိစ္စဝါရ-သဟဇာတဝါရနှစ်ပါးတို့၌ရုပ်တရားနာမ်တရားတို့ကိုသဟဇာတသဘောအားဖြင့် ပစ္စည်းပစ္စယုပ္ပန်ပြုကာယထာရဟဟော ကြားတော်မူသည်။

ပစ္စယဝါရ-နိဿယဝါရနှစ်ပါးတို့၌ ရုပ်တရား, နာမ်တရားတို့ကို နိဿယ,ပုရေဇာတသဘောအားဖြင့်ပစ္စည်းပစ္စယုပ္ပန်ပြုကာ ယထာရဟ ဟောကြားတော်မူသည်။

သံသဋ္ဌဝါရ- သမ္ပယုတ္တဝါရနှစ်ပါးတို့၌နာမ်တရားသက်သက်ကိုသာ သမ္ပယုတ္တသဘောအားဖြင့် ပစ္စည်း, ပစ္စယုပ္ပန်ပြုကာ ယထာရဟဟော ကြားတော်မူသည် ဤကဲ့သို့ထူးကြပါသည်၊

ထိုနှစ်ပါးဘို့တွင်အရကား ပဋ္ဌာနအားဖြင့်ကဏ္ဍားသာတည်း။ ။ခန္ဓာဝါရကား တဆဲ့လေးဝါရဖြစ်သတည်း၊ တဆဲ့လေးဝါရဟူသော်ကား ဇကက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ,ဤသို့အားဖြင့် တဆဲ့လေးဝါရဖြစ်သတည်း။

---

## ဝိဓိနှင့်အနုဝါဒ။

(မေး) ဝိဓိနှင့်အနုဝါဒတို့၏အငိုပ္ပါယ်ကို သိသာရုံရေးသားဖော်ပြခဲ့ပါ၊

(ဖြေ) ကုသိုလ်စသည့်တို့ကိုစွဲ၍ ကုသိုလ်စသည့်တို့၏ ဖြစ်ပုံ အစီအရင်ကိုဟောဖော်ညွှန်ပြသောဝါရကို‘ ဝိဓိ’’ဟုခေါ်သည်။

(မှတ်ချက်။ အရကောက်၌ ‘‘ဝိဿိ’’ ဟုမိန့်ဆိုထားသည်၊)

ကုသိုလ်စသည့်တို့ကိုပူး၍ ကုသိုလ်စသည့်တို့၏ဖြစ်ပုံကိုထပ်မံဖွင့်ဆိုဟောကြားအပ်သောဝါရကို‘‘အနုဝါဒ’’ဟုခေါ်သည်၊

## ဥပ္ပန္နာဘိကြီးသာ။

(မေး) ကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိ...... ဟူသော ဝိဓိပါဠိတော်ပါဠ်၌ ဥပ္ပဇ္ဇတိဟူသော ကြိယာပုဒ်အရ ဥပါဒ် ဌီ-ဘင်ဟုဆိုသောခဏသုံးပါးတို့တွင် အဘယ်ခဏကိုယူရမည်နည်း၊

(ဖြေ) အဋ္ဌကထာဆရာအလို ခဏသုံးပါးလုံးကိုယူရပါသည်။

ဥပ္ပဇ္ဇတီတိဥပ္ပါဒတောယာဝနိစ္စရောဓဂမနာဥဒ္ဓံ ပဋ္ဋဘိနိဗ္ဗတ္တတီတိအတ္ထော၊ အတ္တာနံ လဘတိ ဥပ္ပါဒါဒယော တယောပိခဏေ ပါပုဏာတီတိ ဝုတ္တံ ဟောတိ၊

ပဋ္ဌာန်းအဋ္ဌကထာ(၃၅၃-၁၆)

ဥပ္ပဇ္ဇတိတိ'ဥပ္ပဇ္ဇတိဟူသည့်ကား၊ဥပ္ပါဒတော၊ဥပါဒ်မှ၊ယာဝနိရောဓဂမနာ၊တင်သို့ရောက်သည့်တိုင်အောင်၊ ဥဒ္ဓံ၊အထက်၌၊ ပဋ္ဌတိနိဗ္ဗတ္တတိ ဖြစ်ထင်၏၊ဣတိ၊ဤသည်လည်း၊ အတ္ထော၊အနက်တည်း၊ အတ္တာနံ၊မိမိကို၊လဘတိ၊ရ၏၊ ဥပ္ပါဒါဒယော၊ဥပါဒ်အစရှိကုန်သော၊ တယောပိခဏေ၊သုံးပါးသောခဏတို့သို့လည်း၊ ပါပုဏာတိ၊ရောက်၏၊ ဣတိ ဤသို့၊ ဝုတ္တံ၊မိန့်ဆိုအပ်သည်၊ ဟောတိ၊ ဖြစ်၏၊



၂၁၁၃၃

မူလဋီကာအလိုဥပါဒ်ခဏကိုသာ အလိုရှိအပ်ပေသည်။

ဥပ္ပါဒက္ခဏသမင်္ဂီယေဝ ပန ဧဝံ ဝုတ္တောတိ ဒဋ္ဌဗ္ဗော။

ပဋ္ဌာန်းမူလဋီကာ(၁၅၅-၂၇)

ပန၊ အလျှော်ကိုဆိုပါဦးအံ့။ ဥပ္ပါဒက္ခဏသမင်္ဂီယေဝ၊ ဥပ္ပါဒ်ခဏနှင့်ပြည့်စုံသောတရားကိုသာလျှင်။ ဧဝံ၊ ဤသို့။ ဝုတ္တော၊ ဥပနိဿယပစ္စယာဖြင့်မိန့်ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

---

## အနုပ္ပါဒပါဠိဖြည့်စွက်သားဘွယ်။

(မေး။) ဟိတ်ခြောက်ပါး ပစ္စည်းတရားတို့ကို ခန္ဓာဖွဲ့လိုက်သောအခါ၊ သင်္ခါရက္ခန္ဓာတပါးတည်းသာဖြစ်၍ "**ဧကံခန္ဓံပဋိစ္စ ဒွေခန္ဓာ**" ဟူ၍သာ ဟောတော်မူသင့်ပါလျက်။ အဘယ့်ကြောင့် တယောခန္ဓေပဋိစ္စ ဧကောခန္ဓော, ဒွေခန္ဓေပဋိစ္စဒွေခန္ဓာဟူသောဒေသနာကို ဘုရားသျှင်ဟောတော်မူခဲ့ပါသနည်း။

(ဖြေ) တယောခန္ဓေအရ ဟိတ်ခြောက်ပါး ဟေတုပစ္စည်းတရားကို မယူရ။ ပဋိသန္ဓိကို ဦးစေတတ်ကုန်သောကုသိုလ်အစရှိသောနာမက္ခန္ဓာပစ္စည်းတရားတို့ကိုသာယူရလေသောကြောင့် တယောခန္ဓေပဋိစ္စဧကောခန္ဓော......စသည်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

---

## ဧကံခန္ဓံပဋိစ္စဧကောခန္ဓော-သည်မဟောခြင်း။

(မေး) ဘုရားသျှင်သည် ဧကံခန္ဓံပဋိစ္စဧကောခန္ဓောဟူ၍၎င်း၊ ဒွေခန္ဓာဟူ၍၎င်း၊ ဒွေခန္ဓေပဋိစ္စဧကောခန္ဓောဟူ၍၎င်း။ အဘယ့်ကြောင့် ဟောကြားတော်မမူပါသနည်း။

(ဖြေ) ကုသလတိက်၌ခန္ဓာတပါးသည် ခန္ဓာတပါးအားရင်း နှစ်ပါးအားရင်း၊ ခန္ဓာနှစ်ပါးတို့သည်ခန္ဓာတပါးအားရင်း။ ကျေးဇူးမပြုပေ။ ထို့ကြောင့် ဤကဲ့သို့ဟောကြားတော်မမူခြင်းဖြစ်ပါသည်။

ယသ္မာ ပန ဧကော ခန္ဓော ဧကဿ ဒွိန္နံ ယေဝ ဝါ ဒွေ ဝါ ပန ဧကဿ ပစ္စယော န ဟောတိ၊ တသ္မာ ဧကံခန္ဓံ ပဋိစ္စ ဧကော ခန္ဓော ဧကံခန္ဓံ ပဋိစ္စ ဒွေ ခန္ဓာ ဒွေ ခန္ဓေ ပဋိစ္စ ဧကော ခန္ဓောတိ န ဝုတ္တံ။

ပဋ္ဌာန်းအဋ္ဌကထာ(၃၅၃-၂၀)

ပန၊ ဆက်ပါဦးအံ့၊ ယသ္မာ၊ အကြင့်ကြောင့်၊ ဧကော၊ တပါးသော၊ ခန္ဓော၊ ခန္ဓာသည်၊ ဧကဿ ဝါ၊ ခန္ဓာတပါးအားသာလျှင်ရင်း၊ ဒွိန္နံ ဝါ၊ ခန္ဓာနှစ်ပါးတို့အားသာလျှင်ရင်း၊ ပန၊ အတွင်တပါးကိုဆိုဦးအံ့၊ ဒွေ၊ နှစ်ပါးကုန်သောခန္ဓာတို့သည်၊ ဧကဿ ဝါ၊ ခန္ဓာတပါးအားသာလျှင်ရင်း၊ ပစ္စယော နာမ၊ ကျေးဇူးပြုသည်မည်သည်၊ နတ္ထိ၊ မယ်ပေ၊ တသ္မာ၊ ထိုကြောင့်၊ ဧကံ ခန္ဓံ ပဋိစ္စ ဧကော ခန္ဓော, ဧကံ ခန္ဓံ ပဋိစ္စ ဒွေ ခန္ဓာ ဒွေ ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော တိ ခန္ဓော ဟူ၍၊ န ဝုတ္တံ၊ ဟောကြားတော်မမူအပ်၊

---

## သန္တာနဘာဒသိဒ္ဓိဖြစ်ခြင်း။

ဤ၌ပဋ္ဌာန်း အဋ္ဌကထာဆရာ၏စကားကို ကုသလတိက်ကိုရည်၍ ဖြန့်ဆိုအပ်သော "**သန္တာနဘာဒသိဒ္ဓိစကား**" ဟုမှတ်သားရာသည်၊

မှန်ပါသည်။ ။ဝေဒနာတိက်စသည်တို့၌ ခန္ဓာတပါးကိုစွဲ၍၊ ခန္ဓာနှစ်ပါးတို့သည်ရင်း၊ ခန္ဓာနှစ်ပါးတို့ကိုစွဲ၍ ခန္ဓာတပါးသည်ရင်း ဖြစ်နိုင်လေသည်၊

> ယသ္မာ ပန ဧကော ခန္ဓော ကဿစိ အာဒိ ဣဓ ကုသလဝစနေန ဂဟိတေ
> ခန္ဓေ သန္ဓာယ ဝုတ္တံ၊ ဝေဒနာတ္တိကာဒိသု ပန ဧကံ ခန္ဓံ ပဋိစ္စ ဒွိန္နံ ဒွေ ပဋိစ္စ
> ကဿစိ ဟေတုဒုကာဒီသု စ သင်္ခါရက္ခန္ဓေကဒေသံ ပဋိစ္စ သင်္ခါရက္ခန္ဓေက
> ဒေသဿ ဥပ္ပတ္တိ ဝုတ္တာ၊
> ပဋ္ဌာန်းမူလဋီကာ (၁၅၅-၂၅)

ယသ္မာ ပန ဧကော ခန္ဓော ကဿစိ အာဒိ၊ ဤသို့အစရှိသောစကားကို၊ ဣဓ၊ ဤပဋိစ္စဝါရ၌၊ ကုသလဝစနေန၊ ကုသလသဒ္ဒါဖြင့်၊ ဂဟိတေ၊ ယူအပ်ကုန်သော၊ ခန္ဓေ၊ ခန္ဓာတို့ကို၊ သန္ဓာယ၊ ရည်၍၊ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏၊ ပန၊ မူလဝါကျ၊ ဆန့်ကျင်လှ၍၊ နှလုံးသွင်းထောက်ချင့်၊ အသင့်ပြအံ့၊ ဝေဒနာတ္တိကာဒီသု၊ ဝေဒနာတိက်စသည်တို့၌၊ ဧကံ ခန္ဓံ၊ ခန္ဓာတပါးကို၊ ပဋိစ္စ၊ စွဲ၍၊ ကဿစိ၊ ခန္ဓာတပါး၏ရင်း၊ ဒွေ၊ ခန္ဓာနှစ်ပါးတို့ကို၊ ပဋိစ္စ၊ စွဲ၍၊ ကဿစိ၊ ခန္ဓာတပါး၏ရင်း၊ ဟေတုဒုကာဒီသု စ၊ ဟေတုဒုက်စသည်တို့၌လည်း၊ သင်္ခါရက္ခန္ဓေကဒေသံ၊ သင်္ခါရက္ခန္ဓာတစိတ်ကို၊ ပဋိစ္စ၊ စွဲ၍၊ သင်္ခါရက္ခန္ဓေကဒေသဿ၊ သင်္ခါရက္ခန္ဓာတစိတ်၏ရင်း၊ ဥပ္ပတ္တိ၊ ဖြစ်ခြင်းကို၊ ဝုတ္တာ၊ ဟောတော်မူအပ်၏၊

## ဟေတုပစ္စယပွန်တရားများ။

သဟိတ်ဝိတ်ကေသဍ္တတိ, မောဟမူစွေဒ္ဓ မောဟကြွဲသောစေတွေ ပည့ာသသဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်- သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည်ဟေတုပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သောတရားမည်ကုန်၏။

## ဝိဓိပါဠိထုတ်နည်းနယူပဒေသ။

ပဋ္ဌာန်းပါဠိတော်ကိုမကြည့်ပဲ၊ မိမိဟောရွတ်ရမည့် တရားအပုံကို ကြည့်၍၊ နံပါတ်စဉ်ဖြင့်ညွှန်းပြအပ်သော အောက်ပါနယူပဒေသတို့ကို လေ့လာ၍ ဝိဓိပါဠိကိုထုတ်ရာသည်၊

(၁) မိမိဟောရွတ်ရမည့်ပစ္စည်း၏ ဆိုင်ရာ ပစ္စယုပ္ပန် တရားတို့ကို ဦးစွာရှာရမည်၊

(၂) ထိုပစ္စယုပ္ပန်တရားဘို့မှာ နာမက္ခန္ဓာကရား, ရုပ်တရားအားဖြင့် နှစ်မျိုးယှိလေသည်၊ ထိုတွင်အချို့ပစ္စည်း၌နာမက္ခန္ဓာသက်သက်သာပါ ယှိ၍၊ အချို့ပစ္စည်း၌နာမက္ခန္ဓာ, ရုပ်နှစ်ပါးစုံပါယှိတတ်လေရာ။ ထိုတရား တို့ကို (က) နာမက္ခန္ဓာတပုံ (ခ) ရုပ်တပုံအားဖြင့်(၂)ပုံပုံရာသည်-

(၃) ထိုနှစ်ပုံတို့တွင် (က) နာမက္ခန္ဓာကို (၁) ကုသိုလ်တပုံ၊(၂) အကုသိုလ်တပုံ (၃) အဗျာကတတပုံအားဖြင့် သုံးပုံပုံရာသည်၊

(၄) ရုပ်တရားသည်လည်း စိတ္တဇရုပ်-ပဋိသန္ဓေကမ္မဇရုပ်-ဗာဟိရ ရုပ်စသောအားဖြင့် အမျိုးမျိုးယှိလေရာ၊ အချို့ပစ္စည်း၌ဝိတ္တဇရုပ်သာပါ ယှိ၍၊ အချို့ပစ္စည်း၌ဝိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်နှစ်မျိုးပါယှိပြီးလျှင်၊အ ချို့ပစ္စည်း၌ပဋိသန္ဓေကမ္မဇရုပ်- အသညသတ်ကမ္မဇရုပ်- ပဝတ္တိကမ္မဇရုပ် ပါယှိသည့်အပြင်၊အချို့ပစ္စည်း၌ စိတ္တဇရုပ်-ပဋိသန္ဓေကမ္မဇရုပ်- ဗာဟိရ ရုပ်-အာဟာရဇရုပ်-ဥတုဇရုပ်-အသညသတ်ကမ္မဇရုပ် -ပဝတ္တိကမ္မဇရုပ်, အားလုံးပါယှိတတ်လေသည်၊

(၅ ထိုရုပ်တရားတို့ကို စိတ္တဇရုပ်တပုံ- ပဋိသန္ဓေကမ္မဇရုပ်တပုံ,အစ ယှိသောအားဖြင့် တပုံစီပုံရာသည်၊ ထိုရုပ်တရားစုတို့မှာ အားလုံးအဗျာ ကတချည်းသာဖြစ်ကြလေသည်၊

## ဝိဓိပါဠိထုတ်နည်း။

နာမကျွန္တာသက်သက်သာပါယှိသောပစ္စည်းမျိုး၌ ဝိဓိပါဠိထုတ်နည်းမှာ၊နာမကျွန္တာတို့ကို (၁) ကုသိုလ်ဘပုံ (၂) အကုသိုလ်တပုံ (၃) အဗျာကတတပုံ အားဖြင့် ယထာရဟသုံးပုံ ပုံပြီးလျှင်။ အကြင်ပစ္စည်း၌ ကုသိုလ်အပုံပါယှိခြင်းငှာ၊ ထိုပစ္စည်း၌ကုသလပဒပါယှိပြီဟု မှတ်ရမည်၊ ကုသလပဒပါယှိပါက ကုသလပဒါဝသာနလည်းပါယှိလေတော့သည် ထို့ကြောင့်-

(၁) ကုသလံဓမ္မံ ပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇတိဟေတုပစ္စယာ စသည်ဖြင့် ဝိဓိပါဠိထုတ်ရသည်၊

အကြင်ပစ္စည်း၌အကုသိုလ်အပုံပါယှိခြင်းငှာ၊ ထိုပစ္စည်း၌ အကုသလပဒပါယှိပြီဟု မှတ်ရမည်၊ အကုသလပဒပါယှိပါက အကုသလပဒါဝသာနလည်းပါယှိလေတော့သည်။ ထို့ကြောင့်-

(၂) အကုသလံဓမ္မံပဋိစ္စအကုသလောဓမ္မောဥပ္ပဇ္ဇတိဟေတုပစ္စယာ စသည်ဖြင့် ဝိဓိပါဠိထုတ်ရသည်၊

အကြင်ပစ္စည်း၌ ဝိပါက်ကြိယာဟုဆိုအပ်သော အဗျာကတအပုံပါယှိခြင်းငှာ၊ ထိုပစ္စည်း၌အဗျာကတပဒပါယှိပြီဟုမှတ်ရမည်၊ အဗျာကတပဒပါယှိပါက အဗျာကတပဒါဝသာနလည်း ပါယှိလေတော့သည်၊ ထို့ကြောင့်-

အဗျာကတံဓမ္မံ ပဋိစ္စအဗျာကတောဓမ္မော ဥပ္ပဇ္ဇတိဟေတုပစ္စယာ-စသည်ဖြင့် ဝိဓိပါဠိထုတ်ရသည်၊

ယင်းသို့ နာမကျွန္တာ သက်သက်သာ ပါယှိသောပစ္စည်းမျိုး၌ ပဒသုံးချက်, ပဒါဝသာနသုံးချက်သာ ပါယှိသောကြောင့် ပြဆိုအပ်ခဲ့ပြီးသော ဝိဓိပါဠိသုံးမျိုးသာဖြစ်နိုင်လေသည်၊

နာမကျွန္တာ ဝိတ္တဇရုပ်ပါယှိသောပစ္စည်းမျိုး၌ နာမကျွန္တာအတွက် (၃) ချက်၊ ကုသိုလ်ဝိတ္တဇရုပ်အတွက် အဗျာကတပဒါဝသာနတချက်၊ ကုသလာဗျာကတပဒါဝသာနတချက်၊အကုသိုလ်ဝိတ္တဇရုပ်အတွက် အဗျာကတပဒါဝသာနတချက်။ အကုသလာဗျာကတပဒါဝသာန တချက်တိုးလေသည်၊ ထို့ကြောင့်-

(၁) ကုသလံဓမ္မံ ပဋိစ္စအဗျာကတောဓမ္မောဥပ္ပဇ္ဇတိဟေတုပစ္စယာ။

(၂) ကုသလံဓမ္မံပဋိစ္စကုသလောစအဗျာကတောစဓမ္မာဥပ္ပဇ္ဇန္တိဟေတုပစ္စယာ၊

(၃) အကုသလံဓမ္မံ ပဋိစ္စအဗျာကတောဓမ္မော ဥပ္ပဇ္ဇတိဟေတုပစ္စယာ၊

(၄) အကုသလံဓမ္မံပဋိစ္စအကုသလောစအဗျာကတောစဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ၊

စသည်ဖြင့် ဝိဒိပါဠိ၌ထုတ်ရာသည်၊

တဖန်ကုသိုလ်,အကုသိုလ် နာမကဏ္ဍဒွိစ္စစရုပ်ပေါင်း၍ (က)ကုသလာဗျာကတပဒ (ခ) အကုသလာဗျာကတပဒ ဒွိသကပဒနှစ်ချက်တိုးရာ။ ထိုနှစ်ချက်တို့၌ အဗျာကတပဒါဝသာန တချက်စီ တိုးပြန်သောကြောင့်—

(၁) ကုသလာဗျာကတာ ဓမ္မံ ပဋိစ္စအဗျာကတောဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။

(၂) အကုသလာဗျာကတာဓမ္မံပဋိစ္စအဗျာကတောဓမ္မောဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊

စသည်ဖြင့် ဝိဓိပါဠိ၌ထုတ်ရာသည်၊

ဝိဂ္ဂဟစရုပ်မှတပါး အခြား ပဋိသမ္ဘိဒါမဂ္ဂစရုပ်, ဗာဟိရစရုပ် စသည်တို့မှာ၊အဗျာကတပဒ,အဗျာကတပဒါဝသာနသို့ဝင်သောကြောင့်၊ သီးခြား ဝိဓိထုတ်ဘွယ်မရှိပေ။

ရုပ်တရားတို့တွင် ဝိဂ္ဂဟစရုပ်သည် "အခရာ" ဖြစ်၍ ဝိဂ္ဂဟစရုပ်ပါသောပစ္စည်းမျိုးတို့၌၊သင်းကဲ့သို့ ပဒ,ပဒါဝသာနတိုးမှုဖြစ်နိုင်ကြောင်းကို အထူးသတိချပ်ရာသည်၊

---

### အနုဝါဒပါဠိထုတ်နည်းနယပဒေသ။

နာမကဏ္ဍသည် (၁) ကုသိုလ်နာမကဏ္ဍ (၂) အကုသိုလ်နာမကဏ္ဍ (၃) ဝိပါက်ကြိယာအဗျာကတနာမကဏ္ဍအားဖြင့် သုံးမျိုးရှိရာ၊

(၁) ကုသိုလ်နာမကဏ္ဍကို ပဒ,ပဒါဝသာနပြု၍ ဟောကြားရာ၌ ကုသိုလ်နာမကဏ္ဍလေးပါးတို့တွင်၊

(က) နာမကန္ဓာတပါးကိုစွဲ၍ နာမကန္ဓာသုံးပါး၊
(ခ) နာမက္ခန္ဓာသုံးပါးတို့ကိုစွဲ၍ နာမက္ခန္ဓာတပါး၊
(ဂ) နာမကန္ဓာနှစ်ပါးတို့ကိုစွဲ၍ နာမကန္ဓာနှစ်ပါးဖြစ်ကြလေသော ကြောင့်—
(က) ကုသလံဧကံခန္ဓံ ပဋိစ္စတယောခန္ဓာ၊
(ခ) တယောခန္ဓေပဋိစ္စဧကောခန္ဓော၊
(ဂ) ဒွေခန္ဓေပဋိစ္စဒွေခန္ဓာ၊
ဟုအနုဝါဒပါဠိထုတ်ရလေသည်။

(၂) အကုသိုလ်နာမက္ခန္ဓာကို ပဒ,ပဒါဝသာနပြု၍ ဟောကြားရာ၌လည်း ယင်းနည်းအတူပင်ဖြစ်ပေသည်၊ "ကုသလ"ပါဠိအစား "အကုသလ"ပါဠိကိုထည့်သွင်းရခြင်းသာထူးလေသည်၊

(၃) ဝိပါက်ကြိယာ အဗျာကတနာမက္ခန္ဓာကို ပဒ,ပဒါဝသာနပြုလုပ်ဟောကြားရာ၌ ပဝတ္တိ, ပဋိသန္ဓေနှစ်မျိုး ခွဲခြား ဝေဘန်ပြီးလျှင် ပဝတ္တိအခါ၌ -
(က) ဝိပါကာဗျာကတံကြိယာဗျာကတံဧကံခန္ဓံ ပဋိစ္စတယောခန္ဓာ၊
(ခ) တယောခန္ဓေပဋိစ္စဧကောခန္ဓော၊
(ဂ) ဒွေခန္ဓေပဋိစ္စဒွေခန္ဓာ၊
ဟုအနုဝါဒပါဠိ ထုတ်ရလေသည်။

ပဋိသန္ဓေအခါ၌မူ ကြိယာအဗျာကတကားမဖြစ်၊ ဝိပါက်အဗျာကတတပါးတည်းသာဖြစ်သောကြောင့်—
(က) ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံခန္ဓံ ပဋိစ္စတယောခန္ဓာ။
(ခ) တယောခန္ဓေပဋိစ္စဧကောခန္ဓော။
(ဂ) ဒွေခန္ဓေပဋိစ္စဒွေခန္ဓာ၊
(ဃ) ဝတ္ထုံပဋိစ္စခန္ဓာ၊
ဟုအနုဝါဒထုတ်ရလေသည်။

---

## ဝတ္ထုံပဋိစ္စခန္ဓာဟုဟောတော်မူခြင်း။

ပဋိသန္ဓေအခါ၌ ဝိပါက်နာမက္ခန္ဓာတို့သည် နာမက္ခန္ဓာအချင်းချင်းကိုသာစွဲ၍ ဖြစ်ကြရသည်မဟုတ်သေး၊ ဟဒယဝတ္ထုကိုလည်းစွဲ၍

ဖြစ်ကြရလေသောကြောင့်— ဝတ္ထုံပဋိစ္စခန္ဓာ.....ဟု အနုဝါဒပါဠိအသုံး ထုတ်ရလေသည်၊

ကုသိုလ် အကုသိုလ်တို့ကိုပဒပြု၍ အဗျာကတကို ပဒါဝသာနပြုရာ၌ ကုသိုလ်အကုသိုလ်ကိုစွဲမှီ၍ စိတ္တဇရုပ် အဗျာကတသာ ဖြစ်နိုင်သော ကြောင့်—

(က) ကုသလေခန္ဓေပဋိစ္စစိတ္တသမုဋ္ဌာနံရူပံ၊
(ခ) အကုသလေခန္ဓေပဋိစ္စစိတ္တသမုဋ္ဌာနံရူပံ၊

ဟုအနုဝါဒပါဠိထုတ်ရလေသည်၊

ကုသိုလ် အကုသိုလ်တို့ကိုပဒပြု၍ ကုသိုလ်အကုသိုလ်စိတ္တဇရုပ်အဗျာကတတို့ကိုရောနှောကာ ပဒါဝသာနပြုရာ၌—

(က) ကုသလံဧကံခန္ဓံပဋိစ္စတယောခန္ဓာစိတ္တသမုဋ္ဌာနဉ္စရူပံ၊
(ခ) တယောခန္ဓေပဋိစ္စဧကောခန္ဓောစိတ္တသမုဋ္ဌာနဉ္စရူပံ၊
(ဂ) ဒွေခန္ဓေပဋိစ္စဒွေခန္ဓာစိတ္တသမုဋ္ဌာနဉ္စရူပံ။

ဟုအနုဝါဒပါဠိထုတ်ရလေသည်၊

ပဝတ္တိအခါ အဗျာကတကို ပဒ,ပဒါဝသာနပြုရာ၌၊ ဝိပါက်ကြိယာ စိတ္တဇရုပ်အဗျာကတသာဖြစ်သောကြောင့်-

(က) ဝိပါကာဗျာကတံကြိယာဗျာကတံ ဧကံခန္ဓံပဋိစ္စတယောခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရူပံ၊
(ခ) တယောခန္ဓေပဋိစ္စဧကောခန္ဓောစိတ္တသမုဋ္ဌာနဉ္စရူပံ။
(ဂ) ဒွေခန္ဓေပဋိစ္စဒွေခန္ဓာစိတ္တသမုဋ္ဌာနဉ္စရူပံ။

ဟုအနုဝါဒပါဠိထုတ်ရလေသည်၊

ပဋိသန္ဓေအခါ အဗျာကတကိုပဒ,ပဒါဝသာနပြုလုပ်ဟောကြားရာ၌ ကြိယာအဗျာကတနှင့်စိတ္တဇရုပ်သည် ပဋိသန္ဓေအခါ၌မဖြစ်၊ ဝိပါက်အဗျာကတနှင့် ကဋတ္တာရုပ်သာ ဖြစ်လေသောကြောင့်—

(က) ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံခန္ဓံပဋိစ္စတယောခန္ဓာ ကဋတ္တာစရူပံ၊
(ခ) တယောခန္ဓေပဋိစ္စဧကောခန္ဓောကဋတ္တာစရူပံ၊
(ဂ) ဒွေခန္ဓေပဋိစ္စဒွေခန္ဓာ ကဋတ္တာစရူပံ။

ထိုနှစ်ပါးတို့တွင် အရကားပဋ္ဌာန်အားဖြင့် ကဏ္ဍားသာဘည်း၊ ခန္ဓာဝါရကား· တဆဲ့လေးဝါရဖြစ်သတည်း၊ တဆဲ့လေးဝါရ ဟူသော်ကား၊ ကေကလေးဝါရ-တိကလေးဝါရ-ဒုကခြောက်ဝါရ ဤသို့အားဖြင့်တဆဲ့လေးဝါရဖြစ်သတည်း၊

---

(ဃ) ခန္ဓေပဋ္ဌဝဏ္ဏ၊

(င) ဝဏ္ဏပဋ္ဌခန္ဓာ။

ဟူအနုဝါဒပါဠိထုတ်ရလေသည်၊

ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ သင်္ချာဝါရကိုဟောတော်မူ၏။ ထိုသင်္ချာဝါရ၌ တုံသော်လည်း သုဒ္ဓသင်္ချာဝါရ၊ ဒုကာဒိသင်္ချာဝါရအားဖြင့်နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်သုဒ္ဓသင်္ချာဝါရကိုရှေးဦးစွာဟောတော်မူ၏။ ထိုသုဒ္ဓသင်္ချာဝါရ၌တုံသော်လည်းဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၊ အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာဝါရအစရှိသောအားဖြင့်နှစ်ဆယ့်သုံးပါးအပြားရှိ၏။ ထိုနှစ်ဆယ့်သုံးပါးတို့တွင် ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာဟောတော်မူ၏။

ထိုဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌— သဟိတ်စိတ်စေတသိက်, မောဟမူ၌မောဟကြဉ်သော သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားမည်ကုန်၏။

ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌နယသို့လိုက်၍၎င်း၊ ဝါရသို့လိုက်၍၎င်း၊ တိက်ပုဒ်၏ အရသို့လိုက်၍၎င်း၊ ကံ,ကတ္တားနေဟန်သို့လိုက်၍၎င်း ဟေတုယာနဝ ...... ဟုသင်္ချာတင်၍ ဟောတော်မူအပ်ကုန်၏။ ဟေတုယာ၊ ဟေတုပစ္စည်း၌။ နဝ၊ ကိုးပါးကုန်သော။ ဝိဿဇ္ဇနာ၊ အဖြေတို့ကို၊ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

---

ဝိဘဇေတဗ္ဗာတိ၊ ဝိဘဇေတဗ္ဗာ—ဟူသည်ကား။ ယာပုစ္ဆာ၊ အကြင်ပုစ္ဆာတို့သည်၊ ဝိဿဇ္ဇနံ၊ အဖြေကို၊ လဘန္တိ၊ ရကုန်၏။ တာသံ၊ ထိုပုစ္ဆာတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဝိဘဇေတဗ္ဗာ၊ ချဲ့အပ်ကုန်၏။

သင်္ဂါယနာတင်ဆရာတို့အကျဉ်းချုံး၍ပြဆိုအပ်ကုန်သော ဝိဘင်္ဂဝါရပါဠိတော်ကို ရွတ်ဖြင့်သရဇ္ဈာယ်သော ပုဂ္ဂိုလ်တို့သည် အကျယ်ချဲ့၍ ရသင့်သောအဖြေဝိဿဇ္ဇနာတို့ကို ရွတ်ဖြင့်သရဇ္ဈာယ်တော်မူကြပါကုန် ဟုဆိုလိုသည်။

ဝိဘင်္ဂဝါရအဖွင့်ပြီး၏။

### သန္နိဋ္ဌာနရသိမြိုးမြင်ဆင်ချက်၊

သန္နိဋ္ဌာနရသိမြိုးကိုပဋ္ဌာန်းအဋ္ဌကထာဖွင့်နှင့် ညီညွတ်အောင်သိမြိုးပြ ပုံမှာ –

ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏အခြား,မဲ့၌သန္နိဋ္ဌာနဝါရကိုဟော တော်မူ၏၊ ထိုသန္နိဋ္ဌာနဝါရ၌တုံသော်လည်း ဧကမူလကသန္နိဋ္ဌာနဝါရ, ဒုမူလ ကာဒိသန္နိဋ္ဌာနဝါရအားဖြင့်နှစ်ပါးအပြားရှိ၏၊ ထိုတွင် ဧကမူလကသန္နိဋ္ဌာ နဝါရကိုရှေးဦးစွာဟောတော်မူ၏၊ ထိုဧကမူလကသန္နိဋ္ဌာနဝါရသည်လည်း ဟေတုပစ္စည်း၏ဧကမူလကသန္နိဋ္ဌာနဝါရ,အာရမ္မဏပစ္စည်း၏ဧကမူလက သန္နိဋ္ဌာနဝါရအစရှိသောအားဖြင့်နှစ်ဆဲ့သုံးပါးအပြားရှိ၏၊ ထိုတွင်ဟေ တုပစ္စည်း၏ဧကမူလကသန္နိဋ္ဌာနဝါရကိုရှေးဦးစွာဟောတော်မူ၏၊ ထိုဟေ တုပစ္စည်း၏ဧကမူလကသန္နိဋ္ဌာနဝါရ၌ (အကြွင်းကိုဆက်၍ဆိုလေ။)

**အထူးမှာ။** ဧကမူလကသန္နိဋ္ဌာနဝါရကို ပဋ္ဌာန်းအရကောက်ဆရာတော် ကသုဒ္ဓသန္နိဋ္ဌာနဝါရ,ဟူ၍၎င်း၊ ဒုမူလကာဒိသန္နိဋ္ဌာနဝါရကို ဒုကာဒိသန္နိဋ္ဌာနဝါရ ဟူ၍၎င်းအမည်ပေးလေသည်၊

---

### ဟေတုယာနုဝဒ္ဓိအဋ္ဌကထာနည်းအနက်ယောဇနာပုံ၊

(မေး) ဟေတုယာနုဝ ....ဟူသောပါဌ်ကို ပဋ္ဌာန်းအဋ္ဌကထာဆရာ ၏အာဘော်ကျအနက်ယောဇနာလှဲပါ၊

(ဖြေ) ဟေတုယာ၊ဟေတုပစ္စည်း၌၊ နဝ၊ကိုးပါးကုန်သော၊ ပုစ္ဆာ ဝိဿဇ္ဇနာဝါရာ,ပုစ္ဆာဝိဿဇ္ဇနာဝါရတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ဤသည်ကား ပဋ္ဌာန်းအဋ္ဌကထာဆရာ၏အာဘော်ကျအနက်ယောဇနာ ပုံတည်း၊

ဟေတုယာနုဝါတိဟေတုပစ္စယေနဝပုစ္ဆာဝိဿဇ္ဇနာဝါရာဟောန္တိ၊ ပဋ္ဌာန်းအဋ္ဌကထာ (၃၅၀-၃)

---

### နဝသန္နိဋ္ဌာနဒ္ဓါ၏ သင်္ချေယျထုတ်ပုံ၊

(မေး) ဟေတုယာနုဝ......ဟူသောပါဌ်၌ နဝသန္နိဋ္ဌာနဒ္ဓါ၏ သင်္ချေ ယျကိုထုတ်ပြပါ၊

(ဖြေ) နဝသင်္ချာသဒ္ဒါ၏ သင်္ချေယျကား။ (၁) ကုသလေနကုသလံ (၂)ကုသလေနအဗျာကတံ(၃)ကုသလေနကုသလာဗျာကတံ (၄)အကုသလေနအကုသလံ(၅)အကုသလေနအဗျာကတံ(၆)အကုသလေန အကုသလာဗျာကတံ(၇)အဗျာကတေနအဗျာကတံ (၈)ကုသလာဗျာကတေန အဗျာကတံ(၉)အကုသလာဗျာကတေနအဗျာကတံ ... တို့ဖြစ်ပါသည်။

---

### နဝသင်္ချာထုတ်ရသောပစ္စည်းများ။

(မေး) သုဒ္ဓသင်္ချာဝါရ၌ နဝသင်္ချာထုတ်ရသောပစ္စည်းပေါင်းမည်မျှ ရှိပါသနည်း။

(ဖြေ) (၁)ဟေတု(၂)အဓိပတိ (၃)သဟဇာတ(၄)နိဿယ (၅) ကမ္မ(၆)အာဟာရ(၇)ဣန္ဒြိယ(၈)ဈာန(၉)မဂ္ဂ(၁၀)ဝိပ္ပယုတ္တ (၁၁)အတ္ထိ (၁၂)အဝိဂတအားဖြင့်(၁၂)ပစ္စည်းရှိပါသည်။

အလုံးစုံသော (၁၂)ပစ္စည်းတို့သည် ဟေတုပစ္စည်းနှင့် ပုစ္ဆာဝိသဇ္ဇနာအားဖြင့် တူညီကြလေသည်။

ဒွါဒသသုဟိပစ္စယေသုနဝနဝါတိဝုတ္တံ။ သဗ္ဗေသုပိပုစ္ဆာဝိသဇ္ဇနာနိ ဟေတုပစ္စယသဒိသာနေဝ။
ပဋ္ဌာန်းအဋ္ဌကထာ (၃၅၀ ၉)

ဟိ၊ ထိုစကားကိုထင်ရှားစေဦးအံ့၊ ဒွါဒသသု၊ တဆဲ့နှစ်ပါးကုန်သော၊ ပစ္စယေသု၊ ပစ္စည်းတို့၌၊ နဝနဝါတိ၊ နဝ-နဝဟူ၍၊ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏၊ သဗ္ဗေသုပိ၊ အလုံးစုံကုန်သောပစ္စည်းတို့၌လည်း။ ပုစ္ဆာဝိသဇ္ဇနာနိ၊ တို့သည်၊ ဟေတုပစ္စယသဒိသာနေဝ၊ ဟေတုပစ္စည်းနှင့်အလားတူကုန်သည်သာလျှင်၊ ဟောန္တိ၊ ဖြစ်ကုန်၏။

---

### တဆဲ့နှစ်ပစ္စည်းအထူး။

(မေး) နဝသင်္ချာထွက်သောတဆဲ့နှစ်ပစ္စည်းတို့သည်၊ အချင်းချင်း တစုံတရာ အထူးမရှိဟုမှတ်ရမည်လော၊ ထူးက-မည်သို့ ထူးခြားကြောင်းဖြေဆိုခဲ့ပါ။

(ဖြေ) ဝိဘင်္ဂပနအဋ္ဌကထာ ဝိဘင်္ဂသေသော...... ဟူသော ပဋ္ဌာန်းအဋ္ဌကထာ ပါဠိ(၃၅၀–၁၁)နှင့်အညီ ပစ္စယဝိဘင်းပါဠိတော်၌သာ အချင်းချင်း ဟောပုံပါဠိထူးခြားကြပါသည်၊

(မှတ်ချက်၊ ၊ထိုတဆဲ့နှစ်ပစ္စည်းတို့၏ သရုပ်သင်္ချာကိုနောက်ကလည်း ဆောင်ပုဒ် လက်သာအားဖြင့်ညွှန်းပြခဲ့လေပြီ၊ ပို၍နိုင်မြဲစေရန် အဋ္ဌကထာအာဂမယုတ္တိဖြင့် အထူးကို သိသာစေမှသော ငှာ ထပ်မံ၍ပါ ပြလိုက်ခြင်းဖြစ်ပေသည်)

---

## ကုသလေနကုသလံ စသည်အဓိပ္ပါယ်၊

(မေး) ကုသလေနကုသလံ- စသည်ဖြင့် အဋ္ဌကထာဆရာ ထုတ်ပြသောနဝသင်္ချာသဒ္ဒါ၏ သင်္ချေယျပါဠိများ၏ ဆိုလိုရင်းအဓိပ္ပါယ်ကိုဖော်ပြပါ၊

(ဖြေ) ကုသလေနကုသလံ......ဟူသောပါဠိ၏ အဓိပ္ပါယ်မှာ—ကုသိုလ်နှင့် ကုသိုလ်ပင်ဖြစ်လေသည်၊ ကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိဟေတုပစ္စယာ...... ဟူသော ဝိဓိပါဠိကိုအကျဉ်းချုံး၍ အဋ္ဌကထာဆရာညွှန်ပြအပ်သောပါဠိပင်ဖြစ်ပေသည်၊ကုသလေနအဗျာကတံ......အစရှိသောပါဠိတို့၌လည်း ယင်းနည်းအတူပင်မှတ်လေ၊

---

## နယသို့လိုက်၍ ရင်းစသောဆိုရိုး၏ အဓိပ္ပါယ်၊

(မေး) နယသို့လိုက်၍ ရင်း၊ ဝါရသို့လိုက်၍ ရင်း၊ တိက်ပုဒ်၏ အရသို့လိုက်၍ ရင်း၊ ကံ့ကဏ္ဍားနေဟန်သို့လိုက်၍ ရင်း- ဟူသောဆိုရိုးစကား၏ လိုရင်းအဓိပ္ပါယ်ကိုရေးသားဖော်ပြခဲ့ပါ၊

(ဖြေ) ဟေတုယာဒိနဝ—ဟုသင်္ချာထုတ်ရာ၌ဓဇ္ဇအနုလုံဟုဆိုအပ်သော နယ၊ပဋိစ္စ–ဟုဆိုအပ်သောဝါရ၊ ကုသလတိက်ဟုဆိုအပ်သောတိက်ပဒ၊ ကုသလံဓမ္မံကုသလောဓမ္မော - အစရှိသောကံ့ကဏ္ဍား နေဟန်သို့လိုက်ကာ နဝသင်္ချာထွက်ရလေသည်၊

အကယ်၍ ဓမ္မပစ္စနိက်ဖြစ်သော်ရင်း၊ ပစ္စသဝါရစသည်ဖြစ်သော်ရင်း၊ ဝေဒနာတိက်စသည်ဖြစ်သော်ရင်း၊ ယင်းသို့ နယ-တိက်-ပဒ, ကွဲးပြား သွားပါမူနဝသင်္ချာထွက်နိုင်တော့မည်မဟုတ်ချေ၊

(မှတ်ချက်၊ ။ကြွင်းအာရမ္မဏပစ္စည်းစသည်တို့၏ ပစ္စယုပ္ပန်တရားတို့ကို ဝိဘင်္ဂပါဠိ အဖွင့်၌ထုတ်ပြအပ်ခဲ့ပြီးသည်ဖြစ်၍။ ဆိုအပ်ခဲ့ပြီးသည့်ကိုနည်းမှီကာ သုဒ္ဓသံချာပါဠိရကုန် ဆုံးသည့်တိုင်အောင် ဟောရှတ်တော်မူကြကုန်ရာသည်။)

---

တိကတိသင်္ချာထွက်သောပစ္စည်းများ။

(မေး) တိကတိသင်္ချာထွက်သောပစ္စည်းပေါင်း မည်မျှယှဉ်ပါသနည်း၊ အဋ္ဌကထာဆရာညွှန်ပြသည့်အတိုင်းအပြည့်အစုံထုတ်ဖော် ပြဆိုခဲ့ပါ၊

(ဖြေ) တိကတိသင်္ချာထွက်သော ပစ္စည်းများကား-ဆယ်ပစ္စည်းယှဉ်ပါ သည်။ ဆယ်ပစ္စည်းဟူသော်ကား- (၁) အာရမ္မဏ (၂) အနန္တရ (၃) သမနန္တရ (၄) အညမည (၅) ဥပနိဿယ (၆) ပုရေဇာတ (၇) အာသေဝန (၈) သမ္ပယုတ္တ (၉) နတ္ထိ (၁၀) ဝိဂတ- ဤသို့ အားဖြင့် ဆယ်ပစ္စည်းဖြစ်ပါသည်၊

ထိုဆယ်ပစ္စည်းတို့သည် အာရမ္မဏပစ္စည်းနှင့် ပုစ္ဆာဝိဿဇ္ဇနာအလုံး ရုံတူညီကြလေသည်။ ပစ္စယဝိဘင်းပါဠိတော်၌သာ ဟောပုံပါဠိအချင်း ချင်းထူးကြလေသည်။

ဒသသုပစ္စယေသုတိကတိကတိကတိဂုတ္တံ။သဗ္ဗေသုပိပုစ္ဆာဝိဿဇ္ဇနာနိအာရမ္မဏ သဒိသာနေဝ ဝိဘင်္ဂပနဒဿနတ္ထိ ၁သေသော။
ပဋ္ဌာန်းအဋ္ဌကထာ (၃၅၈-၁၁)

---

ဂေကံသင်္ချာထွက်သောပစ္စည်း။

(မေး) သုဒ္ဓသင်္ချာပါဠိ၌ ဂေကံသင်္ချာထွက်သောပစ္စည်းပေါင်း မည်မျှ ယှဉ်ပါသနည်း၊

(ဖြေ) ဝိပါကတပစ္စည်းသာ ယှဉ်ပါသည်၊

(မှတ်ချက်၊ ။တိကတိသင်္ချာထွက်သောပစ္စည်း - ဂေကံသင်္ချာထွက်သောပစ္စည်းများကို နောက်ကပြဆိုခဲ့ပြီးဖြစ်သော်လည်း၊ အဋ္ဌကထာအာဂမယုတ္တိဖြင့်ပိုမိုနိုင်မြဲစေခြင်းငှါ ထပ် မံပြဆိုလိုက်ခြင်းဖြစ်ပေသည်။)

ပြဆိုအပ်ခဲ့ပြီးသော နဝ-တိကတိ-ဂေကံ သင်္ချာထွက်သော ပစ္စည်းများ ကို အောက်ပါဇယားပုံ လက်ခတို့ဖြင့် သိမှတ်တော်မူကြကုန်ရာသည်၊

## ဒုကာဒိသင်္ချာဝါရဆိုရိုး။

သုဒ္ဓသင်္ချာဝါရကိုဟောတော်မူသည့်၏ အခြားမဲ့၌၊ ဒုကာဒိသင်္ချာဝါရကိုဟောတော်မူ၏၊ ထိုဒုကာဒိသင်္ချာဝါရ၌တုံသော်လည်း။ ဟေတုပဗ္ဗည်း၏ ဒုကာဒိသင်္ချာဝါရ အာရမ္မဏပဗ္ဗည်း၏ ဒုကာဒိသင်္ချာဝါရအစ ယှိသောအားဖြင့် နှစ်ဆဲ့သုံးပါးအပြားယှိ၏။ ထိုတွင် ဟေတုပဗ္ဗည်း၏ ဒုကာဒိသင်္ချာဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထိုဟေတုပဗ္ဗည်း၏ ဒုကာဒိသင်္ချာဝါရ၌တုံသော်လည်း၊ ဒုက-တိက-စတုက္က-ပဉ္စက (လ)တေဝီသကအားဖြင့် နှစ်ဆဲ့သုံးပါးအပြားယှိ၏။ ထိုတွင် ဒုကကိုရှေးဦးစွာဟောတော်မူ၏၊ ထိုဒုက၌တုံသော်လည်း၊ ဟေတုမူအာရမ္မဏဒုကအစယှိသောအားဖြင့် နှစ်ဆဲ့နှစ်ပါးအပြားယှိ၏။ ထိုတွင် ဟေတုမူအာရမ္မဏဒုကကိုရှေးဦးစွာဟောတော်မူ၏၊ ထိုဟေတုမူအာရမ္မဏဒုကသင်္ချာဝါရ၌ မောဟာမူဒွေ၌မောဟာ၊ အဟိတ်ပဋ္ဌိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ဤတရားတို့သည် အာရမ္မဏပဗ္ဗည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ ဟေတုပဗ္ဗည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောကြောင့် ဟေတုပဗ္ဗည်းတွန်း၍ စဉ်ကုန်၏၊ ထို့ကြောင့် ထိုတရားဘို့ကို ပစ္စနီသာနလောဓ၌နဟေတုပစ္စယာ အာရမ္မဏေပစ္စယာ တင်၍ ဟောတော်မူအပ်ကုန်၏၊ ဒွေဟူသော်ကား အကုသလေနအကုသလံ-အဗျာကတေနအဗျာကတံ..... ဟူသည်တည်း၊

---

(၁) ပဋိစ္စမှာ ကိုးသင်္ချာ၊ ထွက်ပါဥါဒသ။
(၂) ဟေ-မိ-သ-နိ၊ ကံ-အာ ဇ္ဈာ၊ မှတ်သိရျာ-ပဋ္ဌ၊
(၃) ဝိပ်-အနှစ်ဖြာ၊ ဥါဒသာ၊ သင်္ချာနောဟုပြ၊
(၄) ပဋိစ္စမှာ၊ တိသင်္ချာ၊ ထွက်ပါပေါင်း ဒသ၊
(၅) အာ-နန်-နန်-အာ၊ ဥပ-ပုရေ၊ အာ-သေ-သမ်-နတ်၊ ဝိ ဆယ်ရပ်၊ မှတ်လေတိကိပြ၊
(၆) ပဋိစ္စမှာ၊ တစ်သင်္ချာ ထွက်ပါဝိပါက။
(၇) နဝ-ဆဲ့နှစ် ဆယ်ဖြာ်တီ ဟိ၊ ကြံယှိ ထွက်ဘိတပါးပြ။

(နောက်ကပြဆိုအပ်ခဲ့ပြီးသောဆောင်ပုဒ်လင်္ကာများကို ပေါင်း၍ ကျက်မှတ်လွယ်စေမှုသော ငှါ တပ်မံပြဆိုလိုက်ခြင်းဖြစ်သည်၊)

သဟိတ်ဓိပ္ပာဓရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဓမ္မသာဖြစ်၍ အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန် ဓမ္မမဖြစ်သောကြောင့် အာရမ္မဏပစ္စည်းတွန်း၍ စဉ်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိကဲ၌ ...... ဟေတုပစ္စယာ နာရမ္မဏေ ပဋ္ဌ..... ဟုသချ်ာတပ်၍ ဟောတော်မူအပ်ကုန်၏၊ ပဋ္ဌဟူသော်ကား၊ ကုသလေ နအဗျာကတံ, အကုသလေနအဗျာကတံ, အဗျာကတေနအဗျာကတံ, ကုသ လာဗျာကတေနအဗျာကတံ, အကုသလာဗျာကတေနအဗျာကတံ......ဟူ သည့်တည်း။

---

ဒုကာဒိသချ်ာဝါရဆိုရိုးပြင်ဆင်ချက်။

ဒုကာဒိသချ်ာဝါရဆိုရိုးကိုပဋ္ဌာန်းအဋ္ဌကထာဖွင့်နှင့်အညီဆိုရိုးပြုပုံမှာ— ဧကမူလကသချ်ာဝါရကို ဟောတော်မူသည့်၍ အခြားမဲ့၌ဒုမူလကာဒိ သချ်ာဝါရကို ဟောတော်မူ၏၊ ထိုဒုမူလကာဒိသချ်ာဝါရ၌ တုံသော် လည်း၊ဒုမူလက,တိမူလက,စတုမူလက,ပဉ္စမူလက(လ)တေဝီသတိမူလ ကအားဖြင့် နှစ်ဆဲ့သုံးပါးအပြားယှဉ်၏၊ ထိုတွင်ဒုမူလကကိုရှေးဦးစွာ ဟောတော်မူ၏၊ ထိုဒုမူလက၌တုံသော်လည်း ဟေတုမူအာရမ္မဏမူလ ကအစယှဉ်သောအားဖြင့်နှစ်ဆဲ့နှစ်ပါးအပြားယှဉ်၏၊ထိုတွင်ဟေတုမူ အာ ရမ္မဏမူလကသချ်ာဝါရကို ရှေးဦးစွာဟောတော်မူ၏၊ ထိုဟေတုမူအာ ရမ္မဏမူလကသချ်ာဝါရ၌၊ (အကြွင်းဆက်၍ဆိုလ။)

အထူးမှာ။ ပဋ္ဌာန်းအဋ္ဌကထာ၌ဒုမူလကဟူသောအမည်ကို၊ပဋ္ဌာန်း အရကောက်ဆရာတော်က "ဒုက"ဟု ခေါ်ခေါ်အသုံးပြုထားလေသည်။ (ပညာဝန်တို့ကြိုက်နှစ်သက်ရာ ဆိုရိုးပြုတော်ကြပါကုန်။)

ဒုမူလကေ တာဝ ဟေတုပစ္စယာ အာရမ္မဏေ တိဏိ အာဒိမာဟ။
ပဋ္ဌာန်းအဋ္ဌကထာ (၃၅၈-၂၄)

ဒုမူလကေ၊ဒုမူလကသချ်ာဝါရ၌။ တာဝ၊ရှေးဦးစွာ။ ဟေတုပစ္စယာ အာရမ္မဏေ တိဏိ အာဒိ၊ တိဏိ-ဤသို့အစယှဉ်သောစကားကို၊အာဟ၊ ဟောကြားတော်မူ၏။

---

ပစ္စနီယာနုလောမကိုဦးစွာပြဆိုခြင်း၊

(မေး) ပဋ္ဌာန်းပါဠိတော်၌ပစ္စည်းအနုလုံကို ရှေးဦးစွာဟောတော်မူ

အဟိတ်စိတ္တဇရုပ်-အဟိတ်ပဋိသန္ဓေကမ္မဇရုပ်-ဗာဟိရရုပ်အာဟာရဇရုပ်-ဥတုဇရုပ်-အသညသတ်ကမ္မဇရုပ်-ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုအာရမ္မဏ ဤနှစ်ပါးတို့၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောတရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကိုပစ္စနီက၌ နဟေတုပစ္စယာနာရမ္မဏေ ဧကံ......ဟုသင်္ချာတပ်၍ ဟောတော်မူအပ်ကုန်၏၊ ဧကံ....ဟူသော်ကား အဗျာကတေနအဗျာကတံ....ဟူသည်တည်း။

သဟိတ်ပိတ်ကြေသဏ္ဌာဘိ မောဟမူဒွေ၌မောဟကြဉ်သော စေဒွေ ပညာသသဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ဤတရားတို့သည် ဟေတုအာရမ္မဏပစ္စည်းနှစ်ပါးတို့၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။ထို့ကြောင့်ထိုတရားတို့ကိုဤအနုလုံ၌ နယသို့လိုက်၍ရင်း၊ ဝါခသို့လိုက်၍ရင်း၊ တိကပုဒ်၏အခသို့လိုက်၍ရင်း၊ ကံကဏ္ဍနေဟန်သို့လိုက်၍ရင်း၊ ဟေတုပစ္စယာအာရမ္မဏေ တိကံ ... ဟုသင်္ချာတပ်၍ ဟောတော်မူအပ်ကုန်၏၊ တိကံ ဟူသော်ကား ကုသလေနကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေနအဗျာကတံ ....ဟူသည်တည်း၊

---

ပါဠိ။ ပဋ္ဌာန်းအရကောက်၌ အဘယ့်ကြောင့် ပစ္စနီယာနုလောမကို ရှေးဦးစွာမိန့်ဆိုတော်မူရပါသနည်း။

(အဖြေ) ပဋ္ဌာန်းပါဠိတော်အတိုင်းဆိုလျှင် ..... ဟေတုပစ္စယာအာရမ္မဏေ တိကံ ....ဟူသော အနုလုံပါဠိကိုရှေးဦးစွာ ပြဆိုသင့်သော်လည်း။ သောတုဇနတို့ပဋ္ဌာန်းအရကောက် အရာ၌ လိမ္မာကျွမ်းကျင်စိမ့်သောငှာ၊ နဟေတုပစ္စယာအာရမ္မဏေ ဧကံ ဟူသောပစ္စနီယာနုလောမပါဠိကိုရှေးဦးစွာမိန့်ဆိုတော်မူပါသည်၊

မှန်ပါသည်၊ ။ (ပါဠိတော်အစဉ်မဟုတ်သော်လည်း။ သောတုဇနတို့ဆောင်လွယ်နားလွယ်စေခြင်းငှာ၊ ဒုကသက်သက်ကိုစီရင်သည်) စသည်ဖြင့် ...... ပဋ္ဌာန်းအရကောက်ဆရာတော်အမှာစကားရေးသားမိန့်ဆိုတော်မူခဲ့လေသည်၊

---

### ပဋ္ဌာန်းအရကောက်ဆရာတော်၏ ဟောပုံနည်း။

ပဋ္ဌာန်းအရကောက်ဆရာတော်သည်၊ ပဋ္ဌာန်းပါဠိတော်ဟောစဉ်အတိုင်းပြဆိုတော်မမူပဲ၊ မူ - မူလီနှစ်ပါးစုံတို့တွင်၊

(၁) မူ-နှ-ဖြစ် ပဌမအချက်၊
(၂) မူလီ-နှ-ဖြစ် ဒုတိယအချက်၊
(၃) မူ မူလီနှစ်ပါး ရုံ-နှ ဖြစ် တတိယအချက်၊
(၄) ပါဠိတော်ရင်းအတိုင်း စတုတ္ထအချက်အားဖြင့် လေးချက်ကိုမူတည်၍ ပြဆိုတော်မူလေသည်။

ထိုလေးချက်တို့တွင် ပဌမအချက်ကား၊ ပစ္စနီယာနုလောမ ဖြစ်သည်။ ဒုတိယအချက်ကား၊ အနုလောမပစ္စနီက်ဖြစ်သည်။ တတိယအချက်ကား၊ ပစ္စနီက်ဖြစ်သည်။ စတုတ္ထအချက်ကား၊ အနုလုံဖြစ်သည်။ ဤသည်ကား၊ အနုလုံအဘို့တည်း၊

---

## ပါဠိအနေအထားဖြစ်ပုံ။

ပဋ္ဌာန်းအနုလုံပါဠိတော်၌ .... ဟေတုပစ္စယာ အာရမ္မဏေတီဏိ ...... ဟုဟောတော်မူရာ၊ ဟေတုပစ္စယာကား မူဖြစ်၍၊ အာရမ္မဏေကား မူလီဖြစ်သည်၊ ထိုတွင်

(၁) မူ-နှ-ဖြစ် ပဌမအချက်၌ နဟေတုပစ္စယာ အာရမ္မဏေ ဒွေ၊
(၂) မူလီ-နှ-ဖြစ် ဒုတိယအချက်၌ ဟေတုပစ္စယာ နာရမ္မဏေ ပဉ္စ
(၃) မူ-မူလီနှစ်ပါးစုံ-နှ-ဖြစ် တတိယအချက်၌ နဟေတုပစ္စယာ နာရမ္မဏေ ဧကံ။
(၄) ပါဠိတော်ရင်းအတိုင်း စတုတ္ထအချက်၌ ဟေတုပစ္စယာ အာရမ္မဏေတီဏိ...... ဟူသော ပါဠိအနေအထားဖြစ်လေသည်။

ပဋ္ဌာန်းပစ္စနီက်ပါဠိတော်၌ ..... နဟေတုပစ္စယာ နာရမ္မဏေ ဧကံ...... ဟုဟောတော်မူရာ၊ နဟေတုပစ္စယာကား မူဖြစ်၍ နာရမ္မဏေကား...... မူလီဖြစ်လေသည်၊ ထိုတွင်

(၁) မူ-နှ ဖြစ်ပဌမအချက်၌ နနဟေတုပစ္စယာ နာရမ္မဏေ ပါဠိအနေအထားဖြစ်ရာ ဒွိပ္ပဋိသေဓော ပကတျတ္ထော ..... ဟူသော ပရိဘာသာ ..... နှစ်ခုပ္ပဋိသိ၊ ယျိုတုံဘိ၊ ပကတိအနက်ပေး ..... ဟူသောနိယံဘို့အရ၊ ဟေတုပစ္စယာ နာရမ္မဏေ ...... ဟူသော အနုလောမပစ္စနီက် ပါဠိဖြစ်လေသည်၊ ထို့ကြောင့် ပဉ္စသင်္ချာ ထွက်လေသည်၊

(၂) မူလီ-န-ဖြစ်ဒုတိယအချက်၌ နဟေတုပစ္စယာ နနာရမ္မဏော၊ န ဟေတုပစ္စယာ အာရမ္မဏေ ဒွေ ..... ဟူသော ပစ္စနီယာနုလောမပါဠိဖြစ်လေ သည်။

(၃) မူ မူလီနှစ်ပါးစုံ န-ဖြစ်တတိယအချက်၌ နနဟေတုပစ္စယာ နနာရမ္မဏော ... ဟေတုပစ္စယာ အာရမ္မဏေ တိကံ အနုလုံပါဠိဖြစ်လေသည်၊

(၄) ပါဠိတော်ချင်းအတိုင်းစတုတ္ထအချက်၌ နဟေတုပစ္စယာ နာရမ္မဏေ ဧကံ ..... ဟူသောပါဠိဖြစ်လေသည်။

ပဉ္စာနီအနုလောမပစ္စနီယပါဠိတော်၌ ဟေတုပစ္စယာ နာရမ္မဏေ ပဉ္စ ဟူသောပါဠိ၌—

(၁) မူ-န-ဖြစ်ဒုတိယအချက်၌ နဟေတုပစ္စယာ နာရမ္မဏေ ဧကံ ဟူ သောပစ္စနီယပါဠိ၊

(၂) မူလီ- န- ဖြစ်ဒုတိယအချက်၌ ဟေတုပစ္စယာ နနာရမ္မဏော ..... ဟေတုပစ္စယာ အာရမ္မဏေ တိကံ - ဟူသော အနုလုံပါဠိ၊

(၃) မူ မူလီနှစ်ပါးစုံ န ဖြစ်တတိယအချက်၌ နဟေတုပစ္စယာ နနာ ရမ္မဏော....... နဟေတုပစ္စယာ အာရမ္မဏေ ဒွေ ဟူသော ပစ္စနီယာနုလောမ ပါဠိ၊

(၄) ပါဠိတော်ချင်းအတိုင်း စတုတ္ထအချက်၌ ဟေတုပစ္စယာ နာရမ္မ ဏေ ပဉ္စ ဟူသောအနုလောမပစ္စနီကပါဠိအနေအထားဖြစ်လေသည်၊

ပဉ္စာနီပစ္စယာနုလောမပါဠိတော်၌ နဟေတုပစ္စယာ အာရမ္မဏေ ဒွေ - ဟူသောပါဠိ၌—

(၁) မူ—န ဖြစ်ပဌမအချက်၌ နနဟေတုပစ္စယာ အာရမ္မဏော ..... ဟေ တုပစ္စယာ အာရမ္မဏေ တိကံ ဟူသောအနုလုံပါဠိ။

(၂) မူလီ—န—ဖြစ်ဒုတိယအချက်၌ နဟေတုပစ္စယာ နာရမ္မဏေ ဧကံ ဟူသောပစ္စနီကပါဠိ၊

(၃) မူ-မူလီနှစ်ပါးစုံ—န-ဖြစ်တတိယအချက်၌ နနဟေတုပစ္စယာ နာရမ္မဏော ..... ဟေတုပစ္စယာ နာရမ္မဏေ ပဉ္စ ဟူသောအနုလောမပစ္စနီက ပါဠိ၊

(၄) ပါဠိတော်ချင်းအတိုင်းစတုတ္ထအချက်၌ နဟေတုပစ္စယာ အာရမ္မ ဏေ ဒွေ ဟူသောပစ္စနီယာနုလောမပါဠိအနေအထားဖြစ်လေသည်၊

### မူ-နှ-မြစ်ပဌမအချက်စသည်တို့၏ အရကောက်တရားများ။

ဟေတုပစ္စယော အာရမ္မဏော...... ဟူသော ပဌာန်းအနုလုံ ပါဠိတော်၌ ပဌာန်းအရကောက်ဆရာတော်နည်း ညွှန်ပြတော်မူသည့်အတိုင်း၊ မူ-နှ-မြစ်ပဌမအချက်စသည့်တို့တွင်–

(၁) မူ-နှ-မြစ်ပဌမအချက်ကား၊ အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍၊ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သော တရားဖြစ်လေသည်။

(၂) မူလီ နှ–မြစ်ဒုတိယအချက်ကား၊ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောတရားဖြစ်လေသည်။

(၃) မူ-မူလီနှစ်ပါးစုံ-နှ-မြစ်တတိယအချက်ကား၊ ဟေတုအာရမ္မဏနှစ်ပစ္စည်းလုံး၏ ပစ္စယုပ္ပန်မဖြစ်သော တရားဖြစ်လေသည်။

(၄) ပါဠိတော်ရင်းအတိုင်း စတုတ္ထအချက်ကား၊ ဟေတုအာရမ္မဏနှစ်ပစ္စည်းလုံး၏ ပစ္စယုပ္ပန်ဖြစ်သော တရားဖြစ်လေသည်။

ထိုလေးချက်တရားစုများမှာ အောက်ပါအတိုင်းဖြစ်လေသည်။

(၁) မောဟမူဒွေ၌မောဟ၊ အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။

(၂) သဟိတ်စိတ္တဇရုပ်သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

(၃) အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေကမ္မဇရုပ်,ဗာဟိရရုပ်, အာဟာရဇရုပ်,ဥတုဇရုပ်,အသညသတ်ကမ္မဇရုပ်,ပဝတ္တိကမ္မဇရုပ်။

(၄) သဟိတ်စိတ်ဧကသတ္တတိ မောဟမူဒွေ၌မောဟကြဉ်သော စေဒွေပညာသသဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။

---

### အဋ္ဌကထာဆရာ၏ သင်္ချာထုတ်နည်းနယုပဒေသ။

ပစ္စည်းကို (၁) အရေအတွက်သင်္ချာများသော ဗဟုဂဏနပစ္စည်း (၂) အရေအတွက်သင်္ချာနည်းသော အဗဟုဂဏနပစ္စည်း (၃) အရေ

အတွက်သင်္ချာတူသောသမာနဂဏနပဋ္ဌည်းအာ ဖြင့် သုံးမျိုးခွဲခြားကာ၊ အရေအတွက်သင်္ချာများသော "ဗဟုဂဏနပဋ္ဌည်း" သည်အရေအတွက် သင်္ချာနည်းသော "အဗဟုဂဏနပဋ္ဌည်း" နှင့်ယှဉ်တွဲးသည်ဟုဆိုသော် အရေအတွက်သင်္ချာနည်းသော "အဗဟုဂဏန" ဘက်သို့လိုက်၍ သင်္ချာထုတ်ရလေသည်၊

ရှင်းပါဦးအံ့၊ ဟေတုပဋ္ဌည်း၌နဝသင်္ချာထုတ်၍၊ အာရမ္မဏပဋ္ဌည်း၌ တိကထိသင်္ချာထုတ်ရလေသည်၊ ထိုနှစ်ပဋ္ဌည်းတို့ကို ယှဉ်တွဲလိုက်သည် ဟုဆိုသော် သင်္ချာနည်းရာပဋ္ဌည်းဘက်သို့လိုက်၍ ဟေတုပစ္စယာအာရမ္မဏ တောတိကတိဟုသင်္ချာထုတ်ရလေသည်၊

ဗဟုဂဏနေသုဝိပစ္စယေသုအဗဟုဂဏနေနသဒ္ဓိံ ယုဇ္ဇော တေနသမာနဂဏနေသုဝဟောတိတေနဝုတ္တံဟေတုပစ္စယာအာရမ္မဏေတိကတိ၊
ပဋ္ဌာန်းအဋ္ဌကထာ (၃၅၈-၂၄)

ဗဟုဂဏနေသုပိ၊ အရေအတွက် သင်္ချာများသည်လည်းဖြစ်သော၊ ပစ္စယေသု၊ ပဋ္ဌည်းသည်၊ အဗဟုဂဏနေန၊ အရေအတွက်သင်္ချာနည်းသော ပဋ္ဌည်းနှင့်၊ သဒ္ဓိံ၊ အတူတကွ၊ ယုဇ္ဇော၊ ယှဉ်သည်ဟုဆိုသော်၊ တေန၊ ထိုအရေအတွက်သင်္ချာနည်းသောပဋ္ဌည်းနှင့်၊ သမာနဂဏနေသုဝ၊ တူမျှသော အရေအတွက်ဟုဆိုသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏၊ တေန၊ ထို့ကြောင့်၊ ဟေတုပစ္စယာအာရမ္မဏေတိကတိ၊ တိကတိ-ဟူ၍၊ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏၊

အရေအတွက်တူမျှသော သမာနဂဏနပဋ္ဌည်းသည် အရေအတွက် ချင်းတူမျှသောသမာနဂဏနပဋ္ဌည်းနှင့် ယှဉ်တွဲလိုက်သည်ဟုဆိုသော်၊ အရေအတွက်ယုတ်လျော့ခြင်းမယှိပဲ၊ တူမျှသောသင်္ချာထွက်လေသည်၊

ရှင်းပါဦးအံ့၊ ၊ဟေတုပဋ္ဌည်း၌ နဝသင်္ချာထွက်၍ အဓိပတိပဋ္ဌည်း၌ လည်း နဝသင်္ချာထွက်လေရာ။ ထိုအရေအတွက်သင်္ချာတူမျှသောသမာနဂဏနပဋ္ဌည်းနှစ်ပါးကို ယှဉ်တွဲလိုက်သည်ဟုဆိုသော်၊ အရေအတွက် ယုတ်လျော့ခြင်းမယှိပဲ၊နဝသင်္ချာအတိုင်းပင်ထွက်လေသည်၊

သမာနဂဏနေသုပနသမာနဂဏနေနသဒ္ဓိံ ယုဇ္ဇောအပရိဟီနဂဏနေဝဟောတိ၊ တေနဝုတ္တံဟေတုပစ္စယာအဓိပတိယာနဝါတိ။
ပဋ္ဌာန်းအဋ္ဌကထာ (၃၅၈-၂၇)

ပန၊ အဘိဓ္ဓတပါးကိုဆိုပါဦးအံ့။ သမာနဂဏနော၊ တူမျှသောအရေအတွက်ယှိသောပစ္စည်းသည်။ သမာနဂဏနေန၊ တူမျှသောအရေအတွက်ယှိသောပစ္စည်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ ယုဇ္ဇော၊ ယှဉ်သည်ယှိသော်။ အပရိဟီနဂဏနော ဝ၊ အရေအတွက်မလျော့သည်သာလျှင်။ ဟောတိ၊ ၏။ တေန၊ ထို့ကြောင့်။ ဟေတုပစ္စယာအဓိပတိယာနဝါတိ၊ နဝဟူ၍။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။

---

ဒွေသင်္ချာထွက်ခြင်းအကြောင်း။

(မေး) ဟေတုမူအာရမ္မဏမူလကသင်္ချာဝါရ မူ-နှ-ဖြစ်ပဌမအချက်၌အဘယ့်ကြောင့် ဒွေသင်္ချာထွက်ရပါသနည်း။

(ဖြေ) ဟေတုမူအာရမ္မဏမူလကသင်္ချာဝါရ ပဌမအချက်၌ မောဟမူစိတ်၌ မောဟဟုဆိုအပ်သောအကုသိုလ်၊ အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါးဟုဆိုအပ်သော အဗျာကတနှစ်ပါးတို့ကို အရကောက်ရလေရာ။ အကုသိုလ်ကိုအကြောင်းပြု၍ အကုသလေနအကုသလံတချက်။ အဗျာကတကိုအကြောင်းပြု၍ အဗျာကတေနအဗျာကတံ တချက်အားဖြင့်နှစ်ချက်ရသောကြောင့် ဒွေသင်္ချာထွက်ရခြင်းဖြစ်ပါသည်။

---

ပဉ္စသင်္ချာထွက်ခြင်းအကြောင်း။

(မေး) ဟေတုမူအာရမ္မဏမူလကသင်္ချာဝါရ မူလီ-နှ-ဖြစ် ဒုတိယအချက်၌၊ အဘယ့်ကြောင့် ပဉ္စသင်္ချာထွက်ရပါသနည်း။

(ဖြေ) ဟေတုမူအာရမ္မဏမူလကသင်္ချာဝါရ မူလီ-နှ-ဖြစ် ဒုတိယ အချက်၌၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ အဗျာကတတို့ကို အရကောက်ရလေရာ။ သဟိတ်စိတ္တဇရုပ်သည် ကုသိုလ်ကိုစွဲ၍ဖြစ်သော စိတ္တဇရုပ် (၂)အကုသိုလ်ကိုစွဲ၍ဖြစ်သော စိတ္တဇရုပ် (၃)အဗျာကတဝိပါက်ကြိယာကိုစွဲ၍ဖြစ်သောစိတ္တဇရုပ်(၄)ကုသိုလ်အဗျာကတကိုစွဲ၍ဖြစ်သောစိတ္တဇရုပ်(၅)အကုသိုလ်အဗျာကတကိုစွဲ၍ဖြစ်သောစိတ္တဇရုပ် အားဖြင့် ငါးမျိုးပြားသောကြောင့် (၁)ကုသလေနအဗျာကတံ (၂)အကုသလေနအဗျာကတံ (၃)အဗျာကတေနအဗျာကတံ (၄)ကုသလာဗျာက

တေနအဗျာကတံ (၅)အကုသလာဗျာကတေနအဗျာကတံ......ဟုငါးချက်ရသဖြင့် ပဉ္စသချိုထွက်ရပါသည်။

(မှတ်ချက်၊ ၊ယင်းသို့ သဟိတ်စိတ္တဇရုပ်ပါသောအရကောက်မှန်သမျှ ပဉ္စသချိုထွက်ရကြောင်းကိုသတ်ချပ်ရာသည်)

---

**ကော်သချိုထွက်ရခြင်းအကြောင်း။**

(မေး) ဟေတုမူအာရမ္မဏမူလကသချိုဝါရမူ-မူလီနှစ်ပါးစုံ-နှ-ဖြစ်တတိယအချက်၌အဘယ့်ကြောင့် ကော်သချိုထွက်ရပါသနည်း။

(ဖြေ) ဟေတုမူအာရမ္မဏမူလကသချိုဝါရမူ-မူလီ-နှ-ဖြစ် တတိယအချက်၌ အဟိတ်စိတ္တဇရုပ်(လ)ပဝတ္တိကမ္မဇရုပ် အဗျာကတတို့ကိုအရကောက်ရလေရာ၊ ထိုရုပ်အဗျာကတတရားအားလုံးတို့သည် ကုသိုလ်အကုသိုလ်ကိုစွဲ၍မဖြစ်၊ အဗျာကတတပါးတည်းကိုသာစွဲ၍ ဖြစ်လေသောကြောင့် အဗျာကတေနအဗျာကတံ..... ဟုတချက်တည်းသာရသဖြင့် ကော်သချိုထွက်ရလေသည်၊

---

**တိကကိသချိုထွက်ခြင်းအကြောင်း၊၊**

(မေး) ဟေတုမူအာရမ္မဏမူလကသချိုဝါရ ပါဠိတော်ရင်းအတိုင်း စတုတ္ထအချက်၌၊ အဘယ့်ကြောင့်တိကကိသချိုထွက်ရပါသနည်း၊

(ဖြေ) ဟေတုမူအာရမ္မဏမူလကသချိုဝါရ ပါဠိတော်ရင်းအတိုင်း စတုတ္ထအချက်၌၊ သဟိတ်စိတ်ကြောသတ္တတိမောဟမူခွေ၌ မောဟကြွဲ၍သော စေခွေပညာသ သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါးတို့ကိုအရကောက်ရလေရာ၊ ထိုတရားတို့သည်ကုသိုလ်အကုသိုလ်အဗျာကတနာမက္ခန္ဓာတရားသက်သက်သာ ဖြစ်သောကြောင့်— ကုသလေနကုသလံ အကုသလေနအကုသလံ အဗျာကတေနအဗျာကတံ......ဟုသုံးချက်ရသဖြင့်တိကကိသချိုထွက်ရလေသည်၊

(မှတ်ချက်၊ ၊ယင်းသို့ကုသိုလ် အကုသိုလ်အဗျာကတနာမက္ခန္ဓာတရားသက်သက်အရကောက်ထွက်ရာဟူသမျှ၌ တိကကိသချိုထွက်ရကြောင်းကိုသတ်ချပ်ရာသည်။)

## ပစ္စည်းတွန်း၏ အဓိပ္ပါယ်။

"ပစ္စည်းတွန်း"ဟူသောစကားသည် မြန်မာစကားဖြစ်၍၊ "ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏" အစရှိသော ပဋ္ဌာန်းအရကောက်စကားမှ ပေါက်ဖွားထွက်ပေါ်လာသော "ပဋ္ဌာန်းဝေါဟာရ"တရပ်ဖြစ်၏။

ဟေတုပစ္စယာအာရမ္မဏေ......ဟူသောအနုလုံပါဠိ၌၊ အာရမ္မဏေ-အရ မှုလိုတာဘက်ရအရကောက်ကိုသာဖော်ပြ၍၊ မှုကို နဟေတုပစ္စယာ-ဟုနပဋိသိဒ်ဖြစ်ကာ အရကောက်ယူဖော်ပြခြင်းမပြုပဲ၊ တွန်းဖယ်ပစ်လိုက်သောကြောင့် အရကောက်ခြင်းမှကင်းစင်သွားသည်ကို "တွန်း၍ စင်ကုန်၏"ဟုမိန့်ဆိုလိုက်ခြင်းဖြစ်ပေသည်။

ထို့ကြောင့် မှု,မှုလိုနှစ်ပါးတို့တွင်၊ တပါးပါးကိုသာအရကောက်ယူဖော်ပြ၍၊ ကျန်တပါးကို ကောက်ယူဖော်ပြခြင်းမပြုပဲ တွန်းဖယ်ချန်ထားခြင်းကို"ပစ္စည်းတွန်း"ဟုဆိုလိုပါသည်။

---

### ဟေတုနအာရမ္မဏမူလကဥ္စေသဉ္ဇာအရဝိဓိအနုဝါဒပါဠိထုတ်ပုံ။

ဟေတုမူအာရမ္မဏမူလကသဉ္ဇာဝါရမူ-နှ-မြစ်ပဋ္ဌမအချက်၌ထွက်သော ဒွေသဉ္ဇာအရ ဝိဓိအနုဝါဒပါဠိများထုတ်ပြပါ။

(ဖြေ) (၁) အကုသလံဓမ္မံပဋိစ္စအကုသလောဓမ္မောဥပ္ပဇ္ဇတိနဟေတုပစ္စယာအာရမ္မဏပစ္စယာ .. ဤကားဝိဓိပါဠိတည်း။

ဝိစိကိစ္ဆာသဟဂတေဥဒ္ဓစ္စသဟဂတေ ခန္ဓေပဋိစ္စဝိစိကိစ္ဆာသဟဂတောဥဒ္ဓစ္စသဟဂတောမောဟော..... ဤကားအနုဝါဒပါဠိတည်း။

(၂) အဗျာကတံဓမ္မံပဋိစ္စအဗျာကတောဓမ္မောဥပ္ပဇ္ဇတိ နဟေတုပစ္စယာအာရမ္မဏပစ္စယာ (ဝိဓိ) အဟေတုကံဝိပါကာဗျာကတံ ကိရိယာဗျာကတံဧကံခန္ဓံပဋိစ္စတယောခန္ဓာစိတ္တသမုဋ္ဌာနဉ္စရူပံ၊ (လ) ဒွေခန္ဓာစိတ္တသမုဋ္ဌာနဉ္စရူပံ။

အဟေတုကပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံခန္ဓံပဋိစ္စတယော ခန္ဓာကဋတ္တာစရူပံ(လ)ဒွေခန္ဓာကဋတ္တာစရူပံ။ ခန္ဓေပဋိစ္စဝတ္ထု၊ ဝတ္ထုံပဋိစ္စခန္ဓာ၊ (အနုဝါဒ)

(မှတ်ချက်။ ၊ပဋ္ဌာန်းပါဠိတော်၌ပစ္စနီယာနုလောမဝိဓိအနုဝါဒပါဠိများကို လုံးဝပြဆိုတော်မမူပဲ ချုံးထားလေရာ၊စာသင်ငယ်တို့အသိမက်အံ့စိုး၍ ဒွေသဉ္ဇာအရဝိဓိအနုဝါဒပါဠိများကို ထုတ်ပြလိုက်ခြင်းဖြစ်ပေသည်။)

## ကတ္တားပါဠ်အရကောက်ဆိုရိုးပြပုံ။

(မေး) အကုသလေနအကုသလံ, အဗျာကတေနအဗျာကတံ, နှစ်ချက်တို့၏ ကတ္တားပါဠ်အရကောက်ဆိုရိုးကို ရေးသားဖော်ပြခဲ့ပါ၊

(ဖြေ) (၁) အကုသလေနအကုသလံ .....၌ အကုသလောဓမ္မော..... ဟူသောကတ္တားပုဒ်၏ အရကား၊ ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် စတုဒ္ဒသအစိတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ဝိစိကိစ္ဆာသဟဂုတ်ဥဒ္ဓစ္စသဟဂုတ်၌ယှဉ်သောမောဟပစ္စယုပ္ပန်တရားရ၏။

ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကိုအကုသလံဓမ္မံပဋိစ္စအကုသလောဓမ္မောဥပ္ပဇ္ဇတိနဟေတုပစ္စယာအာရမ္မဏပစ္စယာ (လ)မောဟော– ဟုဟောတော်မူ၏။

(၂) အဗျာကတေနအဗျာကတံ......၌ ပဝတ္တိအခါ အဗျာကတောဓမ္မော......ဟူသော ကတ္တားပုဒ်၏ အရကား၊ အဟိတ်စိတ်အဋ္ဌာရသဆန္ဒကြဉ်သောအညသမာန်းစေတသိက်ဒွါဒသ အစိတ်အစိတ်နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော အဟိတ်စိတ်အဋ္ဌာရသဆန္ဒကြဉ်သော အညသမာန်းစေတသိက်ဒွါဒသအစိတ်အစိတ်နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏။

ပဋိသန္ဓေအခါအဗျာကတောဓမ္မောကား၊ အဟိတ်ပဋိသန္ဓေနှစ်ခုဆန္ဒပီတိဝိရိယကြဉ်သောအညသမာန်း စေတသိက်တဆယ် အစိတ်အစိတ်နာမက္ခန္ဓာဟဒယဝတ္ထုကိုစွဲ၍ဖြစ်သော အဟိတ်ပဋိသန္ဓေနှစ်ခု၊ ဆန္ဒပီတိဝိရိယကြဉ်သောအညသမာန်းစေတသိက်အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏။ ထို့ကြောင့်ထိုတရားတို့၏ဝိဓိဝိဘင်းကို

အဗျာကတံဓမ္မံပဋိစ္စအဗျာကတောဓမ္မောဥပ္ပဇ္ဇတိနဟေတုပစ္စယာအာရမ္မဏပစ္စယာ၊ အဟေတုကံ(လ)ဝတ္ထုံပဋိစ္စခန္ဓာ......ဟု ဟောတော်မူအပ်၏။

( မှတ်ချက်၊ ၊ ဤသဇ္ဇာဝါရပစ္စနီယာနုလောမဝိဓိအနုဝါဒ အရကောက်ဆိုရိုး၌ ကတ္တားပါဠ်ကိုသာအရကောက်၍ ဟိတ်ပါဠ်ကိုအရမကောက်ရပေ။ ထို့ကြောင့်ပဋ္ဌာန်းအရကောက်၌ ဟိတ်ပါဠ်အရကောက်ဆိုရိုးမပါသည်ပေ။)

## ဝိဓိဝိဘင်းကိုညွှန်းပြခြင်း။

(မေး) ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို- ဟူသောအရကောက်ဆိုရိုး၌ ဝိဘင်းဟူသောစကားအရ အဘယ်ကိုယူရမည်နည်း၊ အဘယ့်ကြောင့်နည်း။

(ဖြေ) အနုဝါဒပါဠိကို ဝိဘင်းဟူသောစကားအရ မှတ်ယူရပါမည်၊ အကြောင်းကား- ထိုအနုဝါဒပါဠိသည်ဝိဓိပါဠိကို အကျယ်ဝေဘန်၍ဖွင့်ပြရာဖြစ်သောကြောင့်တည်း။

---

### ဟေတုမူလအာရမ္မဏမူလကမူလသက်၌ ပစ္စယသံချာအရဝိဓိအနုဝါဒထုတ်ပုံ။

(မေး) ဟေတုမူလအာရမ္မဏမူလကမူလီ-နှ-မြစ်ဒုတိယအချက်၌ထွက်သော ပစ္စယသံချာအရဝိဓိအနုဝါဒပါဠိများထုတ်ပြပါ။

(ဖြေ) ကုသလံဓမ္မံပဋိစ္စအဗျာကတောဓမ္မောဥပ္ပဇ္ဇတိ ဟေတုပစ္စယာ နာရမ္မဏပစ္စယာ။ (ဝိဓိ) ကုသလေခန္ဓေပဋိစ္စစိတ္တသမုဋ္ဌာနံရူပံ၊ (အနုဝါဒ)

(၂) အကုသလံဓမ္မံပဋိစ္စအဗျာကတောဓမ္မောဥပ္ပဇ္ဇတိဟေတုပစ္စယာ နာရမ္မဏပစ္စယာ။ (ဝိဓိ)အကုသလေခန္ဓေပဋိစ္စစိတ္တသမုဋ္ဌာနံရူပံ။(အနုဝါဒ)

(၃) အဗျာကတံဓမ္မံ ပဋိစ္စအဗျာကတောဓမ္မောဥပ္ပဇ္ဇတိ ဟေတုပစ္စယာ နာရမ္မဏပစ္စယာ၊ (ဝိဓိ) ဝိပါကာဗျာကတေကိရိယာဗျာကတေခန္ဓေ ပဋိစ္စစိတ္တသမုဋ္ဌာနံရူပံ၊ (အနုဝါဒ)

(၃) ပဋိသန္ဓိက္ခဏေဝိပါကာဗျာကတေခန္ဓေပဋိစ္စကဋတ္တာရူပံ၊ ခန္ဓေ ပဋိစ္စဝတ္ထု၊ ဧကံမဟာဘူတံပဋိစ္စတယောမဟာဘူတာ။ (လ) ဒွေမဟာဘူတေပဋိစ္စဒွေမဟာဘူတာ၊ မဟာဘူတေပဋိစ္စစိတ္တသမုဋ္ဌာနံရူပံကဋတ္တာရူပံဥပါဒါရူပံ၊ (အနုဝါဒ)

(၄) ကုသလဉ္စအဗျာကတဉ္စဓမ္မံ ပဋိစ္စအဗျာကတောဓမ္မောဥပ္ပဇ္ဇတိ ဟေတုပစ္စယာနာရမ္မဏပစ္စယာ။ (ဝိဓိ) ကုသလေခန္ဓေစမဟာဘူတေစ ပဋိစ္စစိတ္တသမုဋ္ဌာနံရူပံ။ (အနုဝါဒ)

(၅) အကုသလဉ္စအဗျာကတဉ္စဓမ္မံပဋိစ္စအဗျာကတောဓမ္မောဥပ္ပဇ္ဇတိ ဟေတုပစ္စယာနာရမ္မဏပစ္စယာ၊ (ဝိဓိ) အကုသလေခန္ဓေစမဟာဘူတေစ ပဋိစ္စစိတ္တသမုဋ္ဌာနံရူပံ။ (အနုဝါဒ)

### ပဋ္ဌသင်္ချာအရကောက်ဆိုရိုးပြပုံ။

(မေး) ဟေတုမူအာရမ္မဏမူလကာ၌ ပဋ္ဌသင်္ချာအရ ငါးချက်သော ကဏ္ဍားပါဌ်တို့ကို အကျဉ်းအရကောက်ပြပါ။

(ဖြေ) (၁)အဗျာကတော ခမ္ဘော...... ဟူသောကဏ္ဍားပုဒ်၏ အရကား၊ ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်ဇောဝီသစေအဋ္ဌတိံသအစိတ် အပေါင်းနာမက္ခန္ဓာခွဲး၍ဖြစ်သောကုသိုလ်ပြုအပ်သောဝိဘတ္တိစုပ်။

(၂) ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသစေသတ္တဝီ သအစိတ်အပေါင်း နာမက္ခန္ဓာကိုခွဲး၍ဖြစ်သော အကုသိုလ်ပြုအပ်သော ဝိဘတ္တိစုပ်။

(၃) ပဝတ္တိအခါ ကဏ္ဍားကား- ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု, ရဟန္တာတို့ရတိကြဉ်သော သဟိတ်ဒွိပါက်ဇောဝီ သသဟိတ်ကြိယာသတ္တရသစေအဋ္ဌတိံသအစိတ်အပေါင်းနာမက္ခန္ဓာကို ခွဲး၍ဖြစ်သောဝိဘတ္တိစုပ်။

ပဋိသန္ဓေအခါကဏ္ဍားကား- သဟိတ်ပဋ္ဌဝေါကာရပဋိသန္ဓေတေရသစေပဋ္ဌတိံသ အစိတ်အပေါင်းနာမက္ခန္ဓာကိုခွဲး၍ဖြစ်သော ကဏ္ဍား ရုပ်။

ရုပ်သက်သက်၌ကဏ္ဍားကား- ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု,ရဟန္တာတို့ရတိကြဉ်သောကုသိုလ် အကုသိုလ်သဟိတ် ဝိပါက်သဟိတ်ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သောဝိဘတ္တိ မဟာဘုတ်သဟိတ်ပဋ္ဌဝေါကာရပဋိသန္ဓေတေရသာတို့နှင့် ယထာရဟအ တူဥပါဒ်သော သဟိတ်ကမ္မဇမဟာဘုတ်ကိုခွဲး၍ဖြစ်သော ဘုတ်နှင့်တ ကွသော သဟိတ်ဝိဘတ္တိဥပါဒါသဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါရုပ်။

(၄) ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်ဇောဝီသ စေအဋ္ဌတိံ သအစိတ်အပေါင်းနာမက္ခန္ဓာမဟာဘုတ်ကိုခွဲး၍ဖြစ်သောဝိဘတ္တိစုပ်။

(၅) ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ စေသတ္တဝီ သအစိတ်အပေါင်းနာမက္ခန္ဓာမဟာဘုတ်ကိုခွဲး၍ဖြစ်သော ဝိဘတ္တိစုပ်ပဋ္ဌ ယပုဒ်တရားရ၏။ ဤသည်ကား- ပဋ္ဌသင်္ချာအရအကျဉ်းအရကောက်ပုံ တည်း။

**ဟေတုမူ အာရမ္မဏမူလက တတိယအချက်၌ ကော်သချှာအရ ၈၈အနုဝါဒထုတ်ပုံ၊**

(မေး) ဟေတုမူအာရမ္မဏမူလက မူ မူလိနှစ်ပါးစုံ-နှ-ဖြစ် တတိယ အချက်၌ ၈၈ အနုဝါဒပါဠိများကိုထုတ်ပြပါ။

(ဖြေ) အဗျာကတံဓမ္မံပဋိစ္စအဗျာကတောဓမ္မောဥပ္ပဇ္ဇတိနဟေတုပစ္စ ယာနာရမ္မဏပစ္စယာ၊(၈၈)အဟေတုကဝိပါကာဗျာကတေကံခန္ဓံပဋိစ္စ ကတတ္တာ စ ရူပံ ... သည်တည်း၊

အဟေတုကဝိပါကာဗျာကတေကံခန္ဓံပဋိစ္စစိတ္တသမုဋ္ဌာနံရူပံ၊ အဟေတုကပဋိသန္ဓိက္ခဏေဝိပါကာ ဗျာကတေခန္ဓေပဋိစ္စကဋတ္တာရူပံ။ ခန္ဓေပဋိစ္စဝတ္ထု၊ ကော်မဟာဘူတံ (လ) မဟာဘူတေပဋိစ္စစိတ္တသမုဋ္ဌာနံရူပံ ကဋတ္တာရူပံဥပါဒါရူပံ၊ ဗာဟိရံကော် မဟာဘူတံ (လ) မဟာဘူတေပဋိစ္စဥပါဒါရူပံ။ အာဟာရသမုဋ္ဌာနံ (လ) ဥတုသမုဋ္ဌာနံ (လ) အသညသတ္တာနံကော်မဟာဘူတံ (လ) မဟာဘူတေပဋိစ္စ ကဋတ္တာရူပံဥပါဒါရူပံ......သည်တည်း၊

---

**ကော်သချှာအရအကျဉ်းအရကောက်ပုံ။**

(မေး) ဟေတုမူအာရမ္မဏမူလက မူ-မူလိနှစ်ပါးစုံ-နှ-ဖြစ်တတိယအ ချက်၌ကော်သချှာအရ အကျဉ်းအရကောက်ပြပါ။

(ဖြေ) (၁)အဗျာကတောဓမ္မောကတ္တားပုဒ်အရကား၊ ပဉ္စဝေါကာရ ဘုံ၌ဖြစ်သောအခါ ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော အဟိတ်ဝိပါက် အ ဟိတ် ကြိယာ ဆန္ဒကြဉ်သော အညသမာန်း ၁၁ ခုသော အဝိဇ်အပေါင်း နာ မက္ခန္ဓာကိုစွဲး၍ဖြစ်သောစိတ္တဇရုပ်၊

(၂) ပဋိသန္ဓေအခါ ကတ္တားကား၊ အဟိတ်ပဋိသန္ဓေနှစ်ခု, ဆန္ဒပီတိ ဝိရိယ ကြဉ်သော အညသမာန်းစေတသိက်တဆယ် အဝိဇ်အပေါင်းနာ မက္ခန္ဓာကိုစွဲ၍ဖြစ်သောကဋတ္တာရုပ်၊

(၃) ရုပ်သက်သက်၌ကတ္တားကား၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအ ခါ ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော အဟိတ်ဝိပါက် အဟိတ်ကြိယာ နာမက္ခန္ဓာတို့သည်ယထာရဟပြုအပ်သော စိတ္တဇမဟာဘုတ်၊ အဟိတ် ပဋိသန္ဓေနှစ်ခုနှင့်ယထာရဟာအတူဥပါဒ်သောကမ္မဇမဟာဘုတ်၊ဗာဟိရ မဟာဘုတ်၊ အာဟာရဇမဟာဘုတ်, ဥတုဇမဟာဘုတ်၊ အသညသတ်

ဟေတုမူအဓိပတိဒုက၌ အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောတရားကားမရှိ၊ ထို့ကြောင့်ပစ္စနီယာနုလောမ၌ နဟေတုပစ္စယာအဓိပတိယာအစရှိသည်ဖြင့် မဟောရသတည်း။

အဓိပတိပစ္စည်းကိုရသောအခါအဓိပတိတရားကိုယ်၊ မရသောအခါ မောဟမူဒွေ၌မောဟကြဉ်သော အကုသိုလ်ဒွါဒသမဟာကုသိုလ် မဟာကြိယာသဟိတ်လောကီဝိပါက်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး နိရာဓိပတိသဟိတ်စိတ္တဇရုပ်သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောကြောင့်အဓိပတိပစ္စည်းတွင်း၍ စင်ကုန်၏၊ ထို့ကြောင့်ထိုတရားတို့ကိုအနုလောမပစ္စနီက၌ ဟေတုပစ္စယာနအဓိပတိယာနဝ ... ဟုသင်္ချာတင်၍ ဟောတော်မူအပ်ကုန်၏၊ နဝ—ဟူသော်ကား- ကုသလေနကုသလံ(လ)အကုသလာဗျာကတေနအဗျာကတံ......ဟူသည်တည်း။

မောဟမူဒွေ၌မောဟ၊အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေကမ္မဇရုပ်,ဗာဟိရရုပ်,အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုအဓိပတိပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်သောတရားမည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကိုပစ္စနီက၌ နဟေတုပစ္စယာနအဓိပတိယာ ဒွေ......ဟုသင်္ချာတင်၍ ဟောတော်မူအပ်ကုန်၏၊ ဒွေ-ဟူသော်ကား အကုသလေနအကုသလံအဗျာကတေနအဗျာကတံ...... ဟူသည်တည်း။

---

ကမ္မဇမဟာဘုတ်ပဝတ္တိကမ္မဇမဟာဘုတ်ကိုစွဲ၍ ဖြစ်သောအဟိတ်စိတ္တဇဥပါဒါအဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါဗာဟိရဥပါဒါ အာဟာရဇဥပါဒါ ဥတုဇဥပါဒါ အသညသတ်ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇဥပါဒါ ပစ္စယုပ္ပန်တရားရ၏၊

---

### ဟေတုမူအာရမ္မဏမူလကဝတုဏ္ဏအချက်၌ဝိဓိအနုဝါဒပါဠိထုတ်ပုံ၊

(မေး) ဟေတုမူအာရမ္မဏမူလကပါဠိတော်ရင်းအတိုင်း ဝတုဏ္ဏအချက်၌တိဂဏ်သင်္ချာအရဝိဓိအနုဝါဒပါဠိများကိုထုတ်ပြပါ၊

အဓိပတိတရားကိုယ်ကြဉ်သောသာဓိပတိဇောငါးဆဲ့နှစ်ခုနာမက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်၊ ဤတရားတို့သည် ဟေတုအဓိပတိပစ္စည်းနှစ်ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သောတရားမည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌(လ)ဟေတုပစ္စယာ အဓိပတိယာနဝ .....ဟုသင်္ချာတပ်၍ ဟောတော်မူကုန်၏။ နဝဟူသော်ကား ကုသလေနကုသလံ(လ)အကုသလာဗျာကတေနအဗျာကတံဟူသည်တည်း။

---

(ဖြေ) (၁) ကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိ ဟေတုပစ္စယာ အာရမ္မဏပစ္စယာ။(ဝိဓိ)ကုသလံဧကံခန္ဓံပဋိစ္စ(လ)ဒွေခန္ဓာ၊အနုဝါဒ။

(၂) အကုသလံဓမ္မံ(လ)ဟေတုပစ္စယာအာရမ္မဏပစ္စယာ၊(ဝိဓိ) အကုသလံဧကံ(လ)ဒွေခန္ဓာ၊ (အနုဝါဒ)

(၃) အဗျာကတံဓမ္မံ(လ)ဟေတုပစ္စယာအာရမ္မဏပစ္စယာ၊ (ဝိဓိ)ဝိပါကာဗျာကတံကိရိယာဗျာကတံဧကံခန္ဓံ(လ)ဒွေခန္ဓာ။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ(လ)ဒွေခန္ဓာ၊ဝတ္ထုံပဋိစ္စခန္ဓာ။ (အနုဝါဒ)

---

### တိကတိသင်္ချာအရကောက်ပုံ။

(မေး) ဟေတုမူအာရမ္မဏမူလက ပါဠိတော်ချင်းအတိုင်း စတုတ္ထအချက်၌တိကတိသင်္ချာအရ အကျဉ်းအရကောက်ပြပါ၊

(ဖြေ) (၁) ကုသလောကတ္တွားကား၊ ကုသိုလ်ဇောဝိသစေအဋ္ဌတိံသအစိတ်အစိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သောကုသိုလ်ဇောဝိသစေအဋ္ဌတိံသအစိတ်အစိတ်နာမက္ခန္ဓာ၊

(၂) အကုသလောကတ္တွား၊အကုသိုလ်ဒွါဒသစေသတ္တဝိသအစိတ်အစိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော အကုသိုလ်ဒွါဒသစေသတ္တဝိသအစိတ်အစိတ်နာမက္ခန္ဓာ၊

(မေး) ပဝတ္တိအခါအဗျာကတောကတ္တွားကား၊ သဟိတ်ဝိပါက်ကြေဝိသသဟိတ်ကြိယာသတ္တရသစေအဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သောသဟိတ်ဝိပါက်ကြေဝိသသဟိတ်ကြိယာသတ္တရသစေအဋ္ဌတိံသအစိတ်အစိတ်နာမက္ခန္ဓာ၊ပဋိသန္ဓေအခါကတ္တွားကား၊ သဟိတ်ပဋိသန္ဓေသတ္တရသစေပဉ္စတိံသ အစိတ်အစိတ်နာမက္ခန္ဓာဟဒယဝတ္ထုကိုစွဲ၍

၍ဖြစ်သော သဟိတ်ပဋိသန္ဓေသတ္တရသစေပဋ္ဌတိသ အမိတ်အမိတ် အမိတ်အပေါင်းနှင့်မကွန္တာပစ္စယုပ္ပန်တရားရ၏။

---

### ဟေတုမှု အဓိပတိမှုလကပဋ္ဌမအချက်အရကောက်မထွက်ခြင်း အကြောင်း။

(မေး) ဟေတုမှုအဓိပတိမှုလက မှ နှ-ဖြစ်ပဋ္ဌမအချက်၌ အဘယ့်ကြောင့်အရကောက်မထွက်သနည်း။

(ဖြေ) မှုဖြစ်သော ဟေတုပစ္စည်းသည် အရကောက်အားဖြင့် အရာကျယ်သောကြောင့် အရကောက်မထွက်ခြင်းဖြစ်ပါသည်။

မှန်ပါသည်။ ဟေတုပစ္စည်း၏ပစ္စယုပ္ပန်တရားသည် အဓိပတိပစ္စယုပ္ပန်တရားထက်ပင် အရကောက်ကျယ်သောကြောင့် အဓိပတိပစ္စည်း၏ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မမဖြစ်နိုင်သောတရားမရှိပေ။ ထို့ကြောင့်အရကောက်မထွက်ခြင်းဖြစ်ပါသည်။

---

### အရကောက်မထွက်ရာ၌မှတ်သားဘွယ်။

မှ-မှ၆နှစ်ပါးတို့တွင်။ မှုသည်မှု၆ထက်အရကောက်အရာကျယ်ပါမှုပစ္စနီယသနုလောမ၌ အရကောက်မထွက်ပေ၊ မှု၆သည် မှုထက်အရကောက်အရာကျယ်ပါမှု၊ အနုလောမပစ္စနိက်၌အရကောက်မထွက်ပေ။ မှ-မှ၆နှစ်ပါးစုံတို့သည် အရကောက်အားဖြင့်တူညီကြပါမှု၊ ပစ္စနီယသနုလောမ၌ရင်း၊ အနုလောမပစ္စနိက်၌ရင်း၊ အရကောက်မထွက်ပေ။

### ဟေတုမှုအဓိပတိမှုလကဒုတိယအချက်၌ ဝိဓိအနုဝါဒ ပါဠိထုတ်ပုံ။

ဟေတုမှုအဓိပတိမှုလကမှု၁-နှ-ဖြစ် ဒုတိယအချက်၌ နဝသချာထွက်လေရာ။ ၎င်းနဝသချာအရဝိဓိအနုဝါဒပါဠိထုတ်ပုံမှာ ဟေတုပစ္စည်းနှင့်အလုံးစုံတူပါသည်။

### နဝသချာအရ ကိုးချက်အရကောက်ပုံ။

(မေး) ဟေတုမှုအဓိပတိမှုလက မှု၁-နှ-ဖြစ် ဒုတိယအချက်၌ ထွက်သောနဝသချာအရကဏ္ဍားပါဠိတို့ကိုအကျဉ်းအရကောက်ပြပါ။

## ဟေတုမူသဟဇာတာဘမူလကအရကောက်အကျဉ်း။

(၁) (၁) မောဟမူဒွေ၌မောဟ၊ (၂) အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ (၃) အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်,အာဟာရဇရုပ်,ဥတုဇရုပ်,အသညသတ်ကမ္မဇရုပ်,ပဝတ္တိကမ္မဇရုပ်၊ပစ္စနီယာနုလောမ၊နဟေတုပစ္စယာသဟဇာတေ ဒွေ၊အကုသလေန အကုသလံ၊ (၂)အဗျာကတေန အဗျာကတံ၊

(၂) အနုလောမပစ္စနိက်မယှဉ်၊

(၃) ပစ္စနိက်မယှဉ်၊

(၄) သဟိတ်ကြေသတ္တုတိ မောဟမူဒွေ၌မောဟကြဉ်သော စေဒွေပညာသ၊သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊အနုလုံ၊ဟေတုပစ္စယာသဟဇာတေနဝ၊

---

(ဖြေ) (၁)ကုသလေနကုသလံ၌ ကုသလောကတ္တားကား၊ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်ရှစ်ခု၊ ဈာန်ရသောမဟဂ္ဂုတ်ကုသိုလ်ကိုးခု,မဂ်လေးခု စေအဋ္ဌတိံသ အစိတ်အပေါင်းနာမက္ခန္ဓာကိုစွဲ၍ဖြစ်သော အဓိပတိတရားကိုယ်၊အဓိပတိပစ္စည်းကိုမရသောအခါမဟာကုသိုလ်ရှစ်ခု စေအဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော မဟာကုသိုလ်ရှစ်ခု စေအဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ၊

(၂) ကုသလေနအဗျာကတံ၌ အဗျာကတောကတ္တားကား၊ ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုမရသောအခါ မဟာကုသိုလ်ရှစ်ခု စေအဋ္ဌတိံသ အစိတ်အပေါင်းနာမက္ခန္ဓာကိုစွဲ၍ဖြစ်သော နိရာဓိပတိစိတ္တဇရုပ်။

(၃) ကုသလေနကုသလာဗျာကတံ၌ ကတ္တားကား၊ ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုမရသောအခါ မဟာကုသိုလ်ရှစ်ခု စေအဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သောမဟာကုသိုလ်ရှစ်ခု စေအဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော နိရာဓိပတိစိတ္တဇရုပ်၊

(၄) အကုသလေနအကုသလံ၌ အကုသလောကတ္တားကား၊ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူရှစ်ခု, ဒေါသမူဒွေဝိစိကိစ္ဆာကြဉ်သော စေဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော အဓိပတိတရား

ကိုယ်၊ အဓိပတိပစ္စည်းကိုမရသောအခါအကုသိုလ်ဒွါဒသ စေသတ္တဝိသ အစိတ်အစိတ်နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သောအကုသိုလ်ဒွါဒသမောဟမူနှစ်ခု မောဟကြဉ်သောသတ္တဝိသအစိတ်အစိတ်နာမက္ခန္ဓာ။

(၅) အကုသလေနအဗျာကတံ ....၌ကတ္တားကား၊ ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုမရသောအခါ အကုသိုလ်ဒွါဒသ စေသတ္တဝိသအစိတ်အပေါင်းနာမက္ခန္ဓာကိုစွဲ၍ဖြစ်သော နိရာဓိပတိစိတ္တဇရုပ်။

(၆) အကုသလေနအကုသလာဗျာကတံ .....၌ကတ္တားကား၊ ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုမရသောအခါ အကုသိုလ်ဒွါဒသ စေသတ္တဝိသ အစိတ် အစိတ်နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော အကုသိုလ်ဒွါဒသမောဟမူနှစ်ခု မောဟကြဉ်သော စေသတ္တဝိသအစိတ်အစိတ်နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော နိရာဓိပတိစိတ္တဇရုပ်၊

(၇) အဗျာကတေနအဗျာကတံ.....၌ ပဝတ္တိအခါ အဗျာကတော ကတ္တားကား၊ အဓိပတိပစ္စည်းကိုရသောအခါ မဟာကြိယာသာရှစ်ခု, ဇောန်ရသော မဟဂ္ဂုတ်ကြိယာကိုးခု, ဖိုလ်လေးခု စေအဋ္ဌတိံသ အစိတ် အပေါင်းနာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော အဓိပတိတရားကိုယ်၊ မရသောအခါ မဟာကြိယာရှစ်ခု သဟိတ်လောကီဝိပါက်သတ္တရသ စေပဉ္စတိံသ အစိတ်အစိတ်နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော နိရာဓိပတိစိတ္တဇရုပ်၊

ပဋိသန္ဓေအခါကတ္တားကား၊ သဟိတ်ပဋိသန္ဓေသတ္တရသစေပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်းနာမက္ခန္ဓာ ဟဒယဝတ္ထုကိုစွဲ၍ဖြစ်သော သဟိတ်ပဋိသန္ဓေသတ္တရသ စေပဉ္စတိံသအစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာကဋတ္တာရုပ်၊

ရှပ်သက်သက်၌ကတ္တားကား၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု, ရဟန္တာတို့ စုတိကြဉ်သော နိရာဓိပတိကုသိုလ်အကုသိုလ်သဟိတ်ဝိပါက်သဟိတ်ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သောနိရာဓိပတိစိတ္တဇမဟာဘုတ်၊ သဟိတ်ပဉ္စဝေါကာရပဋိသန္ဓေ တေခဏသတို့နှင့် ယထာရဟအတူဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇမဟာဘုတ်ကိုစွဲ၍ ဖြစ်သောဘုတ်နှင့်တကွသော နိရာဓိပတိစိတ္တဇဥပါဒါရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါရုပ်၊

(၈) ကုသလာဗျာကတေနအဗျာကတံ-၌ကတ္တားကား၊ ပဉ္စဝေါကာရဘုံ၌အဓိပတိပစ္စည်းကိုမရသောအခါမဟာကုသိုလ်စိတ်ရှစ်ခု, စေအဋ္ဌတိံသအစိတ်အပေါင်းနာမက္ခန္ဓာမဟာဘုတ်ကိုစွဲ၍ဖြစ်သောနိရာဓိပတိစိတ္တဇရုပ်။

(၉) အကုသလာဗျာကတေနအဗျာကတံ—၌ ကတ္တားကား၊ပဉ္စဝေါကာရဘုံ၌အဓိပတိပစ္စည်းကိုမရသောအခါ၊ အကုသိုလ်ဒွါဒသစေသတ္တဝီသအစိတ်အပေါင်းနာမက္ခန္ဓာ မဟာဘုတ်ကိုစွဲ၍ဖြစ်သော နိရာဓိပတိစိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။

---

### ဟေတုမူအနန္တရမူလက။

ဟေတုမူအနန္တရမူလက အရေကောက်ဆိုရိုးအလုံးစုံသည် ဟေတုမူအာရမ္မဏမူလကနှင့်တူ၏။

### ဟေတုမူအာရမ္မဏမူလကနှင့်တူသောမူလကပစ္စည်းများ။

(မေး) ဟေတုမူအာရမ္မဏမူလကနှင့်အလုံးစုံတူသောမူလကပစ္စည်းများကိုထုတ်ပြပါ။

(ဖြေ) (၁) ဟေတုမူအနန္တရမူလက (၂) သမနန္တရမူလက (၃) ဥပနိဿယမူလက (၄) သမ္ပယုတ္တမူလက (၅) နတ္ထိမူလက (၆) ဝိဂတမူလကတို့ဖြစ်ပါသည်။

---

### ဟေတုမူသဟဇာတမူလကပဌမအချက်နှစ်ပိုင်း-သုံးပုံ။

ဟေတုမူသဟဇာတမူလက မူ-နှ- ဖြစ်ပဌမအချက်၌ အကုသိုလ်တပိုင်း,အဗျာကတတပိုင်းအားဖြင့် နှစ်ပိုင်း,ပိုင်း၊ (၁) မောဟမူဒွေ၌မောဟတပုံ၊ (၂) အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါးတပုံ။ (၃)အဟိတ်စိတ္တဇရုပ်(လ)ပဝတ္တိကမ္မဇရုပ်တပုံအားဖြင့် သုံးပုံ,ပုံရာသည်။ ထိုတွင်—

(၁) အပုံကို ဟေတုမူအာရမ္မဏမူလကပဌမအချက် အကုသလော ကတ္တားပုဒ်ဆိုရိုးအတိုင်း အရေကောက်ပိမိအနုဝါဒထုတ်လေ။

## ဟေတုနှအညမညနှသကအရကောက်အကျဉ်း။

(၁) (၁) မောဟမူနှေ့၌မောဟ၊ (၂) အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ (၃) အဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာမှထောက်အပ် သောဟာဒယဝတ္ထု၊ အချင်းချင်းမှထောက်အပ်သောအဟိတ်စိတ္တဇမဟာ ဘုတ်၊ အဟိတ်ပဋိသန္ဓေကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ်၊ အာဟာရ ဇမဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ်ကမ္မဇမဟာဘုတ်၊ ပဝတ္တိ ကမ္မဇမဟာဘုတ်၊ ပစ္စနီယာနုလောမ၊ နဟေတုပစ္စယာအညမညေနွေ။

(၂) နာမက္ခန္ဓာမှထောက်အပ်သောသဟိတ်စိတ္တဇရုပ်၊ ဟာဒယဝတ္ထု မှတပါး သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သောသ ဟိတ်စိတ္တဇဥပါဒါရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါရုပ်, အနုလောမပစ္စ နိက်,ဟေတုပစ္စယာနအညမညေပဋ္ဌ၊

(၃) နာမက္ခန္ဓာမှထောက်အပ်သောအဟိတ်စိတ္တဇရုပ်၊ ဟာဒယဝတ္ထုမှ တပါးအဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှထောက်အပ်သောအဟိတ် စိတ္တဇဥပါဒါ၊ အဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါ၊ ဗာဟိရဥပါဒါ အာဟာရဇ ဥပါဒါ အသညသတ်ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇဥပါဒါရုပ်၊ ပစ္စနိက်၊ နဟေ တုပစ္စယာနအညမညေဧကံ၊

(၄) သဟိတ်စိတ်ကြသတ္တတိမောဟမူနှေ့၌ မောဟကြဉ်သော စေ နေ့ပညာသ သဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ သဟိတ်ပဋိ သန္ဓေနာမက္ခန္ဓာမှထောက်အပ်သောဟာဒယဝတ္ထု၊ အချင်းချင်းမှထောက် အပ်သောသဟိတ်စိတ္တဇမဟာဘုတ် သဟိတ်ပဋိသန္ဓေကမ္မဇမဟာဘုတ် အနုလုံ၊ ဟေတုပစ္စယာအညမညေတီဏိ၊

---

(၂) အပုံကိုလည်း ထိုဟေတုမူအာရမ္မဏမူလကပဌမအချက် အ ဗျာကတောကဏ္ဍအားအတိုင်းကောက်၍ ပဝတ္တိအဗျာကတ သိုရိုးအဆုံး၌ ထိုနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏ဟု-ဆက်၍ဆို၊ ပဋိသန္ဓေအဗျာကတ သိုရိုးအဆုံး၌ ကဋတ္တာရုပ်ပစ္စယုပ္ပန်တရားရ၏ ဟု ဆက်၍ဆိုလေ။

(၂) အပုံဝိဘင်းကား၊ အဟေတုကံဝိပါကာဗျာကတံကိရိယာဗျာ

ကတံဧကံခန္ဓံပဋိစ္စတယောခန္ဓာစိတ္တသမုဋ္ဌာနဉ္စရူပံ (လ) အဟေတုကပဋိသန္ဓိက္ခဏေဝိပါကာဗျာကတံ ဧကံခန္ဓံ ပဋိစ္စတယောခန္ဓာ ကဋတ္တာစရူပံ (လ)ခန္ဓေပဋိစ္စဝတ္ထု၊ ဝတ္ထုံပဋိစ္စခန္ဓာ......တို့ဖြစ်လေသည်၊

(၃) အပုံကိုဟေတုမူအာရမ္မဏမူလကတတိယအချက်အတိုင်း အရကောက်ဝိဘင်းထုတ်လေ။

ဟေတုမူသဟဇာတမူလကစတုတ္ထအချက် အရကောက်ဝိဘင်းထုတ်ပုံအလုံးစုံမှာ၊ ဟေတုမူအာရမ္မဏမူလကစတုတ္ထအချက်အတိုင်းပင်ဖြစ်ပေသည်၊

---

### ဟေတုမူအညမညမူလကပဉ္စမအချက်နှစ်ပိုင်းသုံးပုံ။

ဟေတုမူအညမညမူလက-၅-မြောက်ပဉ္စမအချက်၌ နှစ်ပိုင်းသုံးပုံပုံထားရာ။ (၁)အပုံကိုဟေတုမူအာရမ္မဏမူလကအကုသလောကတ္တားပါဠိအရကောက်အတိုင်း ဝိဘင်းထုတ်လေ၊

(၂)အပုံကိုပဝတ္တိတပိုင်း, ပဋိသန္ဓေတပိုင်းအားဖြင့်နှစ်ပိုင်းခွဲ၊ ပဉ္စမပိုင်းကိုဟေတုမူအာရမ္မဏမူလကပဉ္စမအချက် ပဝတ္တိအဗျာကတအတိုင်း အရကောက်ဝိဘင်းထုတ်လေ၊

### ပဋိသန္ဓေအဗျာကတဘာဆိုရိုး။

အဗျာကတေနအဗျာကတံ.....၌ပဋိသန္ဓေအခါ အဗျာကတော-ကတ္တားကား၊အဟိတ်ပဋိသန္ဓေနှစ်ခု၊ဆန္ဒပီတိဝိရိယကြဉ်သောအညသမာန်း စေတသိက်တဆယ် အပိတ်အပိတ် အပိဘ်အပေါင်းနာမက္ခန္ဓာဟဒယဝတ္ထုကိုစွဲ၍ဖြစ်သောအဟိတ်ပဋိသန္ဓေနှစ်ခုဆန္ဒပီတိဝိရိယကြဉ်သော အညသမာန်း စေတသိက်တဆယ် အပိတ်အပိတ် အပိဘ်အပေါင်း နာမက္ခန္ဓာဟဒယဝတ္ထုပစ္စယုပ္ပန်တရားရ၏၊

### ပဋိသန္ဓေအဗျာကတဘာဝိဘင်းထုတ်ပုံ။

အဟေတုပဋိသန္ဓိက္ခဏေဝိပါကာဗျာကတံဧကံခန္ဓံပဋိစ္စတယောခန္ဓာ ဝတ္ထုစ(လ)ခန္ဓေပဋိစ္စဝတ္ထု၊ဝတ္ထုံပဋိစ္စခန္ဓာ၊

(မှတ်ချက်၊ ဟေတုမူအာရမ္မဏမူလကပဋိသန္ဓေအဗျာကတဝိဘင်းထက်၊ဝတ္ထုံစ..... ဟူသောပါဠိတလုံး အပိုထည့်ရခြင်းသာထူးလေသည်၊)

## ရုပ်အဗျာကတအရကောက်အထူး။

(၃)အပုံအရကောက်ဆိုရိုးမှာ ဟေတုမူအာရမ္ဘာအမူလကတတိယအချက်အရကောက်၌ "ဘုတ်နှင့်တကွသော" ဟူသောစကားကိုဖြုတ်၍ ပဝတ္တိကမ္မဇမဟာဘုတ်ကိုစွဲ၍ဖြစ်သော မဟာဘုတ်ပစ္စယုပ္ပန်တရားရ၏။ ဤသို့ဆိုရပုံသာထူးသည်၊ အကြွင်းဆိုရိုးမှာအလုံးတူ၏။

---

### ဟေတုမူအညမညမူလကဒုတိယအချက်သင်္ချာအရ အရကောက်နည်းအကျဉ်း။

ဟေတုမူ အညမညမူလကမူသီ-နှ-ဖြစ် ဒုတိယအချက် ပဉ္စသင်္ချာအရ ငါးချက်တို့တွင်(၁)ကုသလေနအဗျာကတံ (၂)အကုသလေနအဗျာကတံ နှင့်ချက်ကို အာရမ္ဘာအတိုင်းအရကောက်ဝိဘင်းထုတ်ရသည်၊

အဗျာကတေနအဗျာကတံ၌......ပဝတ္တိအဗျာကတကိုလည်း အာရမ္ဘာလအတိုင်းကောက်လေ။

ပဋိသန္ဓေအဗျာကတအရကောက်၌သည်း အာရမ္ဘာမူလက အရကောက်ဆိုရိုးအဆုံး......ကဋတ္တာရုပ်ပစ္စယုပ္ပန်တရားရ၏ ဟူသောစကားအစား။ဟာဒယဝတ္ထုမှတပါး ကဋတ္တာရုပ်ပစ္စယုပ္ပန်တရားရ၏.....ဟုဆိုရခြင်းသာထူးသည်၊ အကြွင်းအလုံးတူ၏။

ရုပ်သက်သက်အဗျာကတဆိုရိုး ... ၌ အာရမ္ဘာမူလကရုပ် အဗျာကတဆိုရိုးမှ...... မဟာဘုတ်ကိုစွဲ၍ဖြစ်သော (ဘုတ်နှင့်တကွသော) ဟူရာ၌ကွင်းအတွင်းရှိစကားကိုဖယ်၍ ....မဟာဘုတ်ကိုစွဲ၍ဖြစ်သောသဟိတ်စိတ္တဇဥပါဒါသဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါရုပ်ပစ္စယုပ္ပန်တရားရ၏......ဟုဆိုရိုးပြုရခြင်းသာထူးသည်၊အကြွင်းအလုံးတူ၏။

---

### ဟေတုမူအညမညမူလက တတိယအချက် ကြံသင်္ချာ အရကောက်အကျဉ်း။

ဟေတုမူအညမညမူလက မူ-မူသီနှစ်ပါးစုံ-နှ-ဖြစ် တတိယအချက် အဗျာကတေနအဗျာကတံ ကြံသင်္ချာအရပဝတ္တိ-ပဋိသန္ဓေ- ရုပ်သက်သက်အဗျာကတသုံးမျိုးတို့တွင် ပဝတ္တိအဗျာကတမှာ အာရမ္ဘာမူလက အတိုင်းအရကောက်ဝိဘင်းထုတ်ရသည်၊

ပဋိသန္ဓေအဗျာကတအရကောက်ဆိုရိုး၌လည်း...... ဟဒယဝတ္ထုံမှတပါး အဟိတ်ပဋိသန္ဓေကမ္မဇရုပ်ပစ္စုပ္ပန်တရားရ၏...... ဟူသောစကားသာထူးသည်၊ အကြွင်းအာရမ္မဏမူလကအတိုင်းပင်။

ရုပ်သက်သက် အာရမ္မဏဆိုရိုး၌လည်း ..... ပဝတ္တိကမ္မဇမဟာဘုတ်ကိုစွဲ၍ဖြစ်သော အဟိတ်စိတ္တဇဥပါဒါ (လ)ပဝတ္တိကမ္မဇဥပါဒါရုပ်ပစ္စုပ္ပန်တရားရ၏......ဟုဆိုရခြင်းသာထူးသည်၊ အကြွင်းအာရမ္မဏမူလက ရုပ်သက်သက်အဗျာကတဆိုရိုးအတိုင်းပင်ဖြစ်၏။

ရုပ်သက်သက်အဗျာကတအနုဝါဒ ....၌ မဟာဘူတေပဋိစ္စစိတ္တသမုဋ္ဌာနံရူပံကဋတ္တာရူပံဥပါဒါရူပံ၊ ဗာဟိရံမဟာဘူတေပဋိစ္စဥပါဒါရူပံ၊ အာဟာရသမုဋ္ဌာနံမဟာဘူတေပဋိစ္စဥပါဒါရူပံ ဥတုသမုဋ္ဌာနံမဟာဘူတေပဋိစ္စဥပါဒါရူပံ၊ အသညသတ္တာနံမဟာဘူတေပဋိစ္စကဋတ္တာရူပံ၊ ဟုဝိဘင်းထုတ်ရလေသည်။

(မှတ်ချက်၊ ၊ပဋိသန္ဓေအဗျာကတဝိဘင်း၌လည်း ..... ခန္ဓေပဋိစ္စဝတ္ထုံ၊ ဝတ္ထုံပဋိစ္စခန္ဓာ .. ဟူသောပါဠိမပါပေ)

---

### ဟေတုမူအညမညမူလက စတုတ္ထအချက်တိကတိသချာ အရကောက်အကျဉ်း၊

ဟေတုမူအညမညမူလကပါဠိတော်ခင်းအတိုင်း စတုတ္ထအချက် ...၌ တိကတိသချာသရုပ်မှာ(၁)ကုသလေနကုသလံ (၂)အကုသလေနအကုသလံ(၃)အဗျာကတေနအဗျာကတံဖြစ်လေသည်။

ထိုတွင်(၁)နှင့်(၂)ကို အာရမ္မဏမူလကအတိုင်း အရကောက်ဝိဘင်းထုတ်ရသည်။

(၃) ၌ပဝတ္တိပဋိသန္ဓေရုပ်သက်သက်သုံးမျိုးတို့တွင် ပဝတ္တိအဗျာကတမှာ အာရမ္မဏမူလကအတိုင်း အရကောက်၍ ပဋိသန္ဓေအဗျာကတဆိုရိုး၌ အဟိတ်အပေါင်း နာမက္ခန္ဓာဟဒယဝတ္ထုံပစ္စုပ္ပန်တရားရ၏...... ဟူသောစကားသာထူးသည်၊ အကြွင်းဟေတုမူအာရမ္မဏမူလကစတုတ္ထအချက်နှင့်အလုံးစုံတူ၏။

ရုပ်သက်သက်အဗျာကတဆိုရိုး၌လည်း ...... သဟိတ်ပဋိသန္ဓေမဟာ

## ဟေတုမူပုရေဇာတမူလက အရေအတွက်အကျဉ်း။

(၁) ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ မောဟမူနှင့်မောဟ၊ အဟိတ် ပဝတ္တိနာမက္ခန္ဓာလေးပါး၊ ပစ္စနီယာနုလောမ၊ နဟေတုပစ္စယာပုရေဇာ တေဒွေ၊

(၂) အရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါ မောဟမူနှင့် မောဟကြဉ်သောလောဘမူ မောဟမူ မဟာကုသိုလ် မဟာကြိယာ အရူပ ကြိယာ အထက်ဂေါ်သုံးခု ဖိုလ်လေးခု သဟိတ်ပဋိသန္ဓေနာမက္ခန္ဓာလေး ပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ အနုလောမပစ္စနိက်၊ ဟေတုပစ္စယာနပုရေဇာတေသတ္တ၊ သတ္တ—ဟူသောကား၊ (၁) ကုသ လေနကုသလံ (၂) ကုသလေနအဗျာကတံ (၃) အကုသလေနအကုသ လံ (၄) အကုသလေနအဗျာကတံ (၅) အဗျာကတေနအဗျာကတံ (၆) ကုသလာဗျာကတေနအဗျာကတံ (၇) အကုသလာဗျာကတေန အဗျာကတံ......ဟူသည်တည်း။

(၃) အရူပဘုံ၌မောဟမူနှင့်မောဟ၊ မနောဒွါရာဝဇ္ဇန်း၊ အဟိတ်ပဋိ သန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ်အာဟာရဇရုပ်ဥတုဇရုပ်အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇ ရုပ်၊ ပစ္စနိက်၊ နဟေတုပစ္စယာနပုရေဇာတေဒွေ။

(၄) ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါမောဟမူနှင့်မောဟ၊ အရူပ ဝိပါက်လေးခုကြဉ်သောသဟိတ်ပဝတ္တိနာမက္ခန္ဓာလေးပါး၊ အနုလုံ၊ ဟေ တုပစ္စယာပုရေဇာတေတီဏိ၊

---

ဘုတ်ကိုစွဲ၍ဖြစ်သော မဟာဘုတ်ပစ္စယုပ္ပန်တရား၏......ဟု ဆိုရခြင်း သာထူးသည်၊ အကြွင်းဟေတုမူအာရမ္မဏမူလကစတုက္ကအချက် ရုပ်အ ဗျာကတဆိုရိုးအတိုင်းဖြင့်၏၊

### ဟေတုမူနိဿယမူလက၊

ဟေတုမူနိဿယမူလက သည်၊ ဟေတုမူသဟဇာတမူလကနှင့် အ လုံးစုံတူ၏၊

## သဟဇာတာမူလကနှင့်တူသောပစ္စည်းမူလကများ။

(မေး) ဟေတုမူအာရမ္မဏာမူလကနှင့် အလုံးစုံတူသော မူလကများကိုထုတ်ပြပါ။

(ဖြေ) (၁) နိဿယမူလက (၂) အတ္ထိမူလက (၃) အဝိဂတမူလကတို့ဖြစ်ပါသည်။

### ဟေတုမူပုရေဇာတမူလကပဉ္စမအချက်အရကောက်အကျဉ်း။

ဟေတုမူပုရေဇာတမူလက မူ-နှ ဖြစ်ပဉ္စမအချက်၌ အကုသလေနအကုသလံအဗျာကတေနအဗျာကတံ နွေသချိုးနှစ်ချက်တို့တွင်၊ အကုသလော–ကတ္တားအရကောက်၌ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ဟုဆိုရခြင်းသာထူးသည်၊ အကြွင်းဟေတုမူအာရမ္မဏာမူလကပဉ္စမအချက် အတိုင်းဖြစ်၏။

အဗျာကတော– ကတ္တားကား၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အဟိတ်ဝိပါက်အဟိတ်ကြိယာ၊ ဆန္ဒကြဉ်သောအညသမာန်းဒွါဒသအဗိတ် အပိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော အဟိတ်ဝိပါက် အဟိတ်ကြိယာဆန္ဒကြဉ်သောအညသမာန်းစေတသိက်ဒွါဒသပစ္စယုပ္ပန်တရားနေ၏။

ဆိုရိုးပြုပုံ ကွဲပြားသော်လည်း ဟေတုမူအာရမ္မဏာမူလကပဉ္စမအချက်အဗျာကတောကတ္တားအရကောက်ဆိုရိုးနှင့် သဘောသွား အတူတူပင်ဖြစ်သည်။ဝိဘင်း၌ ဝတ္ထုံပုရေဇာတပစ္စယာ ....ဟု ထည့်၍ဆိုရခြင်းသာထူးသည်၊အကြွင်းအလုံးစုံတူ၏။

---

### ဟေတုမူပုရေဇာတမူလကဒုတိယအချက်သတ္တသချိုအရကောက်အကျဉ်း။

(၁) အကုသလေနကုသလံ .....၌ကတ္တားကား၊ အရူပဘုံ၌ဖြစ်သောအခါ မဟာကုသိုလ်ရှစ်ခု, အရူပကုသိုလ်လေးခု, အထက်မဂ်သုံးခု,စေဆတ္တိံသအဗိတ်အပိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သောမဟာကုသိုလ်ရှစ်ခုအရူပကုသိုလ်လေးခုအထက်မဂ်သုံးခုစေဆတ္တိံသအဗိတ်အပိတ်နာမက္ခန္ဓာ၊

(၂) ကုသလေနအဗျာကတံ ....၌ အဗျာကတော-ကဏ္ဍာကား၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်ဇောဝီထိ စေအုပ္ပတ်သဒ အဗိတ်အပေါင်းနှာမကျွန်ခြင်းကိုစွဲ၍ ဖြစ်သောဝိပ္ပါကအရုပ်ပစ္စယုပ္ပန်၊

(၃) အကုသလေန အကုသလံ .... ၌ကဏ္ဍာကား၊ အရူပဘုံ၌ဖြစ်သောအခါ လောဘမူရှစ်ခု မောဟမူနှစ်စေတေဝီသ အဗိတ် အဗိတ်နှာမကျွန်ခြင်းကိုစွဲ၍ ဖြစ်သောလောဘမူဝိတ်ရှစ်ခုမောဟမူနှစ်၊ မောဟမူနှစ်၌မောဟကြဉ်သောစေတေဝီသအဗိတ် အဗိတ်နှာမကျွန်ခြင်းပစ္စယုပ္ပန်၊

(၄) အကုသလေနအဗျာကတံ ၌ ကဏ္ဍာကား အာရုမ္မဏမူလက အတိုင်း၊

(၅) အဗျာကတေနအဗျာကတံ .....၌ ပဋိသန္ဓိအခါကဏ္ဍာကား။ အရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါမဟာကြိယာရှစ်ခု၊ အရူပကြိယာလေးခု၊ဖိုလ်လေးခုစေသတ္တိ သ အဗိတ်အဗိတ်နှာမကျွန်ခြင်းကိုစွဲ၍ ဖြစ်သောအရူပဝိပါက်လေးခု၊ အရူပဘုံ၌ဖြစ်သောအခါမဟာကြိယာရှစ်ခု၊ အရူပကြိယာလေးခု၊ဖိုလ်လေးခု၊ စေသတ္တိ သအဗိတ်အဗိတ်နှာမကျွန်ခြင်း။ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့၏ရတိကြဉ်သောသဟိတ်ဝိပါက်သတ္တရသ သဟိတ်ကြိယာသတ္တရသ စေအဗ္ဗတ်သအဗိတ် အပေါင်းနှာမကျွန်ခြင်းကိုစွဲ၍ ဖြစ်သောဝိပ္ပါကအရုပ်ပစ္စယုပ္ပန်။

(၆) ပဋိသန္ဓိအဗျာကတ ရုပ်သက်သက်အဗျာကတသည် ဟေတုဝိဘင်္ဂဝါရအတိုင်းဖြစ်၏၊

(၇) ကုသလာဗျာကတေနအဗျာကတံ .....၌ ကဏ္ဍာသည် ဟေတုဝိဘင်္ဂဝါရအတိုင်း။

(၈) အကုသလာဗျာကတေနအဗျာကတံ ...၌ကဏ္ဍာလည်း ၎င်းအတိုင်းဖြစ်၏၊

---

ဝိဘင်းပါဠိထုတ်ပုံ။

(၁) ကုသလံဓမ္မံပဋိစ္စကုသလောဓမ္မောဥပ္ပဇ္ဇတိ ဟေတုပစ္စယာ နှ၄ ရေဓာတပစ္စယာ(ဝိဝိ) အရူပကုသလံဇော်ခန္ဓံပဋိစ္စတယောခန္ဓာ(လ)ဒွေခန္ဓာ (အနုဝါဒ)

(၂) ကုသလံဓမ္မံပဋိစ္စအဗျာကတော ဓ(လ)နပုရေဇာတပစ္စယာ၊(၈၈) ကုသလေခန္ဓေပဋိစ္စဝိတ္တသမုဋ္ဌာနံရူပံ၊ (အနုပ၁၁)

(၃) အရူပေအကုသလံကော်ခန္ဓံ(လ)ဒွေခန္ဓာ။ (အနုပ၁၁)

(၄) အာသေဝနမူလကအတိုင်း။

(၅) အရူပေဝိပါကာဗျာကတံကိရိယာဗျာကတံကော်ခန္ဓံပဋိစ္စတယောခန္ဓာ(လ)ဒွေခန္ဓာ၊ ဝိပါကာဗျာကတေ ကိရိယာဗျာကတေခန္ဓေပဋိစ္စဝိတ္တသမုဋ္ဌာနံရူပံ ပဋိသန္ဓိက္ခဏေဝိပါကာဗျာကတံကော်ခန္ဓံပဋိစ္စတယောခန္ဓာ ကဋတ္တာစရူပံ (လ) ခန္ဓေပဋိစ္စဝတ္ထု၊ ဝတ္ထုံပဋိစ္စခန္ဓာ၊ ကော်မဟာဘူတံပဋိစ္စတယောမဟာဘူတာ (လ) မဟာဘူတေပဋိစ္စဝိတ္တသမုဋ္ဌာနံရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ။

(၆) (၇) ဟေတုဝိဘင်းအတိုင်း။

---

ဟေတုမူလပုရေဇာတမူလကတတိယအချက်၌ဒွေသချာ
အရကောက်အကျဉ်း။

(၁) အကုသလေနအကုသလံ......၌ ကဗ္ဗားကား၊ အရူပဘုံ၌ ၈၈ ကိစ္စာသဟဂုတ်ဥဒ္ဓစ္စသဟဂုတ်စေတနာသ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သောဝိဝိကိစ္စာသဟဂုတ်ဥဒ္ဓစ္စသဟဂုတ်၌မောဟပစ္စယပွန်၊

အရူပေဒိဝိကိစ္စာသဟဂတေဥဒ္ဓစ္စသဟဂတေ ခန္ဓေပဋိစ္စဝိဝိကိစ္စာသဟဂတောဥဒ္ဓစ္စသဟဂတောမောဟော။

(၂) အဗျာကတေနအဗျာကတံ . .၌ပဝတ္တိအခါကဗ္ဗားကား၊ အရူပဘုံ၌မနောဒွါရာဝဇ္ဇန်း၊ ဆန္ဒဝီရိယကြဉ်သောအညသမာန်း စေတသိက်တဆဲ့တခု၊ အစိတ်အစိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သောမနောဒွါရာဝဇ္ဇန်း၊ ဆန္ဒကြဉ်သောအညသမာန်းစေတသိက်တဆဲ့တခု၊ အစိတ်အစိတ်နာမက္ခန္ဓာ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နှေပဉ္စဝိညာဉ်တဆယ်ကြဉ်သော အဟိတ်ဝိပါက်အဟိတ်ကြိယာဆန္ဒကြဉ်သော အညသမာန်းစေတသိက်ဒွါဒသအစိတ်အပေါင်းနာမက္ခန္ဓာကိုစွဲ၍ဖြစ်သောစိတ္တဇရုပ်ပစ္စယုပ္ပန်၊

ပဋိသန္ဓေအခါကဗ္ဗားကား၊ အဟိတ်ပဋိသန္ဓေနှင့်ခုဆန္ဒဝီရိယဝိရိယကြဉ်သော အညသမာန်းစေတသိက် အစိတ်အစိတ် အစိတ်အပေါင်းနာ

**ဟေတုမူ အာသေဝနမူလက အရကောက်ဆိုရိုးအကျဉ်း။**

(၁) မောဟမူဒုတိယာဒိဇောသ္မိယှိသောမောဟ၊ ဟသိတုပ္ပါဒ်ဒုတိယာဒိဇော။ ပစ္စနီယာနုလောမ။ နဟေတုပစ္စယာ အာသေဝနေ ဒွေ၊

(၂) မောဟမူဧကွန္ဒ္မိမောဟကြဉ်သောအကုသိုလ်ဒွါဒသ၊ မဟာကုသိုလ်,မဟာကြိယာပဌမဇော၊ သဟိတ်ဝိပါက်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ သဟိတ်စိတ္တဇရုပ်,သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ အနုလောမပစ္စနိက်၊ ဟေတုပစ္စယာ နာသေဝနေ နဝ၊

(၃) မောဟမူပဌမဇောသ္မိယှိသော မောဟ၊ဟသိတုပ္ပါဒ်ပဌမဇော။ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်,အဟိတ်ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်,အာဟာရဇရုပ်, ဥတုဇရုပ်,အသညသတ်ကမ္မဇရုပ်,ပဝတ္တိကမ္မဇရုပ်၊ ပစ္စနိက်၊ နဟေတုပစ္စယာ နာသေဝနေ ဒွေ၊

(၄) မောဟမူဧကွန္ဒ္မိ မောဟကြဉ်သော အကုသိုလ်ဒွါဒသ၊ မဟာကုသိုလ်,မဟာကြိယာဒုတိယာဒိဇော၊မဟဂ္ဂုတ်ကုသိုလ်, မဟဂ္ဂုတ်ကြိယာ မဂ်လေးခုနာမက္ခန္ဓာ။ အနုလုံ၊ ဟေတုပစ္စယာ အာသေဝနေ တိဏိ၊

---

မက္ခန္ဓာဟဒယဝတ္ထုကိုခွဲ၍ဖြစ်သောအဟိတ်ပဋိသန္ဓေနှစ်ခု, ဆန္ဒဝိဟိဝိရိ သကြဉ်သော အညသမာန်းစေတဆယ်အပိတ်အစိတ် အပိတ်အပေါင်းနာ မက္ခန္ဓာကဋ္ဌာရုပ်ပစ္စယုပ္ပန်။

ရုပ်သက်သက်ကဏ္ဍားကား။ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော အဟိတ်ဝိပါက် အဟိတ်ကြိယာနာမက္ခန္ဓာတို့သည်ယထာရဟပြုအပ်သော အဟိတ်စိတ္တဇမဟာဘုတ်၊အဟိတ်ပဋိသန္ဓေနှစ်ခုနှင့်ယထာရဟအတူဥပါဒ်သောအဟိတ်ကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ်, အာဟာရဇမဟာဘုတ်, ဥတုဇမဟာဘုတ်, အသညသတ်ကမ္မဇမဟာဘုတ်,ပဝတ္တိကမ္မဇမဟာဘုတ်ကိုခွဲ၍ဖြစ်သော ဘုတ်နှင့်တကွသောစိတ္တဇဥပါဒါ,အဟိတ်ပဋိသန္ဓေကမ္မဇဥပါဒါ, ဗာဟိရဥပါဒါ,အာဟာရဇဥပါဒါ, ဥတုဇဥပါဒါ, အသညသတ်ကမ္မဇဥပါဒါ, ပဝတ္တိကမ္မဇဥပါဒါပစ္စယုပ္ပန်။

ဟေတုဒုပုရေဇာတမူလကစတုတ္ထအချက်တီကတိသင်္ချာ
အရကောက်ဆိုရိုးအကျဉ်း။

(၁) ကုသလေနကုသလံ......ကတ္တားကား။ ပုရေဇာတဝိဘင်္ဂဝါရအတိုင်းကောက်ဝိဘင်းရှုတ်၊

(၂) အကုသလေနအကုသလံ......၌ကတ္တားကား၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသစေသတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာကို ခွဲ၍ဖြစ်သော အကုသိုလ်ဒွါဒသ, မောဟမူဒွေ၌ မောဟကြဉ်သောစေသတ္တဝီသအစိတ်အစိတ်နာမက္ခန္ဓာပစ္စယုပ္ပန်၊ (ဝိဘင်းပုရေဇာတနှင့်တူ၏။)

(၃) အဗျာကတေနအဗျာကတံ....၌ ကတ္တားကား၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးရပ်ကြဉ်သော သဟိတ်ဝိပါက် သတ္တရသ,သဟိတ်ကြိယာသတ္တရသ, စေအဋ္ဌတိံသအစိတ်အစိတ်နာမက္ခန္ဓာကို ခွဲ၍ဖြစ်သော အရူပဝိပါက်လေးရပ်ကြဉ်သော သဟိတ်ဝိပါက်သတ္တရသ သဟိတ်ကြိယာသတ္တရသစေအဋ္ဌတိံသအစိတ်အစိတ်နာမက္ခန္ဓာ၊ (ဝိဘင်းကိုပုရေဇာတအတိုင်းရှုတ်။)

---

ဟေတုဒုအာသေဝနမူလကပဉ္စမအချက်ခွေသင်္ချာ
အရကောက်အကျဉ်း။

ဟေတုဒုအာသေဝနမူလက-ဒု-နှ-ဖြစ် ပဉ္စမအချက်၌ အကုသလေန အကုသလံ,အဗျာကတေနအဗျာကတံ......ဟုခွေသင်္ချာထွက်ရာ၊

(၁) အကုသလေနအကုသလံ ... ၌ကတ္တားကား။ မောဟမူဒုတိယာဝီဇောစေပန္နရသ အစိတ်အပေါင်း နာမက္ခန္ဓာကိုခွဲ၍ဖြစ်သော မောဟ။ (ဝိဘင်းဟောမြဲ)

(၂) အဗျာကတေနအဗျာကတံ.....၌ကတ္တားကား၊ ဟသိတုပ္ပါဒ်ဒုတိယာဝီဇော၊ ဆန္ဒကြဉ်သောအညသမာန်းဒွါဒသ အစိတ်အစိတ်နာမက္ခန္ဓာကိုခွဲ၍ဖြစ်သော ဟသိတုပ္ပါဒ်ဒုတိယာဝီဇော၊ ဆန္ဒကြဉ်သောအညသမာန်းဒွါဒသ အစိတ်အစိတ်နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏။

(ဝိဘင်း) အဟေတုကကြိယာဗျာကတံကော်ခဲ့ပဋိစ္စတယောခန္ဓာ (လ) ခွေခန္ဓာ၊

**ဟေတုမူအာသေဝနမူလက ဒုတိယ အချက်နဝ**
**အရကောက်အကျဉ်း။**

ဟေတုမူအာသေဝနမူလက.....မူ-သိ-နှ ဖြစ်ဒုတိယအချက်၌ နဝသင်္ချာ ထွက်လေရာ။

(၁) ကုသလေနကုသလံ......၌ ကဏ္ဍားကား၊ မဟာကုသိုလ်ပဌမဈော စေအဋ္ဌတိံသ အပိတ်အပိတ် နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော မဟာကုသိုလ်ပဌမဈော စေအဋ္ဌတိံသ အပိတ်အပိတ်နာမက္ခန္ဓာ၊ (ဝိဘင်းကိုဟေတုဝိဘင်းအတိုင်းရွတ်)

(၂) ကုသလေနအဗျာကတံကို ဟေတုအတိုင်းကောက်ဝိဘင်းရွတ်။

(၃) ကုသလေနကုသလာဗျာကတံ.....၌ကဏ္ဍားကား။ ပဉ္စဝေါကာရဘုံ၌ မဟာကုသိုလ်ပဌမဈော၊ စေအဋ္ဌတိံသ အပိတ်အပိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော မဟာကုသိုလ်ပဌမဈော။ စေအဋ္ဌတိံသ အပိတ်အပိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်၊ (ဝိဘင်းကိုဟေတုဝိဘင်းအတိုင်းရွတ်)

(၄) အကုသလေနအကုသလံ.....၌ ကဏ္ဍားကား၊ အကုသိုလ်ဒွါဒသ ပဌမဈော။ စေသတ္တဝီသ အပိတ်အပိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော အကုသိုလ်ဒွါဒသပဌမဈော၊ မောဟမူဒွေမောဟကြဉ်သော စေသတ္တဝီသ အပိတ်အပိတ်နာမက္ခန္ဓာပစ္စယုပ္ပန်၊ (ဝိဘင်းဟေတုအတိုင်း)

(၅) အကုသလေနအဗျာကတံကို ဟေတုအတိုင်းကောက် ဝိဘင်းရွတ်။

(၆) အကုသလေနအကုသလာဗျာကတံ.....၌ ကဏ္ဍားကား၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ပဌမဈော။ စေသတ္တဝီသ အပိတ်အပိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော အကုသိုလ်ဒွါဒသ ပဌမဈော။ မောဟမူဒွေ၌မောဟကြဉ်သော စေသတ္တဝီသ အပိတ်အပိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်၊

(၇) အဗျာကတေနအဗျာကတံ......၌ ကဏ္ဍားကား၊ မဟာကြိယာ ပဌမဈောသဟိတ်ဝိပါက်ဧကဝီသ စေအဋ္ဌတိံသ အပိတ် အပိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သောမဟာကြိယာပဌမဈော သဟိတ်ဝိပါက်ဧကဝီသ စေအဋ္ဌတိံသ အပိတ်အပိတ်နာမက္ခန္ဓာ ထိုနာမက္ခန္ဓာပြုအပ်သောစိတ္တဇရုပ်၊

ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကြိယာကိုးခု,ဝေပဉ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကိုဖွဲ့၍ ဖြစ်သောစိတ္တဇရုပ်။ (ပဋိသန္ဓေရုပ်သက်သက်ကိုဟေတုအတိုင်းကောက် ဝိဘင်းရှုတ်လေ၊)

(ဂ) ကုသလာဗျာကတေနအဗျာကတံ၊ (ဃ) အကုသလာအဗျာကတေနအဗျာကတံ ....ကိုလည်း ဟေတုအတိုင်း အရကောက်ဝိဘင်းရှုတ်လေ၊

---

ဟေတုဒုကအာသေဝနမူလက တတိယအချက်ခွေအရကောက်၊

(၁) ဟေတုဒုကအာသေဝနမူလက မှ-မူလ်နှစ်ပါးစုံ-နှ-ဖြစ် တတိယ အချက်၌ အကုသလေနအကုသလံ၊ အဗျာကတေနအဗျာကတံ.....ဟုခွေ သင်္ချာတွက်လေရာ။

(၁) အကုသလေနအကုသလံ ....၌ ကဏ္ဍားကား၊ ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဒစ္စသဟဂုတ်ပဌမဇော စေဒ္ဒသအစိတ်အပေါင်း နာမက္ခန္ဓာကိုဖွဲ့ ၍ဖြစ်သောမောဟပစ္စယုပ္ပန်။ (ဝိဘင်းထုတ်မြီး)

(၂) အဗျာကတေနအဗျာကတံ.....၌ ပဝတ္တိအခါကဏ္ဍားကား၊ ဟသိတုပ္ပါဒ်ပဌမဇော၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ်သတ္တရသ၊ ဆန္ဒကြဉ်သောအညသမာန်းဒွါဒသ၊အစိတ်အစိတ်နာမက္ခန္ဓာကိုဖွဲ့၍ဖြစ်သော ဟသိတုပ္ပါဒ်ပဌမဇော၊ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ်သတ္တရသ၊ဆန္ဒကြဉ်သောအညသမာန်းဒွါဒသအစိတ်အစိတ်နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြု အပ်သောစိတ္တဇရုပ် ဟသိတုပ္ပါဒ်ဒုတိယဇော ဆန္ဒကြဉ်သော အညသ မာန်းဒွါဒသ အစိတ်အပေါင်း နာမက္ခန္ဓာကိုဖွဲ့၍ဖြစ်သော စိတ္တဇရုပ်ပစ္စ ယုပ္ပန်။

ပဋိသန္ဓေအခါ အဟိတ်ပဋိသန္ဓေနှစ်ခု,ဆန္ဒပီတိဝိရိယကြဉ်သောအည သမာန်းစေတသိက်တဆယ် အစိတ်အစိတ်နာမက္ခန္ဓာ ဟဒယဝတ္ထုကိုဖွဲ့ ၍ဖြစ်သော အဟိတ်ပဋိသန္ဓေနှစ်ခု, ဆန္ဒပီတိဝိရိယကြဉ်သော အညသ မာန်းစေတသိက်တဆယ် အစိတ်အစိတ် အစိတ်အပေါင်းနာမက္ခန္ဓာပစ္စ ယုပ္ပန်၊

(ရုပ်သက်သက်ကိုလည်းအာရမ္မဏမူလကအတိုင်းကောက်ဝိဘင်းလည်းတူ၏)

ဟေတုဒုကမ္မမူလကအရကောက်ဆိုရိုးအကျဉ်း။

(၁) မောဟမူနွေ၌မောဟ၊ ကြိယာစေတနာကြဉ်သော အဟိတ်ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ အဟိတ်ပဋိသန္ဓေဇရုပ်, အဟိတ်ပဋိသန္ဓေကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်၊ ပစ္စနီယာနုလောမ။ နဟေတုပစ္စယာကမ္မေ ဒွေ။

(၂) ကုသိုလ် အကုသိုလ်သဟိတ်ကြိယာစေတနာ၊ အနုလောမပစ္စနိက်။ နဟေတုပစ္စယာနကမ္မေ တီဏိ။

(၃) အဟိတ်ကြိယာစေတနာ, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, ပစ္စနိက်၊ နဟေတုပစ္စယာနကမ္မေ ဧကံ။

(၄) မောဟမူနွေ၌မောဟ, ကုသိုလ်အကုသိုလ်ကြိယာစေတနာကြဉ်သော သဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ သဟိတ်ပဋိသန္ဓေဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ အနုလုံ၊ ဟေတုပစ္စယာကမ္မေ နဝ

---

ဟေတုဒုအာသေဝနမူလကစတုက္ကအချက်တီလီသင်္ချာ
အရကောက်။

(၁) ကုသလေနကုသလံ.....အာသေဝန—အတိုင်းကောက်၊ ဝိဘင်း ရွတ်။

(၂) အကုသလေနအကုသလံ.....၌ ကဏ္ဍားကား၊ အကုသိုလ်ဒွါဒသ ဒုတိယာဒိဇော စေသဏ္ဍဝိသ အပိတ်အပိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော အကုသိုလ်ဒွါဒသဒုတိယာဒိဇော မောဟမူနွေ၌ မောဟကြဉ်သော စေသဏ္ဍဝိသအပိတ်အပိတ်နာမက္ခန္ဓာ၊

(၃) အဗျာကတေနအဗျာကတံ .....၌ကဏ္ဍားကား၊ မဟာကြိယာဒုတိယာဒိဇော, မဟဂ္ဂုတ်ကြိယာကိုးခု စေပဉ္စတိံသ၊ အပိတ်အပိတ်(လ)စေပဉ္စတိံသအပိတ်အပိတ်နာမက္ခန္ဓာပစ္စယုပ္ပန်တရားချ၏။ (ဝိဘင်းအာသေဝန အတိုင်းရွတ်။)

---

ဟေတုဒုကမ္မမူလကပဋ္ဌမအချက်ဒွေသင်္ချာအရကောက်။

ဟေတုမူကမ္မမူလက မှ နှ-မြစ်ပဋ္ဌမအချက်၌ (၁) အကုသလေနအကုသလံ (၂) အဗျာကတေနအဗျာကတံ.... ဟုဒွေသင်္ချာထွက်ရာ။

(၁) အကုသလေနအကုသလံ .. ၌ကဏ္ဍားကား။(အရကောက် မြီးဝိဘင်း ထုတ်မြဲ။)

(၂) အဗျာကတေနအဗျာကတံ....၌ ပစ္စဂ္ဂိအခါ ကဏ္ဍားကား၊ အဟိတ်ပိတ်အဋ္ဌာရသ ဆန္ဒကြဉ်သောအညသမာန်းဒွါဒသအပိတ်အပိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော အဟိတ်ပိတ်အဋ္ဌာရသ ဆန္ဒကြဉ်သောအညသမာန်းဒွါဒသ အပိတ်အပိတ်နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော အဟိတ်ပိဏ္ဍဇရုပ်ပစ္စယုပ္ပန်။

